စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal
www.industry.gov.mm

အတွဲ ၇ ၊ အမှတ် ၁၄ ၂၀၁၄ ခုနှစ် ၊ ဩဂုတ်လ

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ခရီးစဉ်အတွင်း ကျောင်းသုံးဗလာစာအုပ် ၄,၃၄၅ ဒါဇင်၊
ဘောလ်ပင် ၄၄,၇၄၂ ချောင်း၊ Skynet ရုပ်သံဖမ်းစက် ၁၁ စုံ၊
ပန်းပေါင်းစုံဖူးဒွရုပ်ပွားတော် ၇၀၀ ဆူနှင့်
ကျား/မဝတ်စုံများ၊ အိုးခွက်ပန်းကန်များ၊ အမျိုးသမီးရေးရာဝတ်စုံများနှင့်
ထောက်ပံ့လှူဒါန်းငွေ ၁၀,၅၇၀,၀၀၀/- (ကျပ် တစ်ရာ့ငါးသိန်းခုနစ်သောင်း) တို့ကို
ပေးအပ်လှူဒါန်းခဲ့

စာမျက်နှာ ၂ သို့ -



## "ဟာဝန်သိမှု၊ ဟာဝန်ယူမှုဖြင့်ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပ

စာမျက်နှာ ၅ သို့ -





## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စက်မှုနှင့်အသက်မွေးပညာရွှေ့လျားသင်တန်းများတွင် အသုံးပြုမည့် (Mobile Vocational Training Unit ) အား ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၂ သို့ -








**မျက်နှာဖုံးမှ -**

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအား တတိယအဆင့် (Third Wave) အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာ၊ အတတ်ပညာများဖွံ့ဖြိုးတိုးတက်စေရေး ပြည်နယ်/တိုင်းဒေသကြီးများသို့ သွားရောက်ခဲ့သည့် Delivery Unit များ၏ဖော်ထုတ်တွေ့ရှိချက်များအရ




စက်မှုဝန်ကြီးဌာနသည် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) များကို ကျေးလက်ဒေသအရောက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင်လ ၂၃ ရက်နေ့ နံနက် ၈ နာရီတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) များတွင် အသုံးပြုမည့် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ တပ်ဆင်ထုတ်လုပ်သောသင်ကြားရေး ရွေ့လျားမော်တော်ယာဉ်အားကြည့်ရှုစစ်ဆေးပြီး ရွေ့လျားသင်တန်းများ အဆက်မပြတ်ဖွင့်လှစ်နိုင်ရေး၊ အခြားဝန်ကြီးဌာနများမှ ဆောင်ရွက်မည့် ရွေ့လျားသင်တန်းများအတွက် ယခုကဲ့သို့ သင်ကြားရေး ရွေ့လျားမော်တော်ယာဉ်လိုအပ်ချက်များရှိပါကလည်း ထုတ်လုပ်တပ်ဆင်ဆောင်ရွက်ပေးရေးတို့ကို လမ်းညွှန်မှာကြားသည်။

အဆိုပါ သင်ကြားရေးရွေ့လျားမော်တော်ယာဉ်မှာ 336HP Diesel Engine တပ်ဆင်ထားသော Howo Cargo Truck အမျိုးအစားဖြစ်ပြီး ယင်းအပေါ်၌ အလျား ၆၀ ၂၀၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ကွန်တိန်နာအား တပ်ဆင်အထိုင်ချကာ ကွန်တိန်နာအတွင်းပိုင်း၌ 10KVA မီးစက်တစ်လုံး၊ 1.5HP Split Type အမျိုးအစား Aircon ၁ လုံး၊ နံရံကပ်ပန်ကာ ၃ လုံး၊ သင်ထောက်ကူပစ္စည်း ခေါက်စားပွဲ ၂ လုံး၊ Projector Wall ၁ ခုဖြည့်ဆည်းတပ်ဆင်ထားသည်။ အခင်းမှာ ကိုရီးယား Liminated Floor ဖြစ်ပြီး ဘေးအကာမှာ Insulated Aluminium Composite ဖြစ်သည်။ Generator အပြင် 220V Single Phase ဖြင့် အသုံးပြုသင်ကြားနိုင်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) ကို မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကမ္မစံပြကျေးရွာ၌ ဇူလိုင်လ ၈ ရက်နေ့မှ ၁၈ ရက်နေ့အထိ (၁၀) ရက်ကြာဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၅ ဦးတက်ရောက်အောင်မြင်ခဲ့သည်။ အဆိုပါသင်တန်း၌ ဒေသနှင့်ကိုက်ညီသော စက်မှုအခြေခံပညာရပ်များဖြစ်သည့် သံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတို့ကို သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း၊ ဒုတိယအကြိမ်သင်တန်းကို ပခုက္ကူခရိုင်၊ မြစ်ခြေတိုက်နယ်၌ ဇူလိုင်လ ၂၈ ရက်နေ့တွင် ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ နောင် Mobile Vocational Training Unit များထပ်မံတိုးချဲ့ပြီး သင်တန်းများအဆက်မပြတ်ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**RESOURCES ARE LIMITED**

**CREATIVITY IS UNLIMITED**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**မျက်နှာဖုံးမှ -**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဇူလိုင်လ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်သို့ သွားရောက်ခဲ့သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် မင်းကင်းမြို့နယ် သင်တောကျေးရွာ၊ သံပေါက်ကျေးရွာနှင့် မောက္ကတော်ကျေးရွာများသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ၊ အမျိုးသမီးရေးရာဝတ်စုံများ၊ Skynet ရုပ်သံဖမ်းစက်များ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် သံပေါက်ကျေးရွာရှိ ဓမ္မဝိဟာရ သံပေါက်ကျောင်းဆရာတော်အားဖူးမြော်ပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ သံပေါက်ကျေးရွာ ရေဘေးဒုက္ခသည် အိမ်ထောင်စု ၄၁ စုတို့အတွက် အဝတ်အထည်နှင့် အိုးခွက်ပန်းကန်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် မင်းကင်းမြို့နယ် ကုလဲကျေးရွာ၊ ကံကျေးရွာနှင့်ညောင်ကုန်းကျေးရွာများသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ ဒေသခံမိဘပြည်သူများ၊ ကျောင်းသား/ကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စပါးခွံလောင်စာသုံး ဓါတ်ငွေ့ (Gasifier) များဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးပြောကြားကာ ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ၊ အမျိုးသမီးရေးရာဝတ်စုံများ၊ Skynet ရုပ်သံ ဖမ်းစက်များ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် နှစ်တစ်ရာကျော်သက်တမ်းရှိ ကံကျေးရွာ သာသနာ့ဥဇ္ဇရည်ကျောင်းတိုက်ကြီးအား ရှေးမူမပျက် ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး ကန်ကျောင်းဆရာတော်နှင့် ညောင်ကုန်းဆရာတော်တို့အား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းခဲ့သည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော် (မင်းကင်းမြို့) ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်ဖွင့်လှစ်အားပေးပြီး မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာများ၊ နိုင်ငံတော်တည်ဆောက်ရေးတွင် လက်တွဲပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို မှာကြားပြီး ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရှင် ၁၀၇ ဦးတို့အား ဂုဏ်ထူးတစ်ဘာသာလျှင် ကျပ် ၂၀,၀၀၀ နှုန်းဖြင့် ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ်သည်။ ထို့အပြင် မင်းကင်းအခြေခံပညာအထက်တန်းကျောင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အတွက် အလှူငွေများ ထောက်ပံ့ပေးအပ်ပြီး ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ Skynet ရုပ်သံဖမ်းစက်နှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် လျှော်ဖြူပင်ကျေးရွာ၊ ကြေကျေးရွာနှင့် ချောင်းဝကျေးရွာများသို့ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ

စာမျက်နှာ ၅ သို့ -

သတင်း

# စက်မှုဝန်ကြီးဌာန နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ



စက်မှုဝန်ကြီးဌာန နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်လ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သီရိဂန္ဓမာသပြေအေးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာလာ၊ သီရိမင်္ဂလာဘုံမြင့်ကျောင်း၊ တပ်ဦးကျောင်း၊ အေးမြရွှေပြည်ကျောင်း၊ စိန္တာမုနိကျောင်း၊ ကျောင်းသစ်ကျောင်း၊ မြို့လယ်ကျောင်း၊ အုံးတောတောင်ကျောင်း၊ စမ်းမြိုင်တောရကျောင်းနှင့် မစိုးရိမ်တိုက်သစ်ကျောင်းတို့မှ သံဃာတော် ၁၅ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း ပဓာနနာယကဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး အမှူးပြုသောပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများက မေတ္တသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဌာနအကြီးအကဲများနှင့်ဇနီးများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီရိဂန္ဓမာသပြေအေးမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံအတွင်း မြွေကိုက်ခံရမှုပြဿနာ ဖြေရှင်းနိုင်ရေးဆိုင်ရာဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံအတွင်း မြွေကိုက်ခံရမှုပြဿနာ ဖြေရှင်းနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲ (Seminar On Snake Problem in Myanmar) ကို ဇူလိုင်လ ၁၀ ရက်နေ့ နေ့လယ် ၁ နာရီက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြွေကိုက်ခံရမှုပြဿနာသည် မြန်မာနိုင်ငံ၏အဓိကကျန်းမာရေးပြဿနာများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မြွေကိုက်ခံရမှု အန္တရာယ်ဖြစ်နိုင်မှုမှာ ကိုက်သည့်မြွေမျိုးစိတ်၊ အကိုက်ခံရသည့်နေရာ၊ မြွေဆိပ်ဝင်ရောက်မှုပမာဏ၊ အကိုက်ခံရသူ၏ကျန်းမာရေးအခြေအနေအပေါ်တွင် များစွာမူတည်နေပါကြောင်း၊ ဆေးရုံသို့ရောက်ရှိသည့် တရားဝင်စာရင်းဇယားများအရ ၂၀၁၂ ခုနှစ်တွင် မြွေကိုက်မှုဖြစ်စဉ် (၁၃,၈၆၇) ခု ဖြစ်ပွားခဲ့ပြီး (၂၈၅) ဦး သေဆုံးခဲ့ကြောင်း၊ ရိုးရာနည်းပညာများဖြင့်ကုသပြီး ဆေးရုံသို့မလာရောက်သောသူများလည်းရှိနိုင်ပါကြောင်း၊ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှ မြွေဆိပ်ဖြေဆေးများကို ၁၉၆၅ ခုနှစ်တွင် မြင်းများ၏ သွေးကိုအသုံးပြုကာ စတင်ထုတ်လုပ်ခဲ့ပါကြောင်း၊ သိုးများ၏သွေးကို အသုံးပြုကာ မြွေပွေးအဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရန် ၂၀၀၇ ခုနှစ်မှ စတင်ကြိုးပမ်းခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အသက်ကယ်နိုင်သော ဆေးဝါးများအဖြစ် ဈေးကွက်သို့ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှုလိုအပ်ချက်နှင့် လက်ရှိထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းများအခြေအနေအား အထူးဂရုပြုပြောကြားလိုကြောင်း၊ မိမိတို့ စက်ရုံမှထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများသည် မိမိနိုင်ငံအတွင်းရှိ မြွေများမှ အဆိပ်များကိုအသုံးပြု၍ ၎င်းအဆိပ်များကို ခံနိုင်ရည်ရှိသော မြင်းနှင့်သိုးများမှ ထုတ်လုပ်ထားသည့်အတွက် ကျန်မြွေဆိပ်ဖြေဆေးများထက် ပိုမိုထိရောက်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ မြွေဆိပ်ဖြေဆေးလိုအပ်ချက်မှာ တစ်နှစ်လျှင် (၁၀၀,၀၀၀) လုံးခန့်ဖြစ်သော်လည်း အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှ တစ်နှစ်လျှင် (၆၀,၀၀၀) လုံးခန့်သာထုတ်လုပ်နိုင်ပါကြောင်း၊ မိမိတို့၏ကျွမ်းကျင်မှု၊ နည်းပညာနှင့် ငွေကြေးဆိုင်ရာကန့်သတ်မှုများရှိသော်လည်း မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုကိုတိုးမြှင့်ရန်နှင့် အရည်အသွေးမြှင့်တင်ရန်အတွက် များစွာကြိုးစားနေပါကြောင်း၊ တချိန်တည်းတွင် မိမိတို့ မြွေဆိပ်ဖြေဆေးမှာ အရည်အဖြစ်ထုတ်လုပ်သည့်အတွက် ဆေးထားသိုမှုနှင့်အရည်အသွေးဆိုင်ရာ ပြဿနာများကိုလည်း ထည့်သွင်းစဉ်းစားရကြောင်း၊ မြွေဆိပ်ဖြေဆေးအရည်၏ အရည်အသွေးတည်ငြိမ်ရန်အတွက် အပူချိန် 2º C နှင့် 8º C ထားရှိနိုင်ရေးမှာ ဆေးရုံများအတွက်အဓိကအခက်အခဲဖြစ်ပြီး နိုင်ငံတော်ခါတ်အားလိုင်းများနှင့် ဝေးကွာသောကျေးလက်များအတွက် လုံးဝမဖြစ်နိုင်သောအခြေအနေဖြစ်၍ ယင်းအခက်အခဲများကို ဖြေရှင်းရန် ကူညီသောအဖွဲ့အား များစွာကျေးဇူးတင်ရှိကြောင်း၊ ထုတ်လုပ်မှုနည်းပညာများမြှင့်တင်ရန် လိုအပ်သကဲ့သို့ မြွေအန္တရာယ်ပညာပေးခြင်း၊ ကုသမှုနှင့် ကာကွယ်မှုဆိုင်ရာ ပညာပေးခြင်းများဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ မြွေဆိပ်ဖြေဆေးထိရောက်စွာ ဖြန့်ဖြူးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း မြွေကိုက်ခံရချိန်တွင် အရေးပေါ်ကုသမှုဆိုင်ရာ သင်တန်းများပေးခြင်းသည်လည်း မြွေကိုက်မှုကြောင့် သေဆုံးနှုန်းကိုလျှော့ချနိုင်မည့် နည်းလမ်းများဖြစ်ကြောင်း၊ မြွေကိုက်ပြဿနာနှင့် ဆက်စပ်ပြဿနာများအား အသေးစိတ်ဆွေးနွေး၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် အဖြေများအားရှာဖွေနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပ

**စာမျက်နှာ ၅ သို့ -**

ဆောင်းပါး

# အမူအကျင့်လေးတွေ ပြင်ကြစို့လေ




အေးဖြူ

ကျွန်မတို့ မြန်မာလူမျိုးများအတွက် အကြောင်းနဲ့အကျိုးဆိုတဲ့ ဆက်စပ်မှုလေးကိုနားယဉ်နေကြပါပြီ။ အကြောင်းရှိလို့ အကျိုးဆိုတာက ဖြစ်လာရတာလေ။ အစိုးရသစ်၊ မူဝါဒသစ်တွေနဲ့ ဒီမိုကရေစီနိုင်ငံသစ်ဆီကို ရှေ့ရှုချီတက်နေကြတဲ့အခါသမယမှာ နိုင်ငံသားတွေရဲ့ နဂိုမူလအချိုးမပြေတဲ့ Mindset လေးတွေလည်း ပြောင်းကြဖို့လိုပြီလို့ ရေးကြပြောကြတဲ့သတင်းစကား၊ ဆောင်းပါးတွေကို ဂျာနယ်များမှာ မကြာမကြာဖတ်ရပါတယ်။ စိတ်နေသဘောထား၊ ခံယူချက်အတွေးအခေါ်ယူဆမှုများဆိုင်ရာ 'Mindset' ကိုပြောင်းဖို့လိုသလိုပဲ၊ လူတွေအထူးသဖြင့် လူအများနဲ့အဖွဲ့အစည်းနဲ့လုပ်ကြရတဲ့ လုပ်ငန်းခွင်တွေမှာ ယနေ့တိုင်တွေ့မြင်နေကြရတဲ့ အပြုအမူဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Attitude Reform) ဆိုတာလည်း ပြောင်းဖို့လိုမယ်ထင်ပါတယ်။

ဘာကြောင့်မို့ ဒီလိုအခြေအနေကို ရောက်အောင်ဖြစ်သွားရတာလဲဆိုတဲ့ အကြောင်းကို စဉ်းစားတွေးတောရှာဖွေမနေတော့ဘဲ ဖြစ်ပြီးအခြေအနေမှ အကောင်းဖက်ကို ဦးတည်ပြောင်းလဲနိုင်အောင် တစ်ဦးချင်းအနေနဲ့ရော၊ အဖွဲ့အစည်းအနေနဲ့ပါ ဝိုင်းဝန်းကြိုးပမ်းသွားကြဖို့ ဖြစ်ပါတယ်။

ပထမဆုံးပြောင်းပစ်ရမှာက အချိန်ကိုလေးစားမှုပါပဲ။ အမှန်တော့ Punctuality လို့ဆိုတဲ့ အချိန်တိကျမှန်ကန်မှုက ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် လေးစားဖွယ်ကိုယ်ပိုင်အရည်အချင်းတစ်ခုပါပဲ။ အစည်းအဝေးတွေ၊ အခမ်းအနားတွေကို ညွှန်းထားတဲ့အချိန်အတိုင်း စတင်နိုင်ဖို့ အရေးကြီးပါတယ်။ ခေတ်စနစ်အရွေ့မှာ 'လူကြီးမရောက်လာလို့၊ လူကြီးကိုစောင့်ရလို့' ဆိုတဲ့ အကြောင်းတွေနဲ့အချိန်မလေးစားမှုဆိုတာက အလိုအလျောက်ပြစ်ချက်မြောက်သွားတယ်။ တစ်ဦးတစ်ယောက်ကြောင့် အချိန်အတိအကျမလိုက်နာနိုင်တာတွေရဲ့နောက်ကွယ်မှာ သာမန်လူတွေမသိနိုင်တဲ့ အကြောင်းချင်းရာတွေလည်း အမျိုးမျိုးရှိကြတာကြောင့် ဒါတွေအတွက်ကို အထူးအထွေမပြောလိုပါ။

မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာပြန်လည်ဂုဏ်ယူဝင့်ကြွားနိုင်မယ့် ခြေလှမ်းအစလေးများ ရလာပြီးတဲ့နောက်၊ မြန်မာလူမျိုးများရဲ့ အချိန်ကိုလေးစားမှုအတွက် နိုင်ငံခြားသားတွေအလယ်မှာ မျက်နှာပျက်ဂုဏ်မငယ်ရအောင် ပြုပြင်ရမှာဖြစ်ပါတယ်။ တူမလေးပြောဖူးတဲ့ ဥက္ကဋ္ဌကြီးအကြောင်းလေးလည်း ကြားမိထားတော့ ဒီလိုဖြစ်စဉ်လေးတွေမရှိရအောင် အလေးထားကြရပါမယ်။ မြို့ထဲမှ အစည်းအဝေးတစ်ခု နေ့လယ် ၁ နာရီသွားရမှာရှိတာကို ကိစ္စလေးတစ်ခုမပြတ်သေးတာနဲ့ ၁ နာရီကျော်ပြီ၊ မထွက်နိုင်သေးဘူး။ နောက်မှလုပ်လို့ရတဲ့ကိစ္စမှန်းလည်း ရုံးမှလူတွေအားလုံးသိတယ်။ အရေးကြီးပုဂ္ဂိုလ်မို့ ဟိုဘက်ကလည်း ၁ နာရီမထိုးခင် ဖုန်းနဲ့ဆက်မေးတာ နှစ်ခါရှိပြီ။ လာနိုင်၊ မလာနိုင်ပေါ့။ နောက်ဆုံး ၁ နာရီ မိနစ် ၂၀ မှာ ရုံးမှကားနဲ့ထွက်သွားတယ်။ တံခါးဝပဲရောက်သေးတယ်၊ ဖုန်းလာပြီ။ ဥက္ကဋ္ဌကြီးကနောက်လှည့်ပြီး ဖုန်းကိုင်တဲ့တူမလေးကိုထွက်သွားတာ ၁၅ မိနစ်ရှိပြီလို့ ပြောလိုက်တဲ့။

အချိန်ကိုမလေးစားတဲ့သူတွေက မိမိတန်ဖိုးကို မိမိနိမ့်အောင်လုပ်နေတာနဲ့တူပါတယ်။ အလုပ်ခွင်တွေမှာ ရုံးတက်ရုံးဆင်းစနစ်တကျလက်မှတ်ထိုး မှတ်တမ်းတင်တဲ့စနစ်မျိုးမရှိရင် သာမန်ဖြစ်နေကျ မလိုလားအပ်တဲ့ အမူကိစ္စတွေရှိတတ်တာ သဘာဝပါပဲ။ နည်းပညာနဲ့အလုပ်လာချိန် + အလုပ်မှပြန်ချိန် အလုပ်သမားတစ်ဦးချင်းအတွက် မှတ်တမ်းတင်တဲ့အဖွဲ့အစည်းတွေမှာ ဒီလိုပြဿနာတွေ မရှိတတ်ပါဘူး။ စနစ်တကျစိစစ် စစ်ဆေးမှုမရှိရင် မှန်ကန်မှုဆိုတာ အာမမခံနိုင်တဲ့အခြေအနေပါ။ အချို့ဌာနများ၌ နံနက်အလုပ်ခွင်ဝင်ရင် လက်မှတ်ထိုးရတယ်။ ညနေပြန်ရင် တစ်ခါလက်မှတ်ထိုးပြီးမှ ရုံးဆင်းရတယ်။ ဒါကိုပဲ နံနက်အလုပ်ရောက်ချိန်လက်မှတ်ထိုးရင်းနဲ့ ညနေအတွက်ပါ တစ်ပါတည်းထိုးလိုက်သူတွေလည်း ကြုံဖူးပါတယ်။ မနက်ပိုင်း စာသင်ချိန်သာရှိပြီး မွန်းလွဲပိုင်းစာသင်ချိန်မရှိတဲ့ ဌာနအသီးသီးမှဆရာ၊ ဆရာမလေးများ၊ ဝန်ထမ်းလေးများ၊ ထီးနဲ့ဆွဲခြင်း စားပွဲမှာထား၊ တိုက်ပုံအင်္ကျီကုလားထိုင်မှာချိတ်ခဲ့လို့ မနက်အတန်းပြီးတာနဲ့ တစ်နေ့လုံး ရှာမတွေ့တော့တာလည်း မကြာမကြာဖြစ်ပါတယ်။ ဒီထက်ဆိုးတာက မိမိအတန်းမရှိတဲ့နေ့ဆိုရင် ဌာနကိုတောင် မျက်နှာလာမပြတော့တဲ့ ဝန်ထမ်းမျိုးရှိတယ်ဆိုတာလည်း ကြားဖူးပါတယ်။ ဒါကတော့ ကိုယ်ကိုယ်တိုင်ကျင့်သုံးရမယ့် Work ethic မရှိတာပေါ့လေ။

၂ နှစ်လောက်ကမှ ရန်ကုန်မှာရုံးလာဖွင့်တဲ့ကုမ္ပဏီရဲ့အကြီးအကဲ နိုင်ငံခြားသားသူငယ်ချင်းကပြောတယ်။ မြန်မာဝန်ထမ်းများက အလုပ်မှာ Committed မဖြစ်ကြဖူးတဲ့။ သူကြုံတွေ့ရတဲ့ ၂ နှစ်ကာလ အတွေ့အကြုံကိုဖလှယ်တာပါ။ ရုံးခန်းဖွင့်စမှာ အခြေအနေမသိသေးတာကြောင့် ရုံးတက်ရုံးဆင်းချိန် စနစ်တကျမှတ်တမ်းမထားပါဘူး။ ဘာတွေ့လာလဲဆိုတော့ ဝန်ထမ်းသုံးပုံနှစ်ပုံလောက်က တစ်ပတ်ကိုသုံးရက်လောက် ရုံးနောက်ကျတယ်။ ရန်ကုန် Traffic ကလည်း သိတဲ့အတိုင်းပဲလေ။ မလုပ်ချင်သော်လည်း ကိုယ့်လုပ်ငန်းအတွက် Time-clock ထားလိုက်ရတယ်။ ဒါမှပဲ ရုံးတက်ချိန်မှန်သွားတော့တယ်။ ရုံးဆင်းချိန်ကျတော့ လုံးဝအစွန်းမခံဘူး။ ညနေဆိုအချိန်ကြည့်ပြီး ပြန်ဖို့ပဲတာစူနေတယ်။ လုပ်စရာအလုပ်တွေရှိရက်သားနဲ့ ပြီးအောင်လုပ်ပေးမယ်ဆိုတဲ့ ခံယူချက်စိတ်ကူးမရှိဘူး။ အမြဲတမ်းလည်း အလုပ်ကမပေါ်နေပါဘူး။ တစ်ခါတလေလေး ပေါ်လာတဲ့ကိစ္စမှာအလုပ်ပေါ်သံယောဇဉ်ထား၊ စူးစိုက်မှုအရမ်းနည်းပါးတယ်တဲ့။ လုပ်အားခလစာကျတော့ အခြားမြန်မာလုပ်ငန်းတွေမှာရတဲ့ လစာထက်ကိုပိုပေးထားပါတယ်တဲ့။ ဒါကျတော့ Punctuality ထက်ကို မိမိအလုပ်မှာထားရှိသင့်တဲ့ Dedication / Commitment ဆိုတာတွေနဲ့ပိုသက်ဆိုင်သွားပြီ။

အလုပ်ခွင်မှာ ပြုပြင်စရာနောက်တစ်ခုက 'အားနာခြင်း' ဆိုတာနဲ့ပတ်သက်ပါတယ်။ အင်္ဂလိပ်ဘာသာဝေါဟာရထဲမှာ မြန်မာဘာသာမှာရှိတဲ့ 'အားနာတယ်' ဆိုတဲ့စကားနဲ့ထပ်တူညီသုံးနိုင်တဲ့ စကားလုံးမရှိဘူးလို့ဆိုထားပါတယ်။ မှားနေတာကို မှားတဲ့အကြောင်း မျက်နှာချင်းဆိုင်တိုက်ရိုက်ပြောဖို့ အားနာတယ်။ ဌာနတွင်း လုပ်ဖော်ကိုင်ဖက်များသာမဟုတ် အထက်လူကြီးကိုဆန့်ကျင်ပြီး ပြောရမှာအားနာတယ်။ လိုရင်းကိုမရောက်ဘဲ ပြောချင်တဲ့စကားကိုလည်း လှည့်ပတ်ကွေ့ဝိုက်ပြီး ပြောကြတာမျိုးတွေရှိတတ်တယ်။ အလုပ်နဲ့ပတ်သက်ရင် အားနာစိတ်ကိုဖျောက်ပြီး၊ တိကျပြတ်သားစွာနဲ့ လိုရင်းကိုပြောနိုင်ဖို့ လိုမယ်။ အထက်လူကြီးတစ်ယောက်အနေနဲ့ မိမိထက်အသက်အရွယ်ပိုကြီးတဲ့၊ လုပ်သက်ကြာနေပြီဖြစ်တဲ့ ငယ်သားကိုအားနာပြီးပြောစရာစကားကို မပြောရင် ဒါက အလုပ်တာဝန်မကျေပွန်တာ ဖြစ်သွားပြီ။ နားထောင်သူမကြိုက်မှန်းသိပေမယ့် လိုအပ်တဲ့ Feedback ကိုတော့ ပြောပေးရမယ်။ အပြုသဘောနဲ့ဝေဖန်ထောက်ပြ ပြုပြင်ညွှန်ပြပေးတဲ့ Constructive Feedback မျိုးကို ပေးကြဖို့ဖြစ်ပါတယ်။

ကျွန်မတို့မြန်မာလူမျိုးတွေ အသုံးများတဲ့နောက်စကားလေးတစ်လုံးက 'ရပါတယ်' ဆိုတာပါ။ အင်္ဂလိပ်လိုတော့ 'It's okay' ဆိုတာနဲ့ ကိုက်ညီမယ်ထင်ပါရဲ့။ 'ရပါတယ်' ဆိုတာမပြတ်မသားနဲ့ ဟိုလိုလည်းဖြစ်နိုင်၊ ဒီလိုလည်းဖြစ်နိုင်တယ်ဆိုတဲ့သဘောဖြစ်လို့ တတ်နိုင်ရင်မိမိအမြင်/ယူဆထင်မြင်ချက်/သဘောထားကို ရှင်းရှင်းလင်းလင်းပြောပြဖို့ လိုမယ်ထင်ပါတယ်။ သတိထားစရာလေးတစ်ခုပါ။

လုပ်ငန်းခွင်မှာ ပြုပြင်ပြောင်းလဲစရာအမူအကျင့်လေးများမှ အချို့ဖြစ်ပါတယ်။ လူတွေမှာ ယေဘုယျရှိတတ်တဲ့ Resistance to Change ဆိုတဲ့ အပြောင်းအလဲကို တွန်းကန်မှုကရှိနေမယ်ဆိုတော့ အချိန်တိုအတွင်းကောင်းတဲ့ ပြောင်းလဲမှုရလဒ်ကို မျှော်မှန်းနိုင်မယ်မဟုတ်ပါဘူး။ သို့သော်လည်း ပါရှန်ကဗျာဆရာ (Persian Poet) 'Rumi' ဆိုတဲ့ သူပြောထားတဲ့ စကားလေးအတိုင်းပါပဲ။

'Yesterday I was clever, so I wanted to change the world. Today I am wise, so I am changing myself.'

'မနေ့က ကျွန်ုပ်ပါးနပ်ထူးချွန်လို့ ကမ္ဘာကြီးကိုပြောင်းလဲဖို့လုပ်ခဲ့တယ်။ ဒီယနေ့မှာတော့ ကျွန်ုပ်ကပညာရှိပြီ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲနေပြီ' လို့ဆိုပါတယ်။

ဒါကြောင့် ကျွန်မတို့တွေလည်း ထိုးထွင်းမြင်သိ ပညာရှိတွေအနေနဲ့ ကျွန်မတို့ရဲ့မလိုလားအပ်တဲ့ အမူအကျင့်တွေကို ပြင်ကြပြောင်းလဲကြပါစို့။

**မျက်နှာဖုံး (ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ) မှ -**

စက်မှုဝန်ကြီးဌာန၏ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၆ ရက်နေ့ နံနက် ၉ နာရီက စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) ရှိ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးက မိမိတို့အစိုးရအနေဖြင့် ကျန်ရှိသောကာလအတွင်း ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ဆောင်ရွက်ပေးရမည့်အပိုင်းနှင့်ပြည်သူတို့၏လူမှုစီးပွားဘဝ ဦးစားပေးလိုအပ်ချက်များအား ချက်ချင်းဖြည့်ဆည်းပေးရမည့်အပိုင်းတို့ကို တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) အဖြစ် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) ၏လုပ်ငန်းစဉ် (၁) လမ်းညွှန်ချက်ပါ ပညာရှင်များပါဝင်သည့် ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြုလုပ်ခဲ့ရာ Myanmar Egress Capacity Development Center မှ ဒေါက်တာကျော်ရင်လှိုင်က 'Politic and Imaging New Myanmar' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစောမြင့်မောင်က 'Bureaucracy in Myanmar' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် အရာထမ်း၊ အမှုထမ်းများ၏စိတ်ဓာတ်ခံယူချက် (Mindset) နှင့် စွမ်းရည်ပြည့်ဝအောင် (Capacity Building) တည်ဆောက်နိုင်ရေးရည်ရွယ်ပြီး ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ထပ်မံကျင်းပပေးရခြင်းဖြစ်ကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ကိုယ်တိုင် အရည်အသွေး တိုးတက်စေရေးအတွက် သက်ဆိုင်ရာပညာရပ်နယ်ပယ်များမှာ အမြဲမပြတ် လေ့လာဆည်းပူးနေရမှာဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်ခြင်းမပြုဘဲ အဆင့်ဆင့်တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ လုပ်ငန်းများမြန်ဆန်၍အရာထမ်း၊ အမှုထမ်းများ၏ အရည်အသွေးမြင့်မားလာကာ ဦးစီးဌာန/လုပ်ငန်းများ၏ ရည်မှန်းချက်တာဝန်များလည်း လျင်လျင်မြန်မြန်အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် ပြည်သူ၏ယုံကြည်အားကိုးမှုကိုရရှိလာမှာဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့်တက်လာမှာဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် နိုင်ငံတော်၏ တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စိတ်ပါဝင်စားစွာနားထောင်ပြီး တက်တက်ကြွကြွ ပြန်လည်ဆွေးနွေးစေလိုကြောင်း၊ ဌာနအတွင်းမှ ဆွေးနွေးပွဲမတက်ရောက်နိုင်သည့် အရာထမ်း၊ အမှုထမ်းများကိုလည်း ဆက်လက်ဖြန့်ဝေပေးရန် လိုအပ်မှာဖြစ်ကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဆွေးနွေးပွဲမှရရှိလာသည့် ဗဟုသုတများကိုလည်း ဝေဖန်ပိုင်းခြားလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးကာ ပြောင်းလဲတိုးတက်မှုအကျိုးရလဒ်ကို အချိန်တိုအတွင်း ရရှိနိုင်မှာဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲ၊ ခလုတ်ကန်သင်းများဖြင့် ကြမ်းတမ်းသောလမ်းကြောင်းကို လျှောက်လှမ်းရနိုင်သော်လည်း နောင်အနာဂတ်တွင် ရေရှည်တည်တံ့ပြီး အရည်အသွေးပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သို့ ရောက်ရှိနိုင်မှာဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မှန်ကန်သောစိတ်ဓာတ်ခံယူချက်နှင့် အရည်အသွေးစွမ်းဆောင်ရည်ပြည့်ဝအောင် ကြိုးပမ်းတည်ဆောက်သွားကြရန် မှာကြားသည်။

ထို့နောက် Myanmar Human Resources Institute (MHR) မှ Professor ဦးအေးကျော်က 'Supporting Knowledge for Third Wave Reform' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် Yangon Media Group မှ CEO ဦးကိုကို (စက်မှုတက္ကသိုလ်) က 'Attitude and Mindset for Third Wave Reform' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီးတက်ရောက်လာကြသည့် ဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ တာဝန်ရှိသူ အရာ ထမ်း၊ အမှုထမ်းများ ၂၅၀ ဦးကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင်လ ၁ ရက်နေ့တွင်လည်းကောင်း၊ ပြင်ပပညာရှင်များပါဝင်ဆွေးနွေးခဲ့သည့် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၀ ရက်နေ့တွင်လည်းကောင်း ကျင်းပပြီးဖြစ်ကြောင်း သိရှိရသည်။

**QUALITY IS A NEVER ENDING JOURNEY**

**စာမျက်နှာ ၂ (မင်းကင်းမြို့နယ်) မှ -**

ဆွေးနွေးပြောကြားကာ ကျေးရွာဆရာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းသည်။ ထို့အပြင် ကျောင်းသား/သူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ Skynet ရုပ်သံဖမ်းစက်နှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များပေးအပ်လှူဒါန်းပြီး ကျေးရွာစာသင်ကျောင်းများအတွက် အလှူငွေများထောက်ပံ့ပေးအပ်ခဲ့သည်။

ဇူလိုင်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် မင်းကင်းမြို့နယ် လက်ချိတ်ကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားကာ ကျောင်းသား/ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ Skynet ရုပ်သံဖမ်းစက်နှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ ပေးအပ်လှူဒါန်းခဲ့သည်။


ပြည်ထောင်စုဝန်ကြီး၏ မင်းကင်းမြို့နယ်ခရီးစဉ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ကျောင်းသုံးဗလာစာအုပ် ၄,၃၄၅ ဒါဇင်၊ ဘောလ်ပင် ၄၄,၇၄၂ ချောင်း၊ Skynet ရုပ်သံဖမ်းစက် ၁၁ စုံ၊ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော် ၇၀၀ ဆူနှင့် ကျား/မဝတ်စုံများ၊ အိုးခွက်ပန်းကန်များ၊ အမျိုးသမီးရေးရာဝတ်စုံများနှင့်ထောက်ပံ့လှူဒါန်းငွေ ၁၀,၅၇၀,၀၀၀ ကျပ် (ကျပ် တစ်ရာ့ငါးသိန်းခုနစ်သောင်း) တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၃ (မြွေကိုက်ခံရမှုပြဿနာဖြေရှင်းနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲ) မှ -**

အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏အတွေ့အကြုံများနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများကိုအသုံးပြု၍ သတ်မှတ်ထားသောနယ်ပယ်များတွင် တိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက် သြစတြေးလျနိုင်ငံ၊ Royal Adekaide Hospital မှ ကျောက်ကပ်ရောဂါအထူးကု Dr.Chen Au Peh က အမှာစကားပြောကြားပြီး၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာအောင်ဇော်က ' မြွေဆိပ်ဖြေဆေး လက်ရှိထုတ်လုပ်မှုအခြေအနေနှင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆင့်မြှင့်တင်ရန်အတွက် စိန်ခေါ်မှုများ' စာတမ်းကိုလည်းကောင်း၊ CSL လီမိတက်မှ ထုတ်လုပ်မှုမန်နေဂျာ Mr.Keiran Ragas က ' သြစတြေးလျနိုင်ငံ bio CSL မှ အဆိပ်ဖြေဆေးထုတ်လုပ်မှုအခြေအနေ' စာတမ်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာရွှယ်နုနုခင်မှ 'မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေးဖြန့်ဖြူးမှုနှင့် Cold Chain System' စာတမ်းကိုလည်းကောင်း၊ သြစတြေးလျနိုင်ငံ Royal Adelaide Hospital မှ အရေးပေါ်ဆေးဝါးနှင့် အဆိပ်အမျိုးမျိုးဆိုင်ရာ အထူးကု Dr.Samuel Patrick Alfred က 'မြွေကိုက်ခံရမှုအတွက် ဆေးရုံစီမံခန့်ခွဲမှု' စာတမ်းကိုလည်းကောင်း ဆွေးနွေးတင်ပြပြီး၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ညနေပိုင်းတွင်ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# ခင်မိုးမြင့်၏ စိမ်းပြာရေညှိ



ဖင်းညှတာရာ

စပီရူလိုင်းနား (ခ) အဏုအယ်လ်ဂေး စိမ်းပြာရေညှိကို ခင်မိုးမြင့်နဲ့ပတ်သက်ပြီးမှသာ ရင်းနှီးကျွမ်းဝင်ပြီး စိတ်ဝင်တစားဖြစ်မိတာပါ။ ကျွန်တော်ဆယ်တန်းတုန်းက စာရေးဆရာမဂျူးရဲ့ မရှိမဖြစ်မိုး (ဒုတိယအကြိမ်ထုတ်) စာအုပ်ကိုဖတ်ရပါတယ်။ အဲသည့်အချိန်တုန်းကတော့ ဝတ္ထုထဲက ခင်မိုးမြင့်ဟာ ကျွန်တော်တို့ရဲ့မိန်းမ သူရဲကောင်း (Heroine) တစ်ယောက်ပေါ့လေ။ သူ့ရဲ့ ပြင်းထန်တဲ့ခံယူချက်တစ်မျိုးကို ဝတ္ထုထဲမှာ ဖတ်ရပါတယ်။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ကိုယ်ဟာကိုယ့်ပတ်ဝန်းကျင်မှာ အလိုအပ်ဆုံးလူသားဖြစ်အောင် ကြိုးစားခွင့်တော့ရှိတယ်လေ။ ကျွန်မဟာအမြဲတမ်း Essential ဖြစ်နေရမယ်။ ခင်မိုးမြင့်ဟာ မိန်းမတစ်ယောက်ဆိုတာကို မေ့သွားရတဲ့အထိ လိုအပ်နေစေရမယ်တဲ့။ သူ့စကားတွေထဲက Essential ဆိုတဲ့စကားကို ကျွန်တော်တော်တော်လေးစွဲလမ်းခဲ့ပြီး စိတ်ကူးယဉ်ခဲ့မိတာပေါ့။ အဲသည့်စကားလုံးနဲ့ပဲ ဘဝမှာ ခွန်အားတွေ ဖြည့်ခဲ့ရပါသေးတယ်။

ခင်မိုးမြင့်နဲ့တွဲဖက်ပြီး အမြဲတမ်းအမှတ်ရနေစေတာကတော့ စိမ်းပြာရေညှိပါ။ စိမ်းပြာရေညှိကို တီဗီမှာ စိမ်းပြာရေညှိထုတ်ကုန်တွေဖြစ်တဲ့ ပရိုဗီမင် (Provimin) အားဆေးကြော်ငြာကိုကြည့်ပြီး သိရပေမယ့် ခင်မိုးမြင့်နဲ့ပတ်သက်တော့မှပဲ စိမ်းပြာရေညှိက ခေါင်းထဲကိုရောက်ရောက်လာပါတော့တယ်။

သဘာဝအလျောက်ပေါက်နေတဲ့ စိမ်းပြာရေညှိဟာ တော်တော်တော့အံ့ဩစရာကောင်းပါတယ်။ အဲသည့်စိမ်းပြာရေညှိထွက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်ရှိ တွင်းတောင်ကိုပထမဆုံးစတင်တွေ့ရှိသူကတော့ မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ကထိကဒေါက်တာ ဦးမင်းသိန်းပါ။ စပီရူလိုင်းနားတွေ့ရှိတဲ့ ၁၉၈၃ ခုနှစ်မှာပဲ မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနရှိ သိပ္ပံပညာရှင်တွေ၊ အဏ္ဏဝါဇီဝဗေဒပညာရှင်တွေနဲ့ မြန်မာသိပ္ပံပညာရှင်တွေ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာ့စပီရူလိုင်းနားတွေကို ရိတ်သိမ်းပြီး အမှုန့်ပြုလုပ်နိုင်ခဲ့တယ်။ ဒီစီမံကိန်းကို ၁၉၈၃ ခုနှစ်မှာ စတင်တယ်ဆိုပေမယ့် တကယ်တမ်းအစိုးရအသိအမှတ်ပြုတာကတော့ ၁၉၈၈ ခုနှစ်မှပါ။

သည်လိုနဲ့ စပီရူလိုင်းနားတွေကိုထုတ်လုပ်ရာမှာ တစ်နှစ်ထက်တစ်နှစ် မက်ထရစ်တန်တိုးပြီး ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခု ၂၀၁၄ ခုနှစ်မှာတော့ စပီရူလိုင်းနားတွေလုံးဝမထွက်တော့ဘူးဆိုတာ ကြားမိရတော့ ဘာကြောင့်လဲဆိုပြီး စာတွေလိုက်ရှာဖတ်မိပါတော့တယ်။

စပီရူလိုင်းနားဟာ ပြီးခဲ့တဲ့ ၂ နှစ်ကစပြီး အထွက်နှုန်းတွေ တော်တော်လေးလျော့ကျသွားတာကို Graph မျဉ်းတွေကြည့်ပြီးသိရတော့ စိတ်မကောင်းဖြစ်မိတာအမှန်ပဲ။ ခင်မိုးမြင့်ကြောင့် စွဲလမ်းခဲ့ဖူးတဲ့၊ စိတ်ဝင်တစားဖြစ်ခဲ့ဖူးတဲ့ စပီရူလိုင်းနားတွေ ပျောက်ကွယ်သွားမှာကိုစိုးရိမ်မိပါတယ်။ ပြီးတော့ စပီရူလိုင်းနားဟာ မြန်မာနိုင်ငံရဲ့ သဘာဝအမွေအနှစ်တစ်ခုဖြစ်တယ်မဟုတ်လား။ ကမ္ဘာမှာ သဘာဝနည်းအတိုင်း စပီရူလိုင်းနားထွက်ရှိတဲ့နိုင်ငံ ၃ နိုင်ငံပဲရှိတယ်လေ။ ချက်သမ္မတနိုင်ငံ၊ ကွန်ဂိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပါပဲ။ ကျန်တဲ့နိုင်ငံတွေကတော့ စပီရူလိုင်းနားကိုမွေးမြူတဲ့ နည်းအတိုင်းသာထွက်ရှိတာပါ။ စပီရူလိုင်းနားထွက်ရှိတဲ့ နိုင်ငံ ၃ နိုင်ငံမှာတောင် မြန်မာနိုင်ငံကစပီရူလိုင်းနားက အထွက်နှုန်းအကောင်းဆုံးနဲ့ အရည်အသွေးအကောင်းဆုံးပါပဲတဲ့။ နိုင်ငံခြားကိုလည်း တင်ပို့ရောင်းချနေတော့ နိုင်ငံခြားဝင်ငွေတွေလည်း ရှာဖွေပေးနိုင်ပါတယ်။ သည်လိုတန်ဖိုးကြီးမားလှတဲ့ နိုင်ငံရဲ့သဘာဝအမွေအနှစ်တစ်ခု ပျောက်ကွယ်သွားမှာကို စိုးရိမ်မိတာမဆန်းပါဘူး။

သည်တော့ တွင်းတောင်မှာ စိမ်းပြာရေညှိ ဘာကြောင့်မထွက်ရှိတော့တာလဲ။ မထွက်ရှိရခြင်း အကြောင်းအရင်းတွေက ဘာတွေလဲဆိုတာ ပညာရှင်တွေက သူ့အမြင်၊ ကိုယ့်အမြင်လေ့လာသုံးသပ်ပြထားပါတယ်။

(၁) ရေချိုနှင့် တီလားဗီးယားငါးများကြောင့်အပြင် ရာသီဥတုဖောက်ပြန်ခြင်း၊
(၂) ဂေဟစနစ်ပြောင်းလဲလာခြင်း၊
(၃) အလင်းရောင်နှင့် အပူချိန်ပြောင်းလဲခြင်း၊
(၄) တွင်းတောင်အနီးရှိ မြစ်ရေတင်စီမံကိန်း ရေသွင်းမြောင်းကြောင့် ရေချိုဝင်ရောက်ခြင်း၊
(၅) တွင်းတောင်တွင် စိမ်းပြာရေညှိမျိုးပွားတိုးတက်ရေးကိုရည်ရွယ်ကာ ယူရီးယားနှင့် ဓာတုပစ္စည်းများထည့်သွင်းရာတွင် ယခင်ကာလများထက် ငါးဆခန့်ပိုမိုသုံးစွဲခြင်း။

ဒါဆိုရင် တွင်းတောင်အင်းမှာစိမ်းပြာရေညှိ ပြန်လည်ရှင်သန်လာအောင် ဘာတွေလုပ်ကြမလဲဆိုတာကိုလည်း ပညာရှင်တွေက အကြံပြုထားပါသေးတယ်။

(၁) မြစ်ရေတင်စီမံကိန်းမှ စပါးစိုက်ပျိုးမှုကိုရပ်ဆိုင်းခြင်း၊
(၂) စပါးစိုက်ပျိုးရန် ဖောက်လုပ်ထားသည့်မြောင်းကို ကွန်ကရစ်မြောင်းအဖြစ် ပြန်လည်ပြောင်းလဲလုပ်ဆောင်သင့်ခြင်း၊
(၃) ရေအောက်ရှိမြေဆီလွှာကို ညစ်ညမ်းစေမှုမှ ကာကွယ်ပေးခြင်း၊
(၄) အင်းအတွင်းပေါက်ပွားလာသော တီလားဗီးယားငါးများ ပျောက်ကွယ်သွားအောင် ဆောင်ရွက်ခြင်း၊
(၅) စပီရူလိုင်းနားပေါက်သော အင်းအတွင်း သဘာဝဂေဟစနစ်မပျက်စီးရန် အင်းပတ်ဝန်းကျင်၌ ဓာတုမြေဩဇာများ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ အလွန်အမင်းသုံးစွဲမှု မပြုစေခြင်း၊
(၆) စပီရူလိုင်းနားမျိုးဆက် မကုန်ဆုံးစေရန်အတွက် ဂေဟစနစ်ကိုပြောင်းလဲပျက်စီးခြင်းမရှိစေရန် မူလသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊
(၇) တွင်းတောင်အင်းအတွင်း မိုးရေဝင်ရောက်ပြီး ရေမြင့်တက်ခြင်းနှင့် PH ပြောင်းလဲခြင်းမှ ကာကွယ်ပေးခြင်း၊
(၈) တွင်းတောင်အင်း၏ ဘေးပတ်လည်သဘာဝမြေဆီလွှာတွင် ရေစုပ်အားကောင်းမွန်ပြီး ပင်ငွေ့ပြန်နှုန်းများသည့်အပင်များ ချိန်ဆစိုက်ပျိုးပေးခြင်း။

သည်အချက်တွေထဲက မြစ်ရေတင်စီမံကိန်းမှ စပါးစိုက်ပျိုးခြင်းကိုရပ်ဆိုင်းလိုက်မယ်ဆိုရင် သည်မြစ်ရေကိုအားကိုးနေရတဲ့ တွင်းတောင်တစ်ဝိုက်က ကျေးရွာပေါင်းသုံးဆယ်ဝန်းကျင်အတွက် အခက်အခဲတစ်ခုဖြစ်သွားစေနိုင်တဲ့ ဒီအချက်ကတော်တော်တော့ စိတ်ဝင်စားစရာကောင်းနေပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေမယ့်လို့ လူမှုပတ်ဝန်းကျင်ကိုလည်း ထိခိုက်သွားမှာကိုလိုလားကြမယ် မထင်ပါဘူး။ သူမသာ ကိုယ်မနာ သဘောမျိုး ကိုင်တွယ်ဖြေရှင်းဖို့က ပညာသားပါလှမယ် ထင်ပါတယ်။

နိုင်ငံရဲ့ သဘာဝအမွေအနှစ်တစ်ခုကို ဆက်ပြီးထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ လူမှုပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ဖို့ ဘယ်ဟာကပိုအရေးကြီးသလဲ။

ကိုယ်က ပညာရှင်မဟုတ်တော့ ပညာရှင်တွေဘာပြောမလဲဆိုတာ ဆက်ပြီးနားစွင့်ထားရတော့မှာပဲ။ ဒါမှမဟုတ် သူတို့ပြောပြ၊ ရေးပြတာတွေကို စောင့်ဖတ်ရတော့မှာပဲ။

ကိုယ်က ပညာရှင်မဟုတ်ဘဲ အသိပညာဖြန့်ဝေပေးသူ သက်သက်ပဲမဟုတ်လား။ အသိပညာဆိုတာကလည်း တစ်ယောက်ကတစ်ယောက်ကို လက်ဆင့်ကမ်းဖြန့်ဝေနိုင်မှသာ နယ်ပယ်ကျယ်ပြန့်နိုင်မှာပဲ။ သည်လိုနဲ့ တစ်ယောက်ကစ တစ်ရာဆိုသလို ကိုယ့်နိုင်ငံရဲ့သဘာဝအမွေအနှစ်ကို တန်ဖိုးထားမြတ်နိုးတတ်ပြီး ထိန်း သိမ်းစောင့်ရှောက်ချင်ပါလိမ့်မယ်။

ကိုးကား(၁) မရှိမဖြစ်မိုး (ဂျူး)
(၂) ပျောက်ဆုံးဖို့ အန္တရာယ်ကြုံတွေ့လာနိုင်တဲ့ နိုင်ငံတော်ရဲ့ သဘာဝအမွေတစ်ခု (မောင်ထွန်းလွင်-မိုးလေဝသ)
(၃) No.16, June 25, 2014 ထုတ် 7 Day News ဂျာနယ်

# ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ဆောင်သင့်၊ ရှောင်သင့်သည့်အချက်များ



မောင်မောင်အေး
(ကခခ-၁၃)

ဝမ်းလျှောတယ်ဆိုတာ ယေဘုယျအားဖြင့် ပျော့ပျောင်းတဲ့ဝမ်း၊ အရည်ကြည်တွေ မကြာခဏသွားနေတဲ့အခြေအနေကိုခေါ်ပါတယ်။ ဝမ်းလျှောတာက အများအားဖြင့် နှစ်ရက်လောက်ပဲကြာပေမယ့် ကြာရှည်ဝမ်းသွားတဲ့ အခြေအနေဆိုလျှင်တော့ နှစ်ရက်ကျော်ကြာတတ်ပါတယ်။

ဝမ်းလျှောရခြင်း၏ အဓိကအကြောင်းအရင်းတွေကတော့ အစာမစားမီ လက်သန့်ရှင်းရေးမလုပ်တာတွေ၊ ယင်နားစာများ စားမိတာတွေ၊ အမှည့်လွန်သစ်သီးများစားမိတာတွေ၊ အစာမသန့်တာနှင့် အစားအစာထည့်သော ခွက်၊ ပန်းကန်တွေ သန့်ရှင်းမှုညံ့တာတွေကြောင့် ဖြစ်တတ်ပါတယ်။ သန့်ရှင်းသောသောက်သုံးရေ မသောက်သုံးတာကလည်း အဓိကအကြောင်းအချက်တစ်ခု ဖြစ်နေတတ်ပါတယ်။ မိမိအိမ်မီးဖိုချောင်သန့်ရှင်းရေးကောင်းဖို့၊ ကိုယ်လက်သန့်ရှင်းရေးကောင်းဖို့နှင့် သောက်သုံးရေသန့်ရှင်းကောင်းမွန်ဖို့ အထူးဂရုပြုကြမယ်ဆိုလျှင် တော်ရုံနှင့် ဝမ်းပျက်ဝမ်းလျှောမဖြစ်တတ်ပါ။

ဝမ်းပျက်ဝမ်းလျှောပြီဆိုတာနှင့် ရေဓာတ်ခမ်းခြောက်သွားပါတယ်။ ဒီအချိန်မှာ အဓိကအရေးတကြီး လုပ်ဆောင်ရမှာက ဓာတ်ဆားရည်သောက်ဖို့ပါပဲ။ ရေကိုလည်း များများသောက်ပေးရပါမယ်။ ဝမ်းပျက်ဝမ်းလျှောတာက ဘက်တီးရီးယားပိုးဝင်တာ၊ ဗိုင်းရပ်စ်ပိုးဝင်တာ၊ ဆေးနှင့်မတည့်တာနှင့် အူလမ်းကြောင်းဆိုင်ရာရောဂါတွေကြောင့် ဖြစ်တတ်ပါတယ်။ ဝမ်းပျက်တဲ့အခါ ခံစားရတဲ့လက္ခဏာတွေကတော့ ဗိုက်အောင့်တာ၊ လေထတာ၊ အိမ်သာကိုအလောတကြီးသွားချင်စိတ်ပေါ်တာ စတာတွေဖြစ်ပါတယ်။ အကြောင်းကြောင်းကြောင့် ဝမ်းပျက်ပါစေ၊ ဝမ်းပျက်ဝမ်းလျှောနေချိန်မှာ ဆောင်သင့်၊ ရှောင်သင့်တဲ့အချက်တွေ သိနားလည်ထားဖို့လိုပါတယ်။ ပထမဦးစွာ ရေနှင့်ဓာတ်ဆားကိုသောက်ပါ။ ဝမ်းပျက်ဝမ်းလျှောကို ကုသဖို့အကောင်းဆုံးနည်းက ရေနှင့်ဓာတ်ဆားများများသောက်ပေးဖို့ပဲဖြစ်ပါတယ်။ ဝမ်းလျှောတာကြောင့် ခန္ဓာကိုယ်ကအရည်ဓာတ်ဆုံးရှုံးမှုများတဲ့အတွက် ရေများများသောက်ပေးသင့်တာဖြစ်ပါတယ်။ အကောင်းဆုံးက ရေနှင့်အတူဆုံးရှုံးသွားတဲ့ဓာတ်ဆားတွေကိုပါ ပြန်လည်ဖြည့်တင်းနိုင်ဖို့ ဓာတ်ဆားထုပ်ကိုသတ်မှတ်ထားတဲ့အချိုးအဆအတိုင်း ရေနှင့်ဖျော်ပြီးသောက်ပေးရမှာဖြစ်ပါတယ်။ ရေသောက်ရာမှာလည်း ရေသန့်ကိုသောက်ပေးရမှာဖြစ်ပါတယ်။

ဝမ်းပျက်ဝမ်းလျှောလျှင် ဆန်ကိုနီနေအောင်လှော်ပြီး ပူပူမှာရေနွေးပူပူလောင်းထည့်ကာ အအေးခံထား၍ အဲဒီဆန်လှော်ရေနွေးစိမ်ရည်ကို မကြာခဏသောက်ပေးပါက ဝမ်းပျက်ဝမ်းလျှောသက်သာစေပါတယ်။ ငှက်ပျောသီးမှည့်ကို ပျားရည်နှင့်ဖျော်စားပါကလည်း ဝမ်းပျက်ဝမ်းလျှောသက်သာစေပါတယ်။ လက်ဖက်ခြောက်ဖန်ဖန် ရေနွေးထဲကို ပျားရည်၊ သံပုရာရည်ရောမွှေပြီး သောက်လျှင်လည်း ဝမ်းပျက်ဝမ်းလျှောသက်သာစေပါတယ်။

ရေကို အမြဲကျိုချက်သောက်သုံးခြင်း၊ စားကြွင်းစားကျန်တွေကို စနစ်တကျစွန့်ပစ်ခြင်း၊ စားဖွယ်သောက်ဖွယ်ရာတွေကို ယင်မနားအောင် စနစ်တကျအမြဲတမ်းဖုံးအုပ်ထားခြင်းတို့ လုပ်ဆောင်ဖို့လိုပါတယ်။

ဘယ်လိုအကြောင်းကြောင့် ဝမ်းပျက်ဝမ်းလျှောသည်ဖြစ်စေ ဝမ်းပျက်ဝမ်းလျှောချိန်မှာ ဓာတ်ဆားရည်သောက်ပါ။ ရေများများသောက်ပါ။ နို့နှင့်နို့ထွက်ပစ္စည်းများကိုရှောင်ပါ။ ဝမ်းလျှောနေချိန်မှာ နို့ကိုချေဖျက်ဖို့ မစွမ်းဆောင်နိုင်တာကြောင့် ပိုပြီးဝမ်းလျှောတာနှင့် လေတက်တာဖြစ်နိုင်ပါတယ်။ အဆီအအိမ့်များတဲ့အစာ၊ ဆီကြော်စာ၊ အမျှင်ဓာတ်များတဲ့အစာနှင့် ဟင်းခတ်အမွှေးအကြိုင်ကဲတဲ့ အစားအသောက်တွေကို ရှောင်သင့်ပါတယ်။ သတ္တုဓာတ်ပါဝင်သော အစားအသောက်တို့ကိုစားပါ။ တချို့ သတ္တုဓာတ်နှင့် အာဟာရဓာတ်တို့ပါတဲ့ အစားအသောက်တွေကိုစားပေးလျှင် အူလမ်းကြောင်းတစ်လျှောက် အစာဖြတ်သန်းမှုနှေးစေပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်တာကို သက်သာစေပါတယ်။ ဥပမာ-ဆန်ပြုတ် ပျော့ပျော့၊ ငှက်ပျောသီး၊ ပေါင်မုန့်နှင့်စွပ်ပြုတ်စသည့် အစာတွေကို စားပေးသင့်ပါတယ်။

အဆီနည်းသော ဒိန်ချဉ်အသင့်အတင့်သောက်ပါ။ ဝမ်းလျှောချိန်မှာ ဒိန်ချဉ်သောက်လျှင် အစာခြေအူလမ်းကြောင်းတစ်လျှောက်မှာ အစာကြေညက်စေတဲ့ အကျိုးပြုဘက်တီးရီးယားတွေ ရရှိစေတာကြောင့် ဝမ်းပျက်ဝမ်းလျှောတာကို သက်သာစေပါတယ်။ ချင်းလက်ဖက်ရည်သောက်ပါ။ ချင်းလက်ဖက်ရည်သောက်တာက ဗိုက်အောင့်တာနှင့်လေပွတာကို သက်သာစေပါတယ်။ မုန်လာဥနီဖျော်ရည်နှင့် သလဲသီးဖျော်ရည်သောက်တာကြောင့်လည်း ဝမ်းအရည်သွားတာကို သက်သာပျောက်ကင်းစေပါတယ်။ ဝမ်းပျက်ဝမ်းလျှောချိန်မှာ ကဖင်းပါတဲ့ကော်ဖီ၊ လက်ဖက်ရည်အပြင် အရက်ကိုလည်း ရှောင်သင့်ပါတယ်။ ဗီတာမင်စီပါဝင်သော အစားအသောက်ကိုရှောင်ပါ။ ဝမ်းလျှောနေချိန်မှာ ဗီတာမင်စီပါဝင်သော အစားအသောက် အလွန်အမင်းစားတာကြောင့် ဝမ်းပျက်ဝမ်းလျှောကို ပိုဆိုးစေပါတယ်။

ပျားရည်သောက်ပါ။ ပျားရည်ထမင်းစားဇွန်း လေးဇွန်းနှင့် ရေတစ်ခွက်စာရောသောက်ပေးလျှင် ဝမ်းလျှောတာသက်သာသွားပါလိမ့်မယ်။

ဝမ်းပျက်ဝမ်းလျှောခြင်းသည် အအေးပတ်ရာမှဖြစ်ခြင်း၊ အစားမှားရာမှဖြစ်ခြင်း၊ ယင်မှတစ်ဆင့် ဘက်တီးရီးယားပိုးကူးစက်၍ဖြစ်ခြင်းနှင့် ကိုယ်လက်သန့်ရှင်းရေးညံ့ဖျင်းတာကြောင့်ဖြစ်ကြရာ အအေးမပတ်အောင် ဂရုစိုက်နေထိုင်ပြီး အစားအသောက်သန့်ရှင်းမှုကို အလေးဂရုပြုကာ တစ်ကိုယ်ရေသန့်ရှင်းမှုရှိပါက ဖြစ်နိုင်ချေနည်းသွားမှာဖြစ်ပါတယ်။ စာဖတ်သူများ အပါအဝင် ပြည်သူပြည်သားအပေါင်း ကျန်းမာချမ်းသာကြပါစေ။

ကိုးကား - အင်တာနက်

# ဝသန်ပွဲတော်



♈ ချောင်းရေလျှံ ကန်ရေတိုး
ဝသန်မိုး လရာသီ
မြေဆီမှာ ပွကားနူးလို့
မြလွှာဖူးတို့ မြူးကြပြီ....။

♈ အချိန်သင့် ခါတော်မီ
ဂေဟာညီ ဝန်းကျင်စိမ်းဖို့
ထိန်းသိမ်းစို့ တို့ရေမြေ
စိုက်ကြမယ်လေ....။

♈ မြေသယံ မပြုန်းရအောင်
အရှည်ခံ အသုံးလှအောင်
ကတုံးတောင် သျှောင်နဲ့ကိုက်ဖို့
နှစ်စဉ်လိုက် သစ်ပင်စိုက်ပွဲတော်ဆီ
နွဲ့ပျော်ညီ ချီတက်ပါစို့လေး....။

သဟာဇ (ပခုက္ကူ)

# ဗျူရိုကရက်တစ်ယောက်၏ ရင်ခုန်သံ



**ဆန်းထက်လွင်**

‘ကို ကျွန်မတော့ ဝန်ထမ်းမလုပ်ချင်တော့ဘူး။ ထွက်ချင်ပြီ’

ဖြူလဲ့စကားကိုကြားတော့ ကျွန်တော်ဖတ်လက်စဂျာနယ်ကိုခဏချပြီး ဖြူလဲ့ကိုကြည့်မိသည်။ သူ့စကားက ထူးဆန်းနေလို့ပါ။ အရင်က ဖြူလဲ့ဆိုတာအလုပ်လုပ်ဖို့အမြဲတက်ကြွနေတတ်သူမို့လေ။

‘ဘာဖြစ်လို့လဲ ဖြူလဲ့ရဲ့’

‘ကျွန်မဒီနေ့ဈေးသွားတော့ ကုန်စုံဆိုင်က အန်တီကြီးက ကျွန်မကိုလစာ ဘယ်လောက်ရလဲတဲ့။ ကျွန်မက ထောက်ပံ့ကြေးပါပေါင်းရင် တစ်သိန်းတစ်သောင်းရတယ်လို့ပြန်ပြောလိုက်တယ်။ အဲတော့ အန်တီကြီးက သမီးတို့အသက်အရွယ်၊ သမီးတို့အရည်အချင်းနဲ့ဆို အပြင်မှာလုပ်ပါလား။ အပြင်မှာ တက်လမ်းပိုရှိတာပေါ့တဲ့’

‘သူပြောတာ ဟုတ်သားပဲ ဖြူလဲ့ရယ်။ ဒါနဲ့ အလုပ်ထွက်တော့မယ်ပေါ့’

‘မဟုတ်ဘူးအစ်ကိုရဲ့။ အစ်မနဲ့အတူတူ ကျွန်မလည်း ပါသွားတာ။ အဲဒီအန်တီပြောတဲ့ပုံက ကျွန်မတို့ကိုဝန်ထမ်းတွေဆိုပြီး အထင်သေးတဲ့ပုံမျိုးမို့ပြောတာ အစ်ကိုရဲ့’

တစ်စားပွဲတည်းထိုင်နေသည့် ညီမလေးလဲ့လဲ့က ဆိုသည်။

‘ကျွန်မတို့က နိုင်ငံအတွက်အလုပ်လုပ်နေတဲ့ဝန်ထမ်းတွေပါ။ ဒါပေမဲ့ တော်တော်များများက ကျွန်မတို့ကိုအကောင်းမမြင်ကြဘူးနော်’

ဖြူလဲ့စကားသံက စိတ်မကောင်းဖြစ်နေမှန်း သိသာသည်။

‘ကိုယ်တို့ဝန်ထမ်းတွေကို အမြင်မကြည်တာ အခုမှမဟုတ်ပါဘူးကွာ။ လွတ်လပ်ရေးကြိုးပမ်းမှု ခေတ်ကတည်းကပါ’

‘ကိုကလည်း လွတ်လပ်ရေးခေတ်တုန်းက အမြင်စောင်းကြတာ၊ ဗျူရိုကရက်တွေကိုပါ။ အခုကျွန်မတို့က ဝန်ထမ်းတွေပဲ’

ဖြူလဲ့က မကျေနပ်သံဖြင့်ဆိုသည်။

‘ကို ရှင်းပြပါ့မယ် ဖြူလဲ့ရဲ့။ အရင်ဆုံးပြောရမှာက ဗျူရိုကရေစီအကြောင်းပါ။ ဗျူရိုကရေစီ (Bureaucracy) ဆိုတာ ရွေးကောက်ပွဲဖြင့် တက်လာခြင်းမဟုတ်သော လခစားနိုင်ငံ့ဝန်ထမ်းများဖြင့် မောင်းနှင်သည့်အုပ်ချုပ်ရေးစနစ် (Bureaucrat) ကိုခေါ်ပါတယ်။ ပြောရရင်တော့ကွာ ကိုယ်တို့ဝန်ထမ်းတွေအားလုံးဟာ ဗျူရိုကရက်တွေပါပဲ။ ဗျူရိုကရက်ဆိုတာနဲ့ အများစုကနှာခေါင်းရှုံ့ချင်ကြပါတယ်။ ဒါကလည်း ဗျူရိုကရေစီနဲ့ကိုလိုနီစနစ်ကို မကွဲပြားဘဲ တွဲမြင်နေကြလို့ပါ။ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်တုန်းကဆိုရင် အိုင်စီအက်စ်တွေ၊ ဘီစီအက်စ်တွေကို တိုင်းပြည်သစ္စာဖောက်တွေလို့တောင် မြင်ခဲ့ကြတာပါ။ အခုထိ စာတွေ၊ ရုပ်ရှင်တွေထဲမှာလည်း ဗျူရိုကရက်ဆိုတာနဲ့ ဗီလိန်ဇာတ်ရုပ်အဖြစ် သရုပ်ဖော်နေကြတုန်းပါ။ ဒီတော့ လူတွေကိုယ်တို့ကို မကောင်းမြင်တာ မဆန်းပါဘူးကွာ။ တကယ်ကတော့ ဗျူရိုကရက်ဆိုတာ တိုင်းပြည်ကိုဘယ်သူတွေပဲ အုပ်ချုပ်၊ အုပ်ချုပ် ပြည်သူ့အကျိုးပြုလုပ်ငန်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို အကောင်အထည်ဖော်ပေးရတဲ့သူတွေပါ’

‘ဒါနဲ့များ အစ်ကိုရယ်၊ လူတွေက ကျွန်မတို့ကို အကောင်းမမြင်နိုင်ပါလားနော်’

‘အကောင်းမမြင်တဲ့သူတွေကိုလည်း အပြစ်ပြောလို့မရသေးဘူးညီမလေးရဲ့။ မရလို့ပါ၊ ရရင်လုပ်ပေးပါတယ်ဆိုတဲ့စကား။ ပုဒ်မလေး၊ ပေးမှလုပ်ဆိုတဲ့ဆောင်ပုဒ်၊ စစ်တောင်းဂိတ်၊ ဝါးတားဂိတ်ဆိုတဲ့ အမည်တွေဟာ ပြည်သူတွေကဝန်ထမ်းအဖွဲ့အစည်းတွေကို သရော်ချက်တွေပါ။ အဲဒီလို သရော်ရလောက်အောင်လည်း တချို့တွေက တကယ်လုပ်ခဲ့ကြတာပါ။ တချို့ငါးခုံးမတွေကြောင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုလုံး အမြင်စောင်းခံရတာပေါ့ကွာ’

‘ဒါဆို ကျွန်မတို့ပြည်သူ့ဝန်ထမ်းတွေကို ပြည်သူတွေယုံကြည်လာအောင် ဘယ်လိုလုပ်ကြမလဲ’

‘ဖြူလဲ့မေးတဲ့မေးခွန်းက အမေးနွားကျောင်းသား၊ အဖြေဘုရားလောင်း ဆိုသလိုဖြစ်နေပြီဖြူလဲ့ရဲ့’

‘အိုး ဖြေနိုင်ရင်ဖြေပေါ့။ မဖြေနိုင်ရင်လည်း ဉာဏ်မမီဘူးလို့ဝန်ခံလိုက်။ နွားကျောင်းသားတွေ၊ ဘုရားအလောင်းတွေပြောပြီး လွှဲမချနဲ့’

ဖြူလဲ့က စူစူအောင့်အောင့်ပြန်ပြောသည်။

‘ကို တတ်သလောက်၊ မှတ်သလောက် ဖြေကြည့်ပါ့မယ်ဗျာ။ ပြည်သူတွေယုံကြည်မှုရှိလာဖို့ဆိုရင် ဗျူရိုကရေစီစနစ်ပြန်လည်တည်ဆောက်ခြင်း (Restructuring Bureaucray) လုပ်ရမှာ။ ဘာတွေပြန်ပြင်ရမလဲဆိုတော့ အဂတိလိုက်စားတာ၊ ပွင့်လင်းမြင်သာမှုမရှိတာ၊ တာဝန်ခံမှုကင်းမဲ့တာ၊ ဆရာမွေး၊ တပည့်မွေး ကိုယ့်လူ ကိုယ်နေရာပေးတာ၊ ဆုပေးဒဏ်ပေးစနစ် အားမကောင်းတာတွေပါပဲ’

‘ပြောလိုက်ရင် စကားကြီးစကားကျယ်တွေချည်းပဲ’

ဖြူလဲ့က မကြားတကြားဆိုသည်။ ဖြူလဲ့စကားကို အမှုမထားဘဲ ကျွန်တော်စကားဆက်မိသည်။

‘ပထမဆုံးအချက်ကတော့ အဂတိလိုက်စားမှုပါပဲ။ အဂတိလိုက်စားမှုကို ဝန်ထမ်းတွေက လုပ်တာဆိုပေမဲ့ ဝန်ထမ်းတွေ



ကိုဖျက်ဆီးတာက အကျိုးလိုလို့ညောင်ရေလောင်းကြတဲ့ပြည်သူတွေပါ။ နောက်တော့ ပြည်သူတွေလည်း ဝန်ထမ်းတွေကြောင့်ပျက်စီးလာရတယ်။ ဒီလိုနဲ့ မုန့်လုံးစက္ကူကပ်ဖြစ်နေတော့တာ။ အကျင့်ပျက်ခြစားမှုလုပ်တဲ့ဝန်ထမ်းတွေက လစာမလောက်လို့လာဘ်ယူရတာပါလို့ပြောတတ်ကြပါတယ်။ အခုနိုင်ငံတော်က လစာတွေ၊ ထောက်ပံ့ကြေးတွေ တိုးပေးလိုက်တော့လည်း လာဘ်ယူနေကြတုန်းပါပဲ။ ဒီတော့ သူတို့က စားလောက်ရုံလုပ်တာမဟုတ်တော့ဘဲ သံသရာအတွက်ထုပ်ပိုးပြီး ယူနေသလိုဖြစ်သွားပါပြီ။ အဂတိလိုက်စားမှုတစ်ခုဖြစ်လာရင် ပြည်သူတွေက ငွေကြေးဆုံးရှုံးတယ်။ အုပ်ချုပ်ရေးယန္တရားကတော့ လူသားအရင်းအမြစ်တွေဆုံးရှုံးတယ်။ ဝန်ထမ်းကိုယ်တိုင်ကတော့ ဂုဏ်သိက္ခာနဲ့ကိုယ်ကျင့်တရားဆုံးရှုံးသွားပါတယ်။ တကယ်တော့ ဌာနတိုင်း၊ လုပ်ငန်းတိုင်းမှာ ဝန်ထမ်းတစ်ဦးချင်းစီအတွက် တာဝန်ဝတ္တရား၊ လုပ်ရမယ့်လုပ်ပိုင်ခွင့်၊ ရရမယ့်ရပိုင်ခွင့်၊ ပြီးတော့ ကန့်သတ်တားမြစ်ချက်တွေ ပြဋ္ဌာန်းပြီးသားပါ။ ဒီစည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျလိုက်နာနိုင်ရင် အဂတိလိုက်စားမှုပပျောက်သွားမှာပါ’

‘အဲသလောက် လွယ်လို့လားဆရာကြီးရဲ့’

‘တကယ်မလုပ်ကြလို့ပါ ဖြူလဲ့ရဲ့။ အဓိကက ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းတွေကို လေးစားလိုက်နာဖို့ပါပဲ။ တရားသဖြင့် ရသင့်ရထိုက်တာတွေ ရဖို့လိုသလို လုပ်သင့်လုပ်ထိုက်တာတွေကိုလည်း လုပ်ဖို့လိုပါတယ်။ မတော်လောဘနဲ့ မရသင့်တာကိုရအောင်လုပ်တာ၊ မဖြစ်သင့်တာကိုဖြစ်အောင်လုပ်တာတွေဟာ အကျိုးဆက်မကောင်းဘူးဆိုတာ အားလုံးအသိရှိနေရင် တော်တော်အဆင်ပြေသွားမှာပါ’

‘နောက်တစ်ချက်ကတော့ Transparency မရှိတာပါ။ ပွင့်လင်းမြင်သာမှုရှိဖို့ဆိုရင်လည်း စည်းမျဉ်း၊ စည်းကမ်းတွေနဲ့လုပ်ဆောင်မည့်အဆင့်တွေကို ရှင်းရှင်းလင်းလင်းကြော်ငြာထားဖို့လိုပါတယ်။ မူဝါဒတွေ မကြာခဏအပြောင်းအလဲလုပ်တာက Transparency ကိုထိခိုက်စေပါတယ်။ Transparency ကိုတည်ဆောက်နိုင်ပြီဆိုရင် ရှုပ်ထွေးတဲ့စည်းမျဉ်း၊ စည်းကမ်းတွေကို အကာအကွယ်ယူဖြစ်လာတတ်တဲ့ ခြစားမှုတွေကိုတိုက်ဖျက်ပြီးသားဖြစ်သွားမှာပါ။ အကောင်းဆုံးကတော့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို One Stop Service ပေးလိုက်တာပါ။ အခုဆို ပြည်သူ့ဝန်ဆောင်မှုတွေကို ရွေ့လျားစနစ် (Mobile Service) နဲ့အကောင်အထည်ဖော်နေကြပါပြီ။ ပြည်သူက ကိုယ့်ဆီကိုမလာနိုင်ရင် ကိုယ်က ပြည်သူ့ဆီသွားပြီး ဝန်ဆောင်မှုပေးတဲ့စနစ်မျိုးမို့ ကြိုဆိုရမှာပါ’

‘ကိုရယ် ကျွန်မတို့က Mobile Service တွေဘယ်လိုပဲပေးပေး လူတွေက ကျွန်မတို့ကို ကြိုးနီစနစ်နဲ့တွဲမြင်ကြတာ ဘယ်လိုလုပ်မလဲ’

ဖြူလဲ့ကမေးသည်။

‘ဒါကတော့ Accountability (တာဝန်ယူမှု၊ တာဝန်ခံမှု) နဲ့ဆိုင်ပါတယ်။ ကြိုးနီစနစ်ကျယ်ပြန့်ရင်၊ ဗျူရိုကရေစီယန္တရား

**စာမျက်နှာ ၉ သို့ -**

စာမျက်နှာ ၈ မှ -

ရှည်လျားလျှင် ပြည်သူတွေအတွက်ဝန်ဆောင်မှုတွေ လျော့သွားတယ်။ အပိုစရိတ်တွေတက်လာတယ်။ အချိန်တွေပိုကုန်သွားပါတယ်။ တကယ်တော့ ဝန်ထမ်းအဆင့်တိုင်းမှာ တာဝန်ရှိသလို ဒီတာဝန်ကိုရဲရဲယူရဲအောင် လုပ်ပိုင်ခွင့်တွေ၊ ဆုံးဖြတ်ပိုင်ခွင့်တွေ ပေးထားရပါတယ်။ တာဝန်အလျောက်လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း တစ်ခါတည်းသတ်မှတ်ပေးထားဖို့ လိုပါတယ်။ ဝန်ထမ်းငယ်လေးတစ်ယောက်က သူ့ကိုသတ်မှတ်ပေးထားတဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်ဘောင်အတွင်းက ဆုံးဖြတ်လိုက်တဲ့ဆုံးဖြတ်ချက်ကို အထက်အရာရှိက အသိအမှတ်ပြုပေးရပါတယ်။ ဆက်ပြီး တာဝန်ခံပေးရပါတယ်။ ဒီလိုနဲ့ပဲ ဝန်ထမ်းတွေရဲ့လုပ်ရဲ၊ ကိုင်ရဲ၊ တာဝန်ယူရဲတဲ့စိတ်ကို မွေးမြူသွားရမှာပါ။ သူ့အဆင့်အလိုက် လုပ်ပိုင်ခွင့်တွေ၊ ဆုံးဖြတ်ပိုင်ခွင့်တွေကို ဝန်ထမ်းစည်းမျဉ်းမှာပေးထားပြီးသားပါ။ ဒါပေမဲ့ တကယ်ကျင့်သုံးဖို့လိုပါတယ်။ ဆုံးဖြတ်ချက်အားလုံးကို ထိပ်ဆုံးကဆုံးဖြတ်မှပြတ်တဲ့ အနေအထားမျိုးဆိုရင် ဝန်ထမ်းတွေရဲ့ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်တွေ ပျောက်ဆုံးသွားမှာပါ။ အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်တဲ့ Top Down စနစ်အစား အောက်ကနေအထက်ကို အဆင့်ဆင့်တာဝန်ခံပေးတဲ့ Bottom Up လိုစနစ်မျိုးဆို Accountabity တက်လာမှာပါ'။

'ဟုတ်ပါပြီ ဟုတ်ပါပြီ။ ဆရာမွေး တပည့်မွေးတဲ့အကြောင်း ရှင်းဦးလေ'

'မလောပါနဲ့ဖြူလွဲရဲ့။ ကိုယ်ပြောမှာပါ။ ဝန်ထမ်းအဖွဲ့အစည်းမှာ ဦးနှောက်ယိုစီးမှုအဓိကဖြစ်ရတဲ့အချက်က ဆရာနဲ့တပည့်တစ်ယောက်ကိုတစ်ယောက် ကြိုးချည်ထားကြလို့ပါ။ များသောအားဖြင့် ကိုယ်တာဝန်ယူရတဲ့ လုပ်ငန်းတွေမှာ ကိုယ့်စိတ်တိုင်းကျ၊ ကိုယ့်ကိုယ်စားတာဝန်ယူနိုင်တဲ့၊ စိတ်ချရတဲ့သူတွေကိုရွေးပြီး တာဝန်ပေးတတ်ကြပါတယ်။ ဒီလိုနဲ့ ရေရှည်တွဲလုပ်ရင်း ဆရာတပည့်ဖြစ်သွားတော့တာပါ။ ဆရာက တဖြည်းဖြည်းအဆင့်မြင့်လာတော့ တပည့်ကိုပြန်ကြည့်တယ်။ ဒီတော့ ပုံမှန်ကြိုးစားနေတဲ့သူတွေ နေရာမရတော့။ နေရာမရှိတော့ အပြင်ထွက်သွားကြတော့တယ်။ ဆရာတက်တိုင်း၊ တပည့်လိုက်တက်ရင်း ဆရာလည်းကျရော၊ တပည့်ပါကျွမ်းစိုက်ပါသွားတော့တယ်။ တကယ်က ကြိုးစားရင်းနေရာမရလို့ ထွက်သွားသူတွေရော၊ ဆရာနဲ့ပါသွားတဲ့ တပည့်တွေပါ အားလုံးနှမြောဖို့ကောင်းလှတယ်။ ဝန်ထမ်းတစ်ယောက်ဖြစ်လာဖို့ ဌာနကနှစ်ပေါင်းများစွာ မွေးမြူလေ့ကျင့်ခဲ့ရတာပါ။ အချိန်၊ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးလုပ်ခဲ့ရတာပါ။ ဒီတော့ ဝန်ထမ်းအရင်းအမြစ်ပြုန်းတီးရတာ ဆရာမွေး၊ တပည့်မွေးတဲ့စနစ်ကြောင့်ပါ။ အကောင်းဆုံးကတော့ ရောက်တဲ့နေရာမှာ လုပ်ရမယ့်တာဝန်ကို ရှိတဲ့သူနဲ့ အောင်မြင်အောင်လုပ်သွားရမှာပါ'

'အမယ်လေး အစ်ကိုရယ်။ ဝန်ထမ်းအဖွဲ့အစည်းကောင်းအောင်လုပ်ဖို့ လိုတဲ့အချက်တွေ အများကြီးပါလား'

ညီမလေး လဲ့လဲ့ကဆိုသည်။

'ကျန်သေးတယ်ညီမလေးရဲ့။ ဝန်ထမ်းတွေရဲ့ Mindset တွေကို ပြင်ဖို့လိုသေးတယ်'

'ဟုတ်တယ်နော် အစ်ကို။ ကျွန်မတို့ဝန်ထမ်းတော်တော်များများက ခေါက်ရိုးကျိုးအတွေးအခေါ်တွေနဲ့ ထုံထုံထိုင်းထိုင်းကြီးတွေ ဖြစ်နေသလိုပဲ'

'အင်း ညီမလေး အောက်ခြေဝန်ထမ်းတော်တော်များများက နေသာသလိုနေကြတယ်။ ကြီးကြပ်အုပ်ချုပ်ရတဲ့ အဆင့်ဆင့်ကလည်း ဖိအားပေးပြီးအလုပ်လုပ်ကြတယ်။ ဒီတော့ တစ်ဦးချင်းစီရဲ့ Initiative တွေကျသွားရော။ အဆိုးဆုံးကတော့ မခိုင်းရင်မလုပ်တော့တာပဲ ခိုင်းတာကိုပဲလုပ်ပြီး လုပ်သင့်လုပ်ထိုက်တာကို မလုပ်ကြတော့ဘူး။ ဒီတော့ ဝန်ထမ်းတွေရဲ့ Mindset တွေကိုပြင်ရမှာ။ Mindset တွေပြင်ဖို့ဆိုရင်လည်း မက်လုံး (Incentives)၊ ဒါမှမဟုတ် ဆုပေးဒဏ်ပေးစနစ်လိုပါတယ်။ ဌာနတွေမှာကြည့်လိုက်ရင် အလုပ်လုပ်ရတဲ့သူတွေမှာ အလုပ်တွေပုံနေပြီး၊ မလုပ်တဲ့သူတွေကျတော့လည်း ဘာမှကိုမလုပ်ရပါဘူး။ ရတဲ့ခံစားခွင့်ချင်းက အတူတူပဲဆိုရင် ဘယ်သူက အပင်ပန်းခံလုပ်ချင်တော့မလဲ။ ဒီတော့ ကြိုးစားတဲ့သူကိုကြိုးစားတဲ့အလျောက် နေရာပေး၊ ခံစားခွင့်ပေးရမှာပါ။ ဒါမှလည်း ဝန်ထမ်းတစ်ဦးချင်းစီမှာ ကြိုးစားအားထုတ်လိုစိတ် တက်လာမှာပါ။ နောက်ပြီး အရေးကြီးတာတစ်ခုက ဝန်ထမ်းတွေမှာကိုယ့်ဌာနမှု၊ ကိုယ့်ဌာနဆိုတဲ့ ဌာနစွဲစိတ်ကြီးလွန်းတာပါ။ ဌာနစွဲစိတ်ကြီးလွန်းရင် ပူးပေါင်းဆောင်ရွက်မှုအားနည်းသွားမှာပါ။ နိုင်ငံမှာကျင့်သုံးတဲ့မူဝါဒတွေ ဘယ်လောက်ကောင်းကောင်း အောက်ခြေကအကောင်အထည်ဖော်ရတဲ့ ဝန်ထမ်းတွေမပါရင် ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ ဒီတော့ စနစ်ကောင်းဖို့ဆိုတာ ဝန်ထမ်းကောင်းဖို့အရင်ပြင်ရမှာ။ ဝန်ထမ်းကောင်းဖို့လည်း ဝန်ထမ်းတွေရဲ့ Mindset တွေကို ပြုပြင်သွားရတာမျိုးပါ'

'ရော့ ရော့ ဒီမှာရေနွေးသောက်ဦး'

ဖြူလွဲ့က ရေနွေးခွက်ကမ်းပေးသည်။

'ဒီမယ်ဆရာကြီး ကိုယ့်ကိုယ်ကိုယ်ဝန်ထမ်းဆိုတာမမေ့နဲ့ဦး။ သူများတွေကိုပြင်ဖို့ပြောပြီး ကိုယ့်ကိုယ်ကိုယ်ပြင်ဖို့ မေ့နေဦးမယ်'

'အေးပါကွာ။ ကိုယ်လဲပြင်ရမှာပါ။ ကိုယ်ပြောသမျှတွေလည်း ကိုယ်ဖတ်မှတ်ထားတဲ့ စာအုပ်တွေထဲကရတာပါ။ ကိုယ့်မူပိုင်မဟုတ်ပေမယ့် ကိုယ့်ယုံကြည်ချက်တွေမို့ ကိုယ့်ရင်ခုန်သံအစစ်တွေပါ'

'အမယ်လေး စာရေးဆရာလို့မပြောရဘူး။ ဖွဲ့နွဲ့နေလိုက်တာ မုန်းစရာကြီး'

'တကယ်မုန်းသလား ဖြူလွဲ့ရဲ့'

ကျွန်တော့်စကားအဆုံးမှာ ကျွန်တော်ရလိုက်တာ ဖြူလွဲ့ရီရဲ့ မျက်စောင်းလှလှလေးရယ်ပါ။

## အရှက်ဦး၏ အလင်းတမန်



☼ ပြင်သင့်ပြီတဲ့ ပြောင်းသင့်ပြီ
ကိုလိုနီ ခေတ်ဟောင်းဆီက
ကြိုးနီချည် အမွေဆိုးကို
ချိုးဖျက်သင့်ပြီ။

☼ ပြောင်းသင့်ပြီတဲ့ ပြင်သင့်ပြီ
ဖက်ဆစ်ဆီ အလိုတော်ရိလို့
တစ်ကိုယ်စာ ကောင်းစိတ်မျိုးကို
ချိုးဖျက်သင့်ပြီ။

☼ ပြုပြင်ပြီးတော့ ပြောင်းသင့်ပြီ
ခေတ်မမီ တစ်ကိုယ်ကျိုးဖို့
သူဖုံးလို့ စားခဲ့အစဉ်
သူဖုံးစားညဉ်။

☼ ပြုပြင်ကာ ပြောင်းပါက
သိက္ခာလှ လူ့ရာဝင်
ကမ္ဘာတွင် တစ်ကျော့ပြန်လို့
မြန်မာတို့ နာလန်ထမယ်
သတိဝယ် အသိကြွယ်လှ
ငိုက်သမျှ လှုပ်နှိုးပုံနဲ့
အလုပ်ရုံ့ ဆွေးနွေးပွဲရဲ့
အကျိုးနဲ့ ရလဒ်ဟာ
အရှက်မှာ နေခြည်ထွန်းသလိုပ
လင်းလိုက်တာ ...မှ....။

THZ (ပခုက္ကူ)

# FIRST TAP & SECOND TAP

ကစစ (၁၇) ဆင်တဲသို့ ယာယီတာဝန်သွားရောက်ခဲ့ပါသည်။ စာရေးသူ၏ လုပ်သက်တစ်လျှောက် ဤတစ်ကြိမ်သာ ဆင်တဲစက်ရုံသို့ ရောက်ခဲ့ဖူးခြင်းဖြစ်ပါသည်။

မိမိနှင့်အတူလာသူ မိတ်ဆွေက ဆင်တဲစက်ရုံတွင် သူ၏သူငယ်ချင်းဖြစ်သူ ကိုကျော်ဆွေရှိသည်ဟုပြော၍ မေးမြန်းစုံစမ်းကာ ဝင်ရောက်တွေ့ဆုံဖြစ်ပါသည်။ ကိုကျော်ဆွေက လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံပြုစုပါသည်။

ဆင်တဲစက်ရုံတွင် စာရေးသူတို့စက်ရုံမှ စာရေးသူ၏ Section တွင် Practical ဝင်သွားကြပြီး စက်မှုကျောင်းဆင်းသွားကြသည့်သူများကို တွေးတောအမှတ်ရကာ အမည်များမမှတ်မိတော့သဖြင့် ကိုကျော်ဆွေအား ထုံးဘိုစက်မှုကျောင်းဆင်းများနှင့်တွေ့ချင်ကြောင်း ပြောပြသောအခါ ကိုကျော်ဆွေမှ ထုံးဘိုဆင်း မိန်းကလေးနှစ်ဦးအား ခေါ်တွေ့ပေးသောကြောင့် တွေ့ခွင့်ရခဲ့ပါသည်။

သူတို့ကတော့ ခင်စန်းရီနှင့် မှုမှုမြင့်တို့ဖြစ်ကြပြီး ခွဲခွာခဲ့ကြတာကြာပြီဆိုတော့ စကားလက်ဆုံ ပြောမကုန်ဖြစ်ခဲ့ကြရပါသည်။ စာရေးသူတို့သည် ရောက်တုန်းရောက်ခိုက် စက်ရုံအားလှည့်လည်ကြည့်ရှုရင်း လူလတ်ပိုင်းတစ်ဦးအားသိချင်တာလေးတွေမေးရာ တိုက်တိုက်ဆိုင်ဆိုင် ထိုလူက-

‘အစ်ကိုတို့ဆီမှာ စာရေးဆရာ KKG ဆိုတာသိလား’

ဟုစာရေးသူအား တည့်တည့်ကြီးလာမေးသဖြင့် စာရေးသူမှ-

‘ဘာဖြစ်လို့တုံး မောင်ရင်ရဲ့’

‘ဒီလိုပါ၊ KKG ရဲ့နည်းအတိုင်း NUT ရစ်တာ TAP ကျိုးသွားလို့ပါ’

ဟုပြောလာပါသည်။ ထိုမောင်ရင့်စကားကြောင့်-

‘မောင်ရင် KKG ဆိုတာ ကိုယ်ပဲ’

ဟုပြောလိုက်ရာ ထိုမောင်ရင်မှအားနာသွားဟန်တူပါသည်။

‘ဟို ဟို’

ဟုစကားထစ်နေပါသည်။

‘ရပါတယ် မောင်ရင်။ ကိုယ်တို့လည်း ဒီနည်းအတိုင်း ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ NUT ပေါင်းသိန်းနဲ့ချီပြီး ထုတ်လုပ်လာလို့ အောင်မြင်တဲ့နည်းပါ။ မောင်ရင်ရစ်တဲ့ NUT ကို ကိုယ်လိုက်ကြည့်လို့ရမလား’

ဟုမေးရာ မောင်ရင်မှလိုက်ပြပါသည်။ သူပြသော NUT ထဲတွင် TAP ကျိုးကျန်နေသည်ကိုပြပါ၏။

‘ဒါ ထုတ်လုပ်ရေးသုံး NUT တော့မဟုတ်ပါဘူး။ လိုအပ်နေတဲ့စက်ခုံတစ်ခုံမှာအသုံးပြုဖို့အတွက် ပြုလုပ်ရင်းကအစ်ကိုမြင်တဲ့အတိုင်း ဖြစ်သွားတာပါ’

ဟုပြောပါသည်။ စာရေးသူသည် အနည်းငယ်မျှစဉ်းစားပြီး-

‘ညီလေးရစ်တဲ့ NUT ရဲ့သံအမျိုးအစားက ဘယ်လောက်ရှိမလဲ’

ဟုမေးလိုက်ရာ ထိုမောင်ရင်က-

‘S 45 CD ပါ အစ်ကို’

ဟုပြန်ဖြေပါသည်။

‘ဟာ မောင်ရင့်ဟာက သံအမာကြီးပဲ။ သံအမာကြီးကျတော့ ဒီလိုရစ်လို့မရဘူး။ ကိုယ်တို့သုံးတဲ့ သံအမျိုးအစားက S 25 CD တွေအသုံးများတယ်။ ဒါက သံမမာ မပျော့ပေါ့ကွာ။ မောင်ရင်တို့လိုသံမျိုးကျတော့ နည်းတစ်မျိုးနဲ့ရစ်ရတယ်။ ထုတ်လုပ်ရေးသုံး NUT တွေမှာတော့ ဒီလိုသံအမာမျိုးလုပ်ရခဲပါတယ်။ ဗဟုသုတအဖြစ် မောင်ရင့်ကိုကိုယ်ပြောခဲ့မယ်။ မောင်ရင်ကတစ်ဆင့် အခြားလူတွေကိုလည်း ပြောပြပေးပါ’

ဟုပြောပြရင်း ရှင်းပြလိုက်ရာ ထိုမောင်ရင်သည် ကျေးဇူးတင်သဖြင့် စာရေးသူအားလက်ဖက်ရည်လိုက်တိုက်ချင်ကြောင်းပြောရာ စာရေးသူအချိန်မရသဖြင့် မသောက်နိုင်တော့ကြောင်းပြောကာ မိမိတာဝန်ထမ်းဆောင်ရမည့်နေရာသို့ ထွက်ခဲ့ပါလေသည်။

အချိန်ကိုလုပြီးပြောခဲ့ရသဖြင့် ထိုမောင်ရင်၏နာမည်ကိုပင် မမေးဖြစ်ခဲ့ပါ။

× × ×

စာရေးသူသည် ထိုမောင်ရင်နှင့်တွေ့ခဲ့ရခြင်းကြောင့် ဆက်၍စာရေးရန်ကျန်နေပါသေးလားဆိုသည့် အသိလေးတစ်ခု စာရေးသူ၏ ဦး ခေါင်းတွင်ဝင်လာသဖြင့် စာရေးသူကိုယ် တွေ့အောင်မြင်ခဲ့သော သံအမာရစ်ပုံရစ် နည်းအကြောင်းအား ထပ်ဆောင်းကာ ရွှေစက်မှုမှတစ်ဆင့် လုပ်သားပြည်သူများထံသို့ ဗဟုသုတရကြပါစေခြင်းအကျိုးငှာ ရေးသားတင်ဆက်လိုက်ရပါပေသည်။

စာရေးသူပြုလုပ်ခဲ့သော ဂျပန်မှ TAP များ၏ အမာအနေအထားမှာ ပုံစံတူလာကြ၍ သီးခြားသံအမာများကို ရစ်ကြရမည်ဆိုပါလျှင် TAP ကျိုးမှာသေချာပါသည်။ ထိုသို့မဖြစ်စေရန် TAP ကို FIRST TAP, SECOND TAP ဟူ၍ ၂ ချောင်းသုံးပြီး ရစ်လုပ်ရမည်ဖြစ်ပါသည်။

ဂျပန်နိုင်ငံမှာတော့ သံအမာရစ်သည့် TAP မျိုးရှိနိုင်သော်လည်း စာရေးသူတို့နိုင်ငံမှာတော့ သူများ TAP ကို မျှော်ကိုးမနေဘဲ ရှိသည့် TAP နှင့်ပင် “မြန်မာနည်း မြန်မာဉာဏ်” ဖြင့် မရရအောင်အသုံးပြုရစ်လုပ်ရမည်ဖြစ်ပါသည်။ သံအမာအား M 12 into 1.5 TAP နှင့် ရစ်ရမည်ဆိုကြပါစို့။

ရေးဆွဲဖော်ပြထားသည့် ပုံ (၁) ကိုကြည့်ပါ။ ပုံ (၁) တွင် ပြထားသည့်ပုံစံအတိုင်း ORIGINAL TAP ကို TAPER ဖြစ်အောင် လက်နှင့်ဖြစ်စေ၊ စက်နှင့်ဖြစ်စေ ကျောက်စက်တွင် သွေးယူရပါမည်။ စက်မရှိခင်က စာရေးသူတို့လက်နှင့်ရအောင်သွေးခဲ့ဖူးပါသည်။

သွေးရာတွင် TAPER ပုံစံသည် ပုံ (၃) တွင်ပြသထားသည့်အတိုင်း သံသားအားခုတ်စားရမည့် ရှေ့အသွားသည် မြင့်နေရမှာဖြစ်ပြီး မခုတ်စားရမည့်နောက်အသွားသည် နိမ့်နေရပါမည်။ သို့မှသာ ခုတ်စားလိုက်သည့် သံအမှုန့်များအထွက်ကောင်း၍ TAP မကျိုးမှာဖြစ်ပါ၏။


ပုံ (၁) တွင်ပြထားသည့် TAP ၏ နောက်ဆုံးအသွားကတော့ M 10 ဖြစ်နေရပါမည်။ ထိုသို့သွေးပြီးပါက FIRST TAP ဖြစ်သွားပြီဖြစ်သဖြင့် သံအမာ NUT အား HANDLE နှင့်ဖြစ်စေ၊ MACHINE နှင့်ဖြစ်စေ ရဲရဲတင်းတင်းအောက်သို့ရစ်ချလိုက်ပါ။ TAP သည်ချောမောစွာ အောက်သို့ဆင်းသွားပြီး TAP ကျိုးတော့မည်မဟုတ်ပေ။


ပြုလုပ်ရမည့် TAP များအား FIRST TAP နှင့်အကုန်ရစ်ပြီးပြီဆိုပါက FIRST TAP ကိုဖြုတ်ယူပြီး ပုံ (၂) တွင်ဖော်ပြထားသည့် SECOND TAP ကိုယူကာ FIRST TAP တပ်သည့်နေရာတွင် ပြန်တပ်၍ ရစ်ချလိုက်ပါက သေသပ်လှပသည့်အရစ်များနှင့်အတူ TAP ကျိုးခြင်းမရှိဘဲ NUT ကောင်းများ ရရှိသွားမည်ဖြစ်ပေသည်။


SECOND TAP ကိုတော့ ပုံစံပြောင်းခြင်းမပြုရဘဲ ORIGINAL အတိုင်း ရစ်လိုက်ရပါမည်။ ဒါမှသာ M 12 × 1.5 NUT SIZE ကိုတိကျစွာရမှာဖြစ်ပါသည်။ TAP ရစ်ရာတွင် NUT နှင့် TAP ကြားထဲသို့ ဆီထည့်ရစ်ရမည်ကိုတော့ သတိထားရန်လိုပါမည်။

သို့ဖြစ်ပါ၍ သံအမာရစ်ရန် TAP အား ဂျပန်သို့မှာယူနေပါက ငွေကြေးကုန်ကျမှုရှိမှာဖြစ်ပြီး အထက်ဖော်ပြပါကဲ့သို့ ပြုလုပ်လိုက်ပါက ငွေကြေးကုန်ကျမှုမရှိတော့ဘဲ လုပ်ငန်းအောင်မြင်မည်ဖြစ်ပါကြောင်း. . . ။

မြန်မာနိုင်ငံတော်ကြီး စက်မှုဖွံ့ဖြိုးတိုးတက်နိုင်ပါစေ။




**KKG (INSP) HI.12**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မဇ္ဈိမသတင်းအဖွဲ့ လာရောက်တွေ့ဆုံပြီး သိလိုသည်များမေးမြန်းခဲ့

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဇူလိုင်လ ၂၄ ရက်နေ့ နေ့လယ် ၁ နာရီက မဇ္ဈိမသတင်းအဖွဲ့မှ ဦးညီညီလတ် ဦးဆောင်သည့် သတင်းအဖွဲ့သည် ဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံပြီး သိလိုသည်များ မေးမြန်းခဲ့သည်။**

**သတင်းအဖွဲ့နှင့်တွေ့ဆုံစဉ် မေးမြန်းဖြေကြားချက်များအား ဖော်ပြလိုက်ပါသည်။**



မေး - အဘတို့ အသုံးမပြုတဲ့မြေတွေပေါ့။ ကျွန်တော်တို့သတင်းစာတွေထဲမှာလည်း ဖတ်ရတယ်။ စက်မှုဝန်ကြီးဌာနရဲ့မလိုတဲ့မြေတွေ ပြန်ပေးတာတွေရှိတယ်နော် အဘ။ အဲတော့ နောက်ထပ် ထပ်ပြီးတော့ပြန်ပေးဖို့ အစီအစဉ်ရှိလား အဘ။

ဖြေ - ကျွန်တော်တို့စက်ရုံအလုပ်ရုံတွေက အသုံးမပြုတဲ့မြေတွေကို အတိအကျတော့ ကျွန်တော်မပြောတော့ဘူး။ မူအားဖြင့်တော့ ကျွန်တော်တို့မသုံးဘူးဆိုတဲ့ မြေတွေကို နိုင်ငံတော်ကိုပြန်အပ်တာရှိတယ်။ နောက်တစ်ခုကတော့ ပြည်သူလူထုဆီက သိမ်းထားတဲ့မြေ၊ ဒါတွေထဲကလည်း အသုံးမလိုဘူးဆိုရင်၊ စိုက်ခင်းတွေအတွက် သိမ်းထားတဲ့မြေ၊ စက်ရုံဧရိယာထဲမှာ ကျယ်ကျယ်ပြန့်ပြန့်သိမ်းထားတဲ့မြေ ကျွန်တော်တို့ပြန်ပြန်ပေးနေတာတွေရှိတယ်။ ဒါကိုလည်း ဒုတိယသမ္မတ (၂) ဦးစီးတဲ့ ကျွန်တော်တို့ကော်မတီမှာ တင်ပြပြီးတော့ ဆက်ပြီးတော့ ဆောင်ရွက်နေတယ်။ ဆက်လည်း ကျွန်တော်တို့လုပ်သွားမှာပါ။

မေး - တစ်နိုင်ငံလုံးမှာ နောက်ထပ်ပြန်ပေးမယ့်ပမာဏကိုတော့ အတိအကျပြောလို့မရနိုင်ဘူးလား။

ဖြေ - အတိအကျပြောဖို့တော့ ကျွန်တော့်ဆီမှာ ဒီလောက် Figure တော့ ပြင်မထားဘူး။ ဒါပေမဲ့ ကျွန်တော်တို့ပြန်ပေးနေတာတော့ရှိတယ်။ ဘာခေါ်မလဲ။ ဒီဟာတွေကိုတော့ နယ်မြေခံလူထုကလည်း တင်ပြတယ်။ ကျွန်တော်တို့ရဲ့စက်ရုံအလုပ်ရုံတွေမှာလည်း ထုတ်လုပ်ရေးကိုမထိခိုက်ဘူး။ စက်ရုံအလုပ်ရုံတွေရဲ့ လုံခြုံရေးကိုလည်း မထိခိုက်ဘူးဆိုတဲ့ဟာတွေကိုတော့ ကျွန်တော်တို့ပြန်ပေးနေတယ်။

မေး - နောက်တစ်ခုကတော့ အဘဟိုတစ်လောက မလေးရှားတို့၊ ထိုင်းတို့ပေါ့လေ။ အဘနဲ့လာတွေ့တာတွေ ရှိတာပေါ့။ K Bank တို့ ဘာတို့လည်း ပါတာပေါ့။ နောက်သာဂရစက်မှုနယ်မြေအတွက် ပူးပေါင်းဆောင်ရွက်ဖို့၊ နောက်ကြံခင်း ဘိလပ်မြေစက်ရုံပေါ့။ မလေးရှားတို့အများကြီး အဘနဲ့လာတွေ့တာ ကျွန်တော်တို့ဖတ်ထားတာရှိတယ် အဘ။ သူတို့နဲ့ပေါင်းပြီး ဘာလုပ်ငန်းတွေလုပ်ဖို့ရှိလဲ အဘ။ ဥပမာ ကြံခင်းလား။

ဖြေ - ကျွန်တော်တို့ကတော့ ဘိလပ်မြေစက်ရုံ အဓိက ၃ ရုံရှိတယ်။ ကြံခင်းရယ်၊ သရက်ရယ်၊ ကျောက်ဆည်ရယ်ပေါ့။ အဲဒါတွေကတော့ ကျွန်တော်တို့ International Tender ခေါ်တယ်ဗျ။ International Tender ခေါ်တော့ ကျောက် ဆည်ကတော့ မြင့်ဆိုတဲ့ကုမ္ပဏီနဲ့၊ တရုတ်ကုမ္ပဏီနဲ့ ပေါင်းထားတဲ့ အဖွဲ့က တင်ဒါအောင်သွားပြီ။ နောက်ကြံခင်းကတော့ ဒီမှာရှိတဲ့ ဦးသာဋ္ဌေးတို့နဲ့ မလေးရှားအဖွဲ့နဲ့ပေါင်းထားတဲ့အဖွဲ့က တင်ဒါအောင်တယ်။ ဒါပေမဲ့ သူတို့က ခု Lime Stone Deposit ကို Feasibility ပြန်လုပ် နေတဲ့အတွက်ကြောင့်မို့ သူတို့နဲ့ကျွန်တော်တို့ Finalize ပြန်လုပ်ဖို့လိုတယ်။ နောက်တစ်ခု သရက်ကတော့ ပြည်တွင်းက ကိုစိုင်းတို့ကုမ္ပဏီနဲ့ တရုတ်နိုင်ငံ ဂျီဒေါင်းဆိုတဲ့ကုမ္ပဏီနဲ့ သူတို့ပေါင်းတဲ့အဖွဲ့ကနိုင်တယ်။ နိုင်တယ်ဆိုတာ Second Round တင်ဒါကျတော့မှ နိုင်တာပေါ့။ First Round တုန်းကတော့ ကျွန်တော်တို့ သိပ်ဆုံးဖြတ်လို့မရဘူးဖြစ်တယ်။ Second Round တင်ဒါမှာကျတော့ သူတို့နိုင်သွားလို့ သူတို့ကို ကျွန်တော်တို့ MIC တင်တာတို့၊ ဆက်ပြီး Handing Over လုပ်တာတို့ ဒါတွေကို Processing လုပ်နေပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ ကျွန်တော်တို့လုပ်နေတဲ့ဟာတွေထဲမှာ အဓိကကျတဲ့ ဘိလပ်မြေစက်ရုံကြီး ၃ ရုံရယ်၊ နောက်တစ်ခါ သာပေါင်းမှာ ကျွန်တော်တို့ရဲ့ Pulp and Paper Mill ရှိတယ်ပေါ့လေ။ 200 Ton Pulp နဲ့ 50 Ton Paper Mill ရှိတယ်ပေါ့နော်။ အဲဒါကိုလည်း ထိုင်းနိုင်ငံက Double A ဆိုတဲ့ကုမ္ပဏီက တင်ဒါအောင်ထားတယ်။ ကျွန်တော်တို့ MIC ကိုလည်း တင်ထားပြီးပြီ။ MIC ကိုလည်း ကျွန်တော်တို့ Vetting လုပ်တယ်ခေါ်တာပေါ့နော်။ အဲဒါကို ကျွန်တော်တို့ လုပ်နေဆဲဖြစ်ပါတယ်။ မကြာခင်မှာ ကျွန်တော်တို့စာချုပ်ချုပ်နိုင်မယ့် အနေအထားရှိပါတယ်။ စောစောက ကိုညီညီလတ်မေးတဲ့ဟာကတော့ ကျွန်တော်တို့ကို တချို့ဘဏ်တွေက လာတွေ့တာကတော့ ဘဏ်တွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ချင်တာရှိသလို ကျွန်တော်တို့ဘက်ကလည်း ဘဏ်တွေနဲ့တွေ့တဲ့အခါမှာ ကျွန်တော်တို့ SMIDB နဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ဟာတွေကို သူတို့ကို

(ခ) သို့ -

(က) မှ -

ချပြပါတယ်။ ဒါကြောင့်မို့လို့ SMIDB နဲ့ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ဧရိယာတွေမှာလည်း တချို့ဘဏ်တွေက လာရောက်နိုင်တဲ့အနေအထားရှိပါတယ်။

မေး - ကိုစိုင်းဆိုတာ ဒေါက်တာစိုင်းကို ပြောတာလား။

ဖြေ - မဟုတ်ဘူးခင်ဗျ။ နာမည်ထပ်ပြောမယ်။ ဒေါက်တာစိုင်းတော့မဟုတ်ဘူး။ သူက ဘီလပ်မြေမလုပ်ဘူး။ ရေသန့်ပဲလုပ်တယ်။

မေး - အဲဒါနဲ့ဆက်စပ်ပြီးတော့ နောက်ထပ်တခြားအထည်စက်ရုံတို့ ဘာတို့ကော အဘတို့လက်အောက်က စက်ရုံတွေ၊ ဂျပန်တို့ဘာတို့နဲ့ ပေါင်းမယ်လို့ကြားလို့ပါ။ အဲဒါကျတော့ ဘာများရှိပါသလဲ။

ဖြေ - ကျွန်တော်တို့ ဒီအထည်ချုပ်စက်ရုံဆိုလို့ရှိရင် အကြမ်းဖျင်းက ၁၀ ရုံရှိတယ်။ အဲဒီထဲကနေပြီးတော့ Private ကိုတင်ဒါခေါ်တာပေါ့။ ငှားကြတဲ့အခါကျတော့ အဲဒီအထဲမှာ ရွှေတောင်အထည်စက်ရုံကိုတော့ ဂျပန်အဖွဲ့ကနိုင်တယ်။ ရွှေတောင်ကတော့ တကယ်က ပြည်တွင်းကလုပ်ငန်းရှင်တွေက ဘယ်လိုမှမယူနိုင်လို့ ကြမ်းခင်းဈေးကို မအောင်ဘူး။ မှတ်မိသလောက်ဆိုရင် ကြမ်းခင်းဈေးက မြန်မာငွေ ကျပ်သန်း ၇၀၀/၈၀၀ ဆိုလို့ရှိရင် သူတို့က ၂၅၀ လောက်ပဲပေးတယ်။ နောက်ဆုံးတော့ ဒီဂျပန်အဖွဲ့ က ကြမ်းခင်းဈေးထက်ကျော်ပြီးပေးနိုင်လို့ သူတို့ပဲနိုင်သွားတာပေါ့လေ။ အဲဒါလည်း ကျွန်တော်တို့ လွှဲပြောင်းနိုင်ဖို့အတွက်ကတော့ Ongoing ပဲရှိပါသေးတယ်။ ဟုတ်ကဲ့။

မေး - အဲဒီမှာ အဘတို့ စက်ရုံမှာရှိတဲ့ဝန်ထမ်းတွေကိုကျတော့ ဘယ်လိုများအစီအစဉ်ရှိပါသလဲ။

ဖြေ - ကျွန်တော်တို့က ဒီမိုကရေစီနိုင်ငံတစ်ခုအနေနဲ့ပေါ့နော်။ ကျွန်တော်တို့ရဲ့ Public Sector ကိုလျှော့ချမယ်။ Private Sector ကိုအားပေးမယ်။ ဒီဟာကတော့ ကျွန်တော်တို့အခြေခံပဲ။ Principle ကတော့ ဒါကြောင့်မို့ ကျွန်တော်တို့က Level Playing Field မှာတော့ သူက Private နဲ့ယှဉ်နိုင်ဖို့ဆိုတာ နည်းနည်းခက်ခဲလာတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ Private Sector ကိုအားပေးရင်းနဲ့ တော်တော်များများကို ငှားပေးတာပေါ့။ ငှားပေးတဲ့အခါကျတော့ ငှားပေးပြီးသား စက်ရုံအလုပ်ရုံတွေဆိုလို့ရှိရင် ကျွန်တော်တို့အခြေခံ ၂ ချက် တောင်းဆိုတယ်။ နံပါတ် (၁) ကတော့ တင်ဒါလုပ်ထားတဲ့စက်ရုံတွေရဲ့ ကြမ်းခင်းဈေးကို ပြည့်မီကျော်လွန်ရမယ်။ အဲဒီတော့ အများဆုံးပေးတဲ့သူကို ကျွန်တော်တို့လက်ခံလိုက်တာပေါ့။ ဒါက သူကငှားခပေးရမယ်။ ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေကို ကျွန်တော်တို့အစိုးရဝန်ထမ်းတုန်းကပေးတဲ့ လစာတွေ၊ အပိုထောက်ပံ့ကြေးတွေ အဲဒါတွေထက်မလျှော့ဘဲနဲ့ပေးရမယ်။ ဒီနှစ်ခုက ကျွန်တော်တို့ရဲ့အဓိက Criteria နှစ်ခုပဲ။ အဲဒီ့အတိုင်း ကျွန်တော်တို့က ဝန်ထမ်းတွေကို ပြင်ပဝန်ထမ်းစည်းမျဉ်းနဲ့ ငှားလိုက်တာပေါ့။ ငှားလိုက်တော့ တချို့ဆိုလို့ရှိရင် ၂၀၁၀-၂၀၁၁ ခုနှစ်လောက်ကတည်းကစပြီး လုပ်ခဲ့တဲ့အခါကျတော့ Adaptation တော်တော်လေးပြီးသွားပြီပေါ့။ ပုဂ္ဂလိကတွေကလည်း သူတို့ရဲ့ Add on လုပ်တယ်ခေါ်တာပေါ့နော်။ စက်ပစ္စည်းအသစ်တွေ ထပ်တပ်ဆင်တယ်။ ပြီးလို့ရှိရင် နိုင်ငံခြားအဆက်အသွယ်တွေယူတယ်။ ပြီးရင်ဒါတွေကို ထုတ်လုပ်မှုတွေ တိုးမြှင့်အောင်လုပ်မယ်ဆိုတဲ့အခါကျတော့ သူတို့ကနောက်ဆုံးပိတ် ဒီဝန်ထမ်းတွေကို ပုဂ္ဂလိကဝန်ထမ်းအဖြစ်နဲ့ပြောင်းပေးပါဆိုပြီး တောင်းဆိုလာတယ်။ တောင်းဆိုလာတဲ့အခါကျတော့ ဒီဟာကို သက်ဆိုင်ရာဝန်ထမ်းတွေနဲ့ ကျွန်တော်တို့ကသွားပြီးတော့ ဆန္ဒသဘောထားတွေခံယူတာပေါ့။ မင်းတို့ဘယ်လိုရှိသလဲ။ မင်းတို့ Adaptation Period လည်း ကျော်လွန်ခဲ့ပြီပေါ့။ ၆ လ၊ ၁ နှစ်၊ ၂ နှစ်ရှိခဲ့ပြီး သူတို့ကသွားချင်တယ်ဆိုတဲ့လူတွေ အများစုရှိလာပြီပေါ့။ May be 85 %-90% လောက်က သွားချင်ပြီဆိုလို့ရှိရင်တော့ ကျွန်တော် တို့က ကောင်းပြီ။ ဒါဆိုလို့ရှိရင် မင်းတို့ကိုဆန္ဒသဘောထား တရားဝင်တောင်း မယ်ဆိုပြီး တရားဝင်စာရွက်စာတမ်းနဲ့တောင်းလိုက်တယ်။ တောင်းလိုက်တော့မှ သူတို့က သွားချင်ပါပြီလို့ပြောပြီဆိုလို့ရှိရင် ကျွန်တော်တို့က အဲဒါတွေအကုန် လုံးကို စုလိုက်တယ်။ စုလိုက်ပြီးတော့ ဖွဲ့စည်းပုံကို ပြန်အပ်ပါတယ်ဆိုပြီးတော့မှ ကျွန်တော်တို့က စီမံကိန်းစိစစ်ရေးနဲ့တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ စိစစ်တိုးဆိုတာရှိတယ်။ National Planning ရဲ့အောက်မှာပေါ့။ သူတို့ကို ကျွန်တော်တို့ကသွားပြီး တင်ပြတဲ့အခါကျတော့ သူတို့ကလက်ခံတယ်ဆိုတာ ဖြစ်တယ်။ အဲဒါကို ကျွန်တော်တို့က Cabinet ပြန်တင်ရတယ်။ Cabinet ပြန်တင်ပြီးတော့မှ Cabinet တင်ပြီးသား ဒီကျွန်တော်တို့ စာရင်းထဲကမှ ဟို ပုဂ္ဂလိကကို အပြီးသွားချင်တယ်ဆိုတဲ့လူတွေကို ကျွန်တော်တို့က Service ဘယ်လောက်ပဲရှိရှိ လျော်ကြေးပင်စင်ဆိုပြီး ထုတ်ပေးလိုက်တယ်။ အဲတော့ Service နည်းလည်းပေးတယ်။ သာမန်အားဖြင့် Service နည်းရင် ပင်စင်မရဘူး။ ဒါပေမဲ့ ကျွန်တော်တို့က လျော်ကြေးပင်စင်ဆိုပြီး ပေးလိုက်တယ်။ ပေးလိုက်တော့ အဲဒီ့လူတွေက ကျွန်တော်တို့ဆီက လျော်ကြေးပင်စင်ကိုယူလိုက်မယ်။ ပြီးရင် ဟိုဘက်က ပုဂ္ဂလိကနဲ့ဆက်လုပ်မယ်ဆိုတဲ့အခါကျတော့ သူတို့က လစာနှစ်ခုရတာပေါ့။ ဒါပေမဲ့ တချို့သော ဝန်ထမ်းတွေကတော့ ဒီအစိုးရဝန်ထမ်းဖြစ်တာကမှ ခိုင်မာပါတယ်ဆိုပြီး ယုံကြည်တဲ့သူတွေလည်း ရှိတယ်။ ဒါကတော့ May be 10% to 15% ရှိတယ်ပေါ့။ အဲဒီ့ထဲကမှ တချို့လူတွေကျတော့ ကျွန်တော်တို့ပြန်ယူရတယ်။ ပြန်ယူပြီးတော့မှ တခြားစက်ရုံ၊ အလုပ်ရုံ၊ ဦးစီးဌာနတွေကို Absorb ပြန်လုပ်ပစ်လိုက်တယ်။ အဲဒီ့နည်းနဲ့ ကျွန်တော်တို့လုပ်တာပေါ့။ ဒါကြောင့်မို့လို့ အခု ကျွန်တော်တို့ဝန်ထမ်းတွေဆိုလို့ရှိရင် ဒါ ၁၀,၀၀၀ လောက် အင်အားလျှော့သွားတယ်။ ဒီဟာကိုလည်း ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တစ်ခုအဖြစ်ထားပြီးတော့ လုပ်ဆောင်နေရတာပေါ့။ သို့သော် ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံ ဖျက်ပြီးသားစက်ရုံတွေပေါ့။ ဥပမာ ပလိပ်မှာရှိတဲ့စက်ရုံဆို ဖွဲ့စည်းပုံဖျက်ပြီးပြီ။ ဖျက်သိမ်းပြီးပြီ။ သူတို့ကိုလည်း အပြီးလွှဲပေးပြီးပြီ။ ဒါပေမဲ့ သူတို့နည်းနည်းလေး ဝန်ထမ်းတွေနဲ့ Industrial Relation နည်းနည်း Friction ရှိတယ်လို့ ကြားတယ်။ ကျွန်တော်တို့သွားပြီးတော့ ဖြေရှင်းပေးတာပဲ။ ကူပေးတာပေါ့။ ကျွန်တော်တို့ရော၊ အလုပ်သမားဝန်ကြီးဌာနရော၊ ဒေသအာဏာပိုင်ကရော သက်ဆိုင်ရာအလုပ်ရှင်ရော ကျွန်တော်တို့ဆီကသွားတဲ့ ကျွန်တော်တို့လွှဲလိုက်တဲ့ စက်ရုံအလုပ်ရုံအကြီးအကဲတွေကို ပေါင်းပြီးတော့ ဒါကိုမျှမျှတတဖြေရှင်းပေးတာပေါ့။ ဒါကြောင့်မို့လို့ ခုချိန်ထိကတော့ ဟို Issue လေးတွေ နည်းနည်းလေးတွေရှိပေမဲ့ အကုန်လုံးချိုကြည့်လို့ရှိရင်တော့ ဒီ Process သည် ချောချောမွေ့မွေ့နဲ့ ကျွန်တော်တို့သွားနေတဲ့အနေအထားရှိတယ်။

မေး - အဘပြောတဲ့ထဲမှာ လျော်ကြေးပင်စင်ဆိုတာပါပါတယ်။ လျော်ကြေးပင်စင်ဆိုတာ ရိုးရိုးပင်စင်ထက် ဘာများကွာခြားပါသလဲ။

ဖြေ - သူက တကယ်တော့ သူ့ရဲ့ Service ရှိသလောက် ပင်စင်ပေးလိုက်တာပဲ။ အခေါ်အဝေါ်ကတော့ လျော်ကြေးပင်စင်ပေါ့။ (Compensation Pension) လို့ခေါ်တယ်။ ဒါပေမဲ့သူက ခင်ဗျား Service နှစ် (၃၀) ရှိတယ်လို့ဆိုရင် နှစ် (၃၀) နဲ့ညီမျှတဲ့ ပင်စင်ရမယ်။ (၁၀) နှစ် Service ရှိရင် (၁၀) နှစ်နဲ့ညီမျှတဲ့ ပင်စင်ရမယ်။ ဒီဟာကို ခေါ်တာပါပဲခင်ဗျ။ အခေါ်အဝေါ် ပြောင်းသွားတာပေါ့။ သူက သက်ပြည့်ပင်စင်ရှိတယ်ဗျာ။ သက်ပြည့်ပင်စင်ဆိုတာကတော့ ခင်ဗျားအသက် (၆၀) ပြည့်လို့ယူသွားတာ။ လုပ်သက်ပြည့်ပင်စင်ရှိတယ်ဗျာ။ လုပ်သက်အနှစ် (၃၀) ရှိရမယ်။ အသက်က (၅၅) နှစ် ကျော်ပြီဆိုရင် လုပ်သက်ပြည့်ပင်စင်ပေးလို့ရတယ်။ နောက် ဆေးပင်စင်ပေးလို့ရတယ်။ နာမကျန်းပင်စင်ပေါ့။ ပြီးလို့ရှိရင် အခုဟာက လျော်ကြေးပင်စင်။ လျော်ကြေးပင်စင်ကတော့ ဒါကျွန်တော်တို့က သက်သက်ကိုသူတို့အတွက် အခွင့်အရေးရအောင် နိုင်ငံတော်က ပေးထားတဲ့ဟာပါပဲ။

မေး - အခု အဘ SMIDB တွေကို ADB ကချေးငွေပေးမယ်လို့ ကျွန်တော် အဘနဲ့တစ်ခါတွေ့တုန်းက သူတို့ကမ်းလှမ်းတာရှိတယ်လို့ပြောဖူးတယ်။ ADB ရဲ့အခုလက်ရှိ အဘတို့ဘဏ်ကို ချေးငွေပေးမယ့်အနေအထားကကော ဘယ်လိုများရှိနိုင်ပါသလဲ။

(ဂ) သို့ -

(ခ) မှ -

ဖြေ - ဒါကတော့ ကျွန်တော်တို့ Ongoing ပဲ။ ကျွန်တော်တို့ဆွေးနွေးနေတယ်ပေါ့။ ကျွန်တော်တို့ SMIDB က အခုတော့ ဘဏ်ခွဲ (၁၃) ခုလောက်ပဲရှိပြီး ဘဏ်ကသေးပါသေးတယ်။ ဒါပေမဲ့ ခင်ဗျားတို့ဟိုနေ့ကလုပ်လိုက်တဲ့ အစည်းအဝေးတွေမှာလည်း ကျွန်တော်တို့နည်းနည်းလေးသတိထားမိလိုက်တယ်လေ။ နိုင်ငံတော်ကိုပေးတဲ့ အခွန်တွေထဲမှာ ပေးတဲ့နှုန်းအား တော်တော်မြင့်တဲ့ဘဏ်တွေထဲမှာ ကျွန်တော်တို့ကပါတယ်။ မနှစ်ကဆိုရင် ကျွန်တော်တို့ ဒုတိယတောင်လိုက်တယ်။ ဒီနှစ်တော့ ကျွန်တော်တို့ နည်းနည်းအောက်ကျသွားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကမြင့်မားဆဲပဲ။ အခွန်ပေးသွင်းတာ မြင့်မားဆဲပါပဲ။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့က ဒီမြတ်တဲ့အမြတ်တွေကို အရင်းထဲမှာ ထပ်မထည့်ဘူး။ ထပ်မထည့်တဲ့အခါကျတော့ ကျွန်တော်တို့က အမြတ်ကများတာပေါ့။ အမြတ်များတဲ့အခါကျတော့ ကျွန်တော်တို့ Dividend လို့ခေါ်တဲ့ ဒီ Share ထည့်ဝင်ငွေပေါ်မှာ Share ရှင်တွေအပေါ်မှာ ပေးတဲ့ငွေက ပြီးခဲ့တဲ့နှစ်ကဆိုရင် ၁၇% နှုန်းပဲပေးလိုက်တယ်။ ၁၇% ပေးပြီးပိုတဲ့ဟာတွေအားလုံးကို ကျွန်တော်တို့က အမြတ်ထဲမှာကျန်နေခဲ့တာပေါ့။ ကျွန်တော်တို့ရဲ့ဘဏ်က ဘဏ်တွေမှာ လှည့်ပတ်နိုင်တဲ့ငွေကနည်းပါသေးတယ်။ တကယ်တမ်း ဘဏ်ကသေးတာပေါ့။ အဲတော့ ဘဏ်ကိုချေးနိုင်တဲ့ ပမာဏများလာအောင် ပြီးတော့ ကျွန်တော်တို့ ပြည်တွင်းမှာလိုအပ်နေတဲ့ SME လုပ်ငန်းတွေရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ Financial Assistance ပေးနိုင်အောင်လို့ဆိုပြီး ကျွန်တော်တို့က ဒါကိုနည်းလမ်းရှာပြီး နိုင်ငံတော်ကိုတင်ပြတော့ နိုင်ငံတော်ကနေပြီး ကျပ် ဘီလီယံ ၃၀ ကို Interest Rate 8.25% နဲ့ပေးတယ်။ အဲဒါကို ကျွန်တော်တို့က 8.5% နဲ့ပြန်ချေးတယ်။ 0.25% မြတ်တယ်ပေါ့။ ဒါပေမဲ့ အဲဒါသည် NPL လို့ခေါ်တာပေါ့။ Non Performance Loan ပေါ့။ NPL ဆိုတာ ပြန်မရတော့တဲ့ငွေပေါ့။ အဲဒီငွေမျိုးတွေ နောက်ပြီးတော့ Service Fees တို့ပေါင်းလိုက်လို့ရှိရင် ဘဏ်အနေနဲ့အမြတ်မရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့က SMEs တွေရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းချင်လို့ လုပ်ပေးတာပေါ့။ အလားတူ ကျွန်တော်တို့က SMEs တွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ချေးငွေတွေ လိုက်ရှာတဲ့အခါကျတော့ စင်ကာပူက Dymon Asia ဆိုတဲ့ Financial Institution ရှိတယ်။ သူတို့က ကျွန်တော်တို့နဲ့ချိတ်ပြီးတော့ အခု ကျွန်တော်တို့ကို တရားဝင်ချေးပေးတယ်။ ချေးပေးတော့ သူတို့က Interest Rate 4% နဲ့ချေးပေးတယ်။ 4% နဲ့ ချေးပေးတော့ ကျွန်တော်တို့လည်း သက်တောင့်သက်သာနဲ့ ဟိုဘက်လုပ်ငန်းရှင်တွေကို ပြန်ချေးပေးလို့ရတာပေါ့။ အခု VIDB ဘဏ်။ သူတို့ကလည်း ကျွန်တော်တို့ကို အဲဒီစောစောကပြောတဲ့ ဒီစင်ကာပူကဘဏ်ကတော့ 20 Million US$ ချေးပေးမယ်။ VIDB ကတော့ 30 Million ချေးပေးမယ်။ ချေးပေးမယ်ဆိုတော့ ကျွန် တော်တို့ ဒီပိုက်ဆံတွေကို ဗဟိုဘဏ်ကိုထည့်ရမယ်။ ဗဟိုဘဏ်က ကျွန်တော်တို့ကို မြန်မာငွေအမ်းပေးမယ်။ မြန်မာငွေအမ်းပေးပြီးတော့မှ ဒါကို ကျွန်တော်တို့ကချေးမယ်။ ဒါပေမဲ့ ပြန်ဆပ်ရမယ့်အချိန်ကျတော့ ဗဟိုဘဏ်ကပဲ ကျွန်တော်တို့နိုင်ငံခြားငွေပြန် Exchange လုပ်ပေးပြီးမှ ကျွန်တော်တို့ပြန်ဆပ်မယ်။ အဲတော့ ကျွန်တော်တို့ဘဏ်လည်း လာမယ့်လတွေအတွက်ကတော့ Future Prospect သိပ်ပြီးတော့ ကောင်းတဲ့ဟာပေါ့။ အဲဒီ့ထဲမှာမှ ခု ADB ကလည်း ချေးပေးမယ်ပြောတယ်။ ADB နဲ့ ကျွန်တော်တို့ ဆွေးနွေးနေတယ်။ ဒါပေမဲ့ Dymon Asia နဲ့ချေးဖို့လုပ်တာဆိုရင် ဒါမနှစ်က ဩဂုတ်လကစတာ။ ပြီးခဲ့တဲ့ ၂ လလောက်ကမှ အဆင်ပြေတယ်။ ဗဟိုဘဏ်က မူဝါဒတစ်ခုလိုလို့ပေါ့နော်။ VIDB လည်း အလားတူပါပဲ။ ADB နဲ့လည်း ကျွန်တော်တို့ချေးလို့ရအောင် လုပ်ပါ့မယ်။ တခြားလည်း KFW တို့၊ နောက် ဂျပန်ဘက်က တချို့ဘဏ်တွေတို့၊ K Bank တို့ ကျွန်တော်တို့တွေ့တဲ့လူတွေ အကုန်လုံးကို ခင်ဗျားတို့ငွေချေးမလားဆိုတော့ သာမန်အားဖြင့် ချေးချင်ပါတယ်။ အဲ ကျွန်တော်တို့ဘက်ပြောတာက ဒီ Performance Bank Guarantee လို့ခေါ်တာပေါ့။ အဲဒါမပေးနိုင်ဘူး။ ဘယ်သူက အာမခံမလဲ။ ကျွန်တော်အာမခံမယ်။ ကျွန်တော်က ကျွန်တော့ Sign ထိုးပြီး ကျွန်တော်အာမခံတယ်။ ဒီဟာကိုပဲ ကျွန်တော်ကပေးနိုင်တာပေါ့။ ဒါကိုပဲ သူတို့ Trust ရှိတယ်ဆိုရင် ကျွန်တော်တို့ကချေးမယ်၊ ချေးမယ်ဆိုပြီးတော့မှ ဒီဘဏ်ထဲကိုထည့်တာပေါ့။ ဒီသဘော ကျွန်တော်တို့လုပ်နေပါတယ်။ အဲတော့ ကျွန်တော်တို့ဘဏ်အနေနဲ့ကတော့ လာမည့်လာမည့် အချိန်တွေမှာလည်း အဲ့ဒီငွေတွေ စုဆောင်းငွေတွေလည်း ပိုများလာအောင်၊ ပိုပြီးချေးနိုင်လာအောင် လူထုကြားထဲမှာလည်း ပြန့်ပြန့်နှံ့နှံ့ဖြစ်အောင် ဘဏ်ခွဲတွေကို တစ်နှစ်ကို သုံး၊ လေးခုလောက်တိုးနိုင်အောင် ကြိုးစားနေတယ်။ မကြာခင်မှာ ကျွန်တော်တို့ မော်လမြိုင်ဘဏ်ခွဲဖွင့်မယ်။ နောက်ပိုင်း ကျောက်ပန်းတောင်းတို့စသည်အားဖြင့် မုံရွာတို့ အဲဒီ့ဘဏ်ခွဲတွေလည်း ဆက်ပြီးဖွင့်မယ်။

မေး - အဘတို့ ဝန်ကြီးဌာနမှာပေါ့။ အပေါင်ပစ္စည်းမလိုဘဲ ချေးတယ်ဆိုတဲ့ အစီအစဉ်လည်းရှိတယ်လို့ လွှတ်တော်မှာ အဘတို့ဒုဝန်ကြီးတစ်ယောက်ပြောပါတယ်။ အဲဒါကျတော့ ဘယ်တော့လောက် စအကောင်အထည်ဖော်နိုင်မလဲ ခင်ဗျ။

ဖြေ - အဲဒီဟာကို ကျွန်တော်တို့ကဒီ SMEs လုပ်ငန်းတွေဖွံ့ဖြိုးရေးအတွက်ကို ဒုတိယသမ္မတ (၂) ဦးစီးတဲ့ကော်မတီကနေ ကော်မတီ၊ ဆပ်ကော်မတီတွေဖွဲ့ပြီးတော့လုပ်တာပေါ့နော်။ လုပ်တဲ့အခါကျတော့ အဲဒါကိုတကယ်ဦးစီးတာကတော့ ဒေါက်တာမောင်မောင်သိမ်းပေါ့။ Finance Deputy Minister ဦးစီးတယ်။ သူ့အခေါ်အဝေါ်ကတော့ သူက Credit Insurance လို့ခေါ်တယ်။ Credit Insurance ဆိုတဲ့အခါကျတော့ လုပ်ငန်းရှင်က သူတို့ကော်မတီကို သွားရမယ်။ သူတို့ကော်မတီက Credit တစ်ခုပေးလို့ရှိရင် အဲဒီ Credit ပြနိုင်လို့ရှိရင် ဘဏ်ကချေးမယ်။ တခြားဘဏ်တွေကလည်း ဒီဟာကို ဘာ့ကြောင့်လဲဆိုတော့ Insurance ကနေပြီးတော့မှ အာမခံတာကိုး။ သူတို့မှာ အာမခံလုပ်ငန်းရှိတယ်။ အာမခံလုပ်ငန်းမှာ သူတို့မှာ ငွေရင်းငွေနှီးအများကြီးရှိတယ်။ ဒါကြောင့်မို့ သူတို့ကလုပ်နိုင်တယ်။ သို့သော် Function ကတော့ ကျွန်တော်သိသလောက် လူတွေကနားမလည်နိုင်သေးဘူး။ နားမလည်နိုင်သေးတဲ့အခါကျတော့ ခုချိန်မှာ Nil Function တော့ဖြစ်နေတယ်။ တကယ်လုပ်လို့ရှိရင် သူက အပေါင်ပစ္စည်းမပါဘဲနဲ့ ချေးနိုင်တယ်။ သို့သော် သူတို့ဘက်ကလည်း အတိုင်းအတာ Measure လေးတော့ရှိတာပေါ့နော်။ အဲဒီ Measure တွေထဲတော့ ဝင်ရ မယ်။ ဝင်ရမယ်ဆိုရင်တော့ Collateral မပါဘဲနဲ့ ဖြစ်မယ့်အစီအစဉ်ပါ။ ကျွန်တော်တို့ SMIDB ကလည်း အဲဒီလိုသာ Credit Insurance ရှိတယ်ဆိုရင် ချေးမှာပဲ။

မေး - အဲလိုချေးဖို့ ဗဟိုဘဏ်က ပါမစ်မပေးသေးဘူးလား။ လောလောဆယ်မှာ။

ဖြေ - ကျွန်တော်တို့ရဲ့ Finance နဲ့ ငွေချေးချင်တဲ့ Customer ကြားထဲမှာ မချိတ်မိသေးတာ။ အမှန်တကယ်ကတော့ Understanding ပေါ့။ ဒီဟာပေါ်မှာ နားမလည်နိုင်သေးဘူးဖြစ်နေတာ။ သူတို့ကလည်း ဒီဟာကို ကျွန်တော်ထင်တယ်လေ။ Workshop, Seminar လေးလုပ်ပြီးတော့မှ ဒီဟာပေါ်မှာ လူထုကို Awareness လေးလုပ်ဖို့ လိုမယ်လို့ယူဆတယ်။

မေး - နောက်တစ်ခုက အဘ စက်မှုဇုန် ၁၈ ခုလုပ်ဖို့ရှိတယ်။

ဖြေ - (၁၉) ခု၊ (၁၉) ခု။

မေး - ဟုတ်ကဲ့။ နောက်ထပ်လုပ်မယ့် စက်မှုဇုန် ၇ ခုထဲမှာ အဘတို့ Website ထဲမှာ တွေ့တာ နေပြည်တော်စက်မှုဇုန်နဲ့ မန္တလေးရတနာပုံစက်မှုဇုန်လို့ပါ ထားတာတွေ့တယ် အဘ။ အဲဒါတွေက လက်ရှိအကောင်အထည်ဖော်တဲ့ အနေအထားရောက်နေပြီလား။

ဖြေ - နေပြည်တော်လည်း လုပ်နေပြီ။ ဒါပေမဲ့ ကျွန်တော့်ဘက်က Lack Off ဖြစ်တာကတော့ နေပြည်တော်စက်မှုဇုန်ကို ကျွန်တော်မရောက်သေးဘူး။ ကျွန်တော့်ဆီက ဒုဝန်ကြီးတော့သွားတယ်။ ဟိုဘက်က နေပြည်တော်ကောင်စီက ဒုဝန်ကြီးနဲ့ အဖွဲ့ဝင်နဲ့သွားကြည့်ကြပြီးတော့မှ ဒီဟာကိုလုပ်ပါတယ်။ လုပ်တော့ကျွန်တော်တို့စက်မှုဇုန်တွေအလိုက်ကတော့ တော်တော်လေးကိုဒီရက်ပိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ကိုလုပ်နေတယ်။ ကျယ်ကျယ်ပြန့်ပြန့်လုပ်နေတယ်ဆိုတဲ့နေရာ

(ဃ) သို့ -

(ဂ) မှ -

မှာတော့ စက်မှုဇုန်တွေဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ဟာတွေကို ဖြည့်ဆည်းပေးမယ်ဆိုတဲ့ Theme နဲ့ပါ။ စက်မှုဇုန်တွေဖွံ့ဖြိုးမယ်ဆိုရင် အလုပ်အကိုင်တွေရကြမှာပေါ့နော်။ Especially Labour Intensive တွေ လုပ်နိုင်မယ်ဆိုရမယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ရဲ့ Production တက်လာမယ်။ တက်လာမယ်ဆိုရင် GDP တက်တယ်ပေါ့ဗျာ။ ဒီအယူအဆက ကျွန်တော်တို့လုပ်တာပါပဲ။ တကယ်တော့ စက်မှုဇုန်တွေထဲမှာတချို့လည်း နည်းနည်းအားနည်းတဲ့ စက်မှုဇုန်တွေရှိတယ်။ ဒါပေမဲ့ တကယ်တမ်းအားကောင်းတဲ့ စက်မှုဇုန်တွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီဘက်ပိုင်းမှာတော့ နိုင်ငံတော်ကထည့်ဝင်ငွေအများကြီးနဲ့ လုပ်မယ့်စက်မှုဇုန်ကတော့ ပုဏ္ဏားကျွန်းစက်မှုဇုန်ပေါ့။ ပုဏ္ဏားကျွန်းစက်မှုဇုန်ဆိုရင် ပြီးခဲ့တဲ့နှစ်လလောက်က ကျွန်တော်ရခိုင်ရောက်တော့ သွားကြည့်ခဲ့တယ်။ သူက ပုဏ္ဏားကျွန်းက တကယ်တော့လည်း Kaladon Multi Model Project ရဲ့ Mouth ပေါ့နော်။ အဝမှာရှိတယ်။ အဲဒီတော့ အိန္ဒိယကိုသွားမယ်ဆိုတဲ့ ပစ္စည်းတွေအကုန်လုံးက ပုဏ္ဏားကျွန်းနားမှာပဲ။ ရှင်းရှင်းပြောရရင် အတင်အချလုပ်ကြမှာပေါ့နော်။ Port ဆောက်ဖို့လည်း နေရာ ၃ ခုရှိတယ်။ ရေလည်း ထိုက်သင့်သလောက်နက်တယ်။ နောက်တစ်ခုကတော့ ဧရိယာလည်း ၁,၈၃၃ ဧကဆိုတော့ လုံလောက်တယ်။ အခုတော့ ဒါလွှတ်တော်မှာလည်း ပြောထားတယ်။ သူတို့ရဲ့ပြည်နယ်အစိုးရအနေနဲ့ ၇၄. ၈ ဘီလီယံကျပ်အသုံးပြုပြီးစမယ်။ Phase ၃ ခုနဲ့စမယ်။ လျှပ်စစ်ကလည်း လာမယ့်ဒီဇင်ဘာဆိုရင်ရောက်ပြီ။ ဒီဇင်ဘာမှာ လျှပ်စစ်ကအဲဒီကိုရောက်မယ်။ လယ်သမားတွေကလည်း ကျေနပ်တယ်။ ကျွန်တော်သွားတော့ကို လယ်သမားတွေက လာမလုပ်သေးဘူးလား၊ လာလုပ်စေချင်လှပြီ။ သူတို့က ဖွံ့ဖြိုးစေချင်တယ်။ သူတို့ကလည်း ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင် ရခိုင်မှာလယ်က သိပ်စျေးချိုတယ်။ အဲဒီစျေးချိုတဲ့လယ်ကို စျေးများများနဲ့လျော်ကြေးပေးမယ်ဆိုတော့လည်း ကျေနပ်တယ်။ ပြီးတော့ ရေကလည်း ဟိုဘက်ကချောင်းတစ်ခုကို ပိတ်လိုက်ပြီးတော့ ဆွဲရင် ၁၀ မိုင်လောက်ဆို ရေရောက်တယ်။ ရေချိုကောင်းကောင်းရောက်တဲ့ မိုးများတဲ့ဒေသဆိုရင် ဆည်ကောင်းကောင်းဆောက်နိုင်တယ်။ ရေလည်းလုံလောက်တယ်ဆိုတော့ အဲဒီ့နေရာတွေတော့ ကျွန်တော်တော့ဖြစ်မယ်ထင်တယ်။ Kaladon Multi Model Project ရဲ့ Target Area က တကယ်တမ်းပြောရလို့ရှိရင်တော့ အိန္ဒိယနိုင်ငံရဲ့ အရှေ့ပိုင်းမှာရှိတဲ့ ပြည်နယ် ၉ ခုလောက် သန်းတစ်ရာကျော်ရှိတဲ့ Population အတွက်ကို Feed လုပ်နိုင်တယ်ပေါ့။ ဒါကြောင့်မို့လို့ အဲဒီဟာကတော့ တကယ်လည်းအောင်မြင်မယ့်စီမံကိန်းလို့ ယူဆပါတယ်။ ဒါကြောင့်မို့ ရခိုင်မှာ ကျောက်ဖြူ Deep Sea Port နဲ့ ကျောက်ဖြူ SEZ လည်းရှိတယ်။ နောက် ပုဏ္ဏားကျွန်းစက်မှုဇုန်လည်းရှိမယ်ဆိုရင် ရခိုင်ဒေသရဲ့လူမှုစီးပွားဘဝမြင့်တင်ရေးလည်း အများကြီးကိုအထောက်အကူပြုမယ့် အင်ဂျင်တွေဖြစ်တယ်။

မေး - မန္တလေးရတနာပုံစက်မှုဇုန်အကြောင်းကော အဘ။

ဖြေ - မန္တလေးရတနာပုံစက်မှုဇုန်ကလည်း အလားတူပါပဲ။ ကျွန်တော်တို့လုပ်နေတယ်။ ဒါပေမဲ့ စောစောကပြောသလိုပေါ့နော်။ စက်မှုဇုန်တွေ စက်မှုဇုန်တွေလိုက်ကတော့ တကယ်တမ်းပြောရလို့ရှိရင် ကျွန်တော်တို့က Focal Ministry အနေနဲ့ တစ်စိတ်တစ်ပိုင်းမှာတော့ တာဝန်ရှိတယ်ပေါ့။ ဒါပေမဲ့ တကယ်အကောင်အထည်ဖော် တာက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရတွေက အကောင်အထည်ဖော်တာဗျ။ အဲဒီသဘောတော့ရှိတယ်။ သူတို့ရဲ့ကမကထ၊ ဝါယမစိုက်မှုပေါ်မှာ အဓိကကျပါတယ်။ ကျွန်တော်တို့ကတော့ အခု ဒုတိယသမ္မတ (၂) ဦးစီးတဲ့အဖွဲ့မှာ စက်မှုဇုန်တွေအလိုက်မှာ တကယ်တမ်းမြေတွေယူထားပြီးတော့မှ အလုပ်မလုပ်တဲ့မြေတွေပေါ့ဗျာ။ ကျွန်တော်တို့စာရင်းလိုက်ကောက်နေတယ်။ ကျွန်တော်တို့စာရင်းလိုက်ကောက်ပြီးတော့ လုပ်ဖို့ ကျွန်တော်တို့က Warning ပေးမယ်။ သူတို့က သတ်မှတ်ထားတဲ့အချိန်အတောအတွင်းမှာမလုပ်နိုင်ဘူးဆိုရင် ကျွန်တော်တို့က ဒီစည်းမျဉ်းစည်းကမ်းအရ ၆ လအတွင်း အကောင်အထည်ဖော်ရမယ်ဆိုတာ နဂိုပေးတုန်းကပါပြီးသား၊ အခု ၆ နှစ် မကတော့ဘူးလေ။ ဒါသိမ်းတယ်တော့ ကျွန်တော်တို့မခေါ်ဘူးလေ။ ပြန်အပ်ဖို့အတွက်ကို သူတို့မှာတာဝန်ရှိလာမယ်။ အဲဒီတော့ သဘောကတော့ အဲဒီလိုလုပ်ခြင်းအားဖြင့် ဘာကောင်းလဲဆိုရင်တော့ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြေရှားပါးတဲ့ဒုက္ခကို ဖြေရှင်းပြီးသားဖြစ်မှာပေါ့နော်။ အဲဒီသဘောတော့ ရှိပါတယ်။

မေး - အကယ်၍ သူတို့ဘက်က ပြန်မအပ်ဘူးဆိုရင် ဘာလုပ်မလဲ။

ဖြေ - ဒါကတော့ Law Enforcement အပိုင်း သွားရမှာပေါ့ဗျာ။ ကျွန်တော်တို့ကတော့လုပ်ဖို့ သူတို့ကိုပြောမှာလေ။ လုပ်ဖို့ပြောမှာပေါ့။ အဲဒီတော့ Category က နှစ်မျိုး၊ သုံးမျိုးတော့ရှိမှာပေါ့။ သူက ထုတ်လုပ်ရေးအတွက် လုပ်ဖို့ရှိပေမယ့် ထုတ်လုပ်ရေးမလုပ်ဘဲ ဂိုဒေါင်တွေဆောက်ထားတယ်။ ဒါကျလို့ရှိရင်လည်း တစ်ပိုင်းပေါ့။ တချို့ကတော့ ဘာမှကိုမလုပ်ဘူး။ ခြံစည်းရိုးလည်း မခတ်နိုင်ဘူးဆိုတဲ့လူတွေလည်းရှိတယ်။ အဲဒီလိုပဲ Category တွေကတော့ အမျိုးမျိုးရှိတယ်။ ဒီဟာ တကယ်တော့တိုင်းပြည်အတွက် အကျိုးရှိတာကတော့ ထုတ်လုပ်ရေးလုပ်မှအကျိုးရှိမှာ။ စောစောကပြောသလို Land Speculation လုပ်တဲ့ဟာသည် တကယ်တမ်းပြောရရင် တိုင်းပြည်အတွက် အကျိုးမရှိပါဘူး။

မေး - အခု မန္တလေးစက်မှုဇုန်၊ ရတနာပုံစက်မှုဇုန်ဆိုတာ ဘယ်နားလောက်များဖြစ်မလဲ အဘ။ ကျွန်တော်တို့ ပုသိမ်ကြီးဘက်လား၊ ဒီဘက်လား။

ဖြေ - ဒါ ဒေသကလူမှသိမယ်ဗျ။ တိတိကျကျတော့လေ။ ဒေသကလူမှပြောလို့ရမယ်။ ကျွန်တော်တို့ကလည်း ဒေသအာဏာပိုင်က အကောင်အထည်ဖော်တဲ့ဟာဆိုတော့ ကျွန်တော်တို့ကတော့ သွားပြီးဒီအပေါ်မှာ Supersede မလုပ်ဘူးပေါ့နော်။

မေး - အခု ၂၀၁၅ မတိုင်ခင် အဘတို့လုပ်ငန်းတွေ ဒီအထည်ချုပ်လုပ်ငန်းတွေပေါ့။ လက်ရှိလုပ်နေတဲ့လုပ်ငန်းတွေရဲ့ ဘယ်နှစ်ရာခိုင်နှုန်းလောက်ကို အဘတို့လွှဲနိုင်မလဲ။

ဖြေ - အထည်ချုပ်တစ်ခုထဲကို မပြောဘူး။ အားလုံးကိုခြုံပြောလိုက်မယ်။ အားလုံးကိုခြုံပြော ရင် ကျွန်တော်တို့က အဓိကစက်ရုံ ၁၄၄ ခုရှိတယ်။ အဲဒီထဲမှာ ပြီးခဲ့တဲ့ ၂၀၁၀-၁၁ ခုနှစ်ကတည်းက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို ကျွန်တော်တို့အပြီးရောင်းတာတို့၊ လွှဲတာ တို့ လုပ်လိုက်တာက ၃၀ ရှိတယ်။ ၃၀ ရှိတော့ ကျွန်တော်တို့က ၁၁၄ ခုကျန်တယ်။ ၁၁၄ ခုမှာ အခု ကျွန်တော်တို့ဒီဘက်ပိုင်းမှာ ပုဂ္ဂလိကကိုငှားတာ၊ ပုဂ္ဂလိကနှင့် JV လုပ်တာ၊ ပုဂ္ဂလိကနဲ့ Product Sharing လုပ်တာ ၅၇ ခု လုပ်ပြီးသွားပြီ။ ကျွန်တော်တို့လက်ထဲမှာ အခု ၅၇ ခု ကျန်တယ်ပေါ့။ ၅၇ ခုမှာလည်း အခုလိုပေါ့။ လွှဲဖို့ ပြောင်းဖို့လုပ်နေတဲ့ On-going လုပ်နေတဲ့ဟာတွေက ၁၀ ခုလောက် ရှိတယ်။ လွှဲဖို့ပြောင်းဖို့ လုပ်နေတာပေါ့။ အခုကျောက်ဆည်ဆို ကျွန်တော်တို့ကလွှဲတဲ့အထဲ မပါသေးဘူး။ ဒါပေမဲ့ သေချာပေါက်ဟိုမှာတောင်စပြီးတော့ သူတို့တရုတ်ပညာရှင်တွေဝင်ပြီးတော့ သူတို့နဲ့ပူးပေါင်းဆောင်ရွက်နေပြီ။ Double A ဆိုလို့ရှိရင်လည်း သာပေါင်းမှာ Overhaul လုပ်နေပြီ။ သူတို့က လက်ရှိ ၅၇ ခုစာရင်းထဲ ကျွန်တော်တို့ ကိုင်နေတဲ့စာရင်းထဲပါနေတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကဆက်ပြီး လွှဲဖို့ကြိုးစားနေတယ်။ တချို့စက်ရုံတွေဆိုရင်လည်း အခုကျွန်တော်တို့နောက်ထပ်ထပ်ပြီးတော့မှ တင်ဒါခေါ်နေတာပဲ။ သို့သော် ကျွန်တော်ကြုံတုန်းပြောပြရလို့ရှိရင်ပေါ့ဗျာ ကျွန်တော်တို့ဟိုတုန်းက တပ်မတော်အစိုးရလက်ထက်မှာတုန်းက ကျွန်တော်တို့ရဲ့ရည်ရွယ်ချက် က တောနဲ့မြို့နဲ့ကွာခြားမှု၊ လျှော့ချဖို့ To narrow down the development gap between urban and rural area ပေါ့။ ဒါကိုရည်ညွှန်းတာပေါ့။ နောက်တစ်ခုကတော့ အလုပ်အကိုင်ရရှိရေး လုပ်ပေးဖို့ သူကဒီဟာတွေပေါ်မှာရည်ညွှန်းပြီးတော့ နယ်တွေမှာတော်တော်များများ လုပ်လိုက်တယ်။ ဒါပေမဲ့ ဒီခေတ်ဒီအခါကျတော့ Transport Charges က အဲဒီနေရာကလူတွေက ရန်ကုန်ကလူတွေနဲ့ မယှဉ်နိုင်တော့ဘူး။ မယှဉ်နိုင်တော့ ကျွန်တော်တို့ကဆိုကြပါစို့။ ပွင့်ဖြူမှာရှိတဲ့စက်ရုံ၊ ဆားလင်းကြီးမှာရှိတဲ့စက်ရုံ ၊ နောက်စစ်ကိုင်းမှာရှိတဲ့စက်ရုံ လေလံပစ်တာ ၅ ခါလောက်ရှိပြီ။ တင်ဒါဖောင်ကိုလာမယူဘူး။ အဲဒီလိုရှိတာပေါ့နော်။ အဲဒီဟာတွေကို အစွံထုတ်

(င) သို့ -

(ဃ) မှ -

ဖို့ကျတော့ ကျွန်တော်တို့မှာအခက်အခဲရှိတယ်။ ဘာကြောင့်လည်းဆိုတော့ ဟိုတုန်းကရည်ရွယ်ချက်က အလုပ်အကိုင်ရရှိရေးဆိုတဲ့အတွက် အလုပ်တွေကခန့်ထားတာက စက်ရုံတစ်ရုံဆိုရင် လူ ၁,၅၀၀ လောက်ခန့်တာ။ အဲဒီ ၁,၅၀၀ ကို စောစောကကျွန်တော်ပြောသလို စက်ရုံငှားခလည်းပေးရမယ်။ အလုပ်သမားကို လခလည်းပေးရမယ်ဆိုတော့ တော်ရုံတန်ရုံလူက ဒါကိုမကိုင်တွယ်နိုင်ဘူးပေ့ါ။ အဲဒီလိုတော့ရှိတယ်။ ဒါပေမဲ့လည်း ပခုက္ကူမှာအထည်ချုပ်စက်ရုံ ၂ ရုံ ရှိတာပေ့ါ။ ၁ ရုံကတော့ ငှားပြီးသွားပြီ။ ကျွန်တော်ပြီးခဲ့ တဲ့တစ်လတစ်လခွဲကရောက်ပါတယ်။ ငှားပြီးတဲ့အချိန်မှာ ပထမ ၂ လကို Training ပေးတယ်။ တတိယလမှာ Production စထုတ်တယ်။ Production လုပ်ပြီးသားတွေအားလုံးကို အမေရိကန်ဘက်ကိုပို့မယ် သူက Packing တွေလုပ်နေပြီ။ ဒေါ်လာတစ်သိန်းဖိုးဆိုလား စပြီးထုတ်နေပြီ။ ဒီလိုပြောတယ်ဆိုတော့ ပုဂ္ဂလိကမှာတော့ သူတို့ရဲ့ Networking တွေက ကျယ်ပြန့်တယ်။ လုပ်ငန်းကျွမ်းကျင်မှုလည်းရှိတယ်။ ကျွန်တော်တို့ရဲ့အစိုးရ သဘောတရားကျတော့ ဘတ်ဂျက်ရှိမှလုပ်လို့ရတယ်။ ဘတ်ဂျက်မှာလည်း ၂ မျိုးပဲ ရှိတယ်လေ။ BE ရယ်၊ RE ရယ် ၂ မျိုးပဲရှိတော့ ကျွန်တော်တို့က ဘယ်လောက်ပဲ ဈေးကွက်တောင်းဆိုတောင်းဆို ကျွန်တော်တို့ကလှည့်လို့ပတ်လို့က သိပ်မရဘူး။ ဒီခေတ်ဒီအခါပိုဆိုးတယ်။ လှည့်လို့ရှိရင် Budget Regulation ကိုဖောက်ဖျက်တယ်ဆိုပြီး ဘက်ပေါင်းစုံကထောက်နေတဲ့အခါကျတော့ နည်းနည်းအကန့်အသတ်တွေက များလာတာပေ့ါ။ အကန့်အသတ်တွေကများလာတဲ့အတွက်ကြောင့်မို့ ဒီလုပ်ငန်းတွေသည် Private Sector ကလုပ်တာပဲကောင်းတယ်။ ကျွန်တော်တို့ကတော့ ဖြစ်နိုင်သမျှလျှော့ချမှာပဲ။ အဲတော့ ဒီဟာကိုအစိုးရကကိုင်ထားတဲ့ဟာသည် ဒါရေရှည်မှာဘယ်လိုမှမဖြစ်သင့်တော့ဘူး။ ကိုင်ထားလို့ရှိရင် ရှုံးမယ်။ ရှုံးရင်ဘယ်သူခံရမလဲ။ သန်း ၆၀ သောပြည်သူခံရမယ်။ ဒီဟာကတော့ ကျွန်တော်ရောက်တဲ့နေရာတိုင်းမှာ ဝန်ထမ်းတွေကိုလည်း ဒါပဲအသိပေးတယ်။ မင်းတို့မြတ်အောင်လုပ်၊ မမြတ်ရင်လည်း မင်းတို့ Break Even ကြေလို့ရအောင်လုပ်။ ကောင်းပြီ ဒီကြားထဲမှာ မင်းရှုံးတယ်ဆိုရင် ရှုံးတာကို နည်းအောင်လုပ်၊ ဘယ်လိုလုပ်မလဲ။ ခြိုးခြံချွေတာပြီးလို့ရှိရင် ဖြစ်နိုင်သမျှကိုယ့်ပစ္စည်း ကိုယ်ရအောင်ရောင်း၊ ဒီဟာကိုပဲ ကျွန်တော်တို့ကတော့ တွန်းအားပေးနေရတာပေ့ါ။

မေး - နောက်တစ်ခုက အဘရခိုင်မှာလည်း ရခိုင်စီးပွားရေး၊ လူမှုစီးပွားအကောင်အထည်ဖော်ရေးအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ်ပါထားတော့ အခုရခိုင်မှာကောအဘ ဘယ်လိုမျိုးထောက်ပံ့မှုတွေ လုပ်ပေးနေလဲ။

ဖြေ - ရခိုင်မှာကတော့ ကျွန်တော်တို့ကပြီးခဲ့တဲ့နှစ်ကဆိုလို့ရှိရင် ရခိုင်မှာရှိခဲ့တဲ့ပြဿနာအပြီးမှာ ကျွန်တော်တို့လူမှုစီးပွားမြှင့်တင်ရေးအဖွဲ့က နိုင်ငံတော်ဘတ်ဂျက်ပေ့ါလေ။ ၁. ၄ ဘီလီယံကျပ်အသုံးပြုပြီးတော့ ဒါသက်သက် Surplus ပေ့ါ။ အဲဒီဒေသကလူတွေအတွက် လုပ်ပေးတယ်။ ဘာတွေလုပ်ပေးလဲဆိုတော့ သူတို့ကဒီစိုက်ဖို့၊ ပျိုးဖို့ပေ့ါနော်။ ဒီပြဿနာဖြစ်တဲ့ Conflict Area တွေမှာ စိုက်ဖို့ပျိုးဖို့အတွက် ဧက ၇,၀၀၀၊ ၈,၀၀၀ လောက်ရှိတယ်။ အဲဒီနေရာတွေအတွက် ကျွန်တော်တို့က ထွန်စက်တွေ၊ Power Tiller တွေပေ့ါ၊ ရောက်အောင်ပို့ပေးတယ်။ ပြီးရင် အဲဒါတွေကျွန်တော်တို့ပဲ လိုက်ထွန်ပေးတယ်။ ဒါထွန်တာအပိုင်းပေ့ါ။ နောက်တစ်ခုကတော့ သူတို့အတွက်မျိုးစပါးတွေရအောင်လုပ်ပေးတယ်။ အဲဒီအတွက် ကျွန်တော်တို့က Fertilizer တွေရအောင်လုပ်ပေးတယ်။ ဒီဟာတွေကတော့ စိုက်ပျိုးရေးအပိုင်းပေ့ါ။ နောက် တစ်ခုကတစ်ခါငါးဖမ်းတဲ့လုပ်ငန်းခွင်မှာရှိတဲ့ သူတွေအတွက်ဆိုရင်လည်း ကျွန်တော်တို့ကပိုက်တွေ၊ ကွန်တွေ ပြီးလို့ရှိရင် လှေတွေ၊ စက်လှေတွေ အဲဒါတွေကိုမွေး/ရေကနေတဆင့် ဖြန့်ပေးတယ်။ ကျန်တဲ့ပညာရေးဆိုရင်လည်း ပညာရေးအလျောက် ကျောင်းတွေပြန်ဖွင့်နိုင်အောင် လုပ်ပေးတယ်။ ကျန်းမာရေးဆိုရင်လည်း ကျန်းမာရေးဆေးခန်းတွေဖွင့်နိုင်အောင် ဖွင့်ပေးတယ်ပေ့ါနော်။ စောစောကပြောသလိုပေ့ါ။ ဘက်ပေါင်းစုံကတော့ ကျွန်တော်တို့ လုပ်ပေးတယ်။ ဒီနှစ်ကတော့ ကျွန်တော်တို့ ကျပ် ၁. ၁ ဘီလီယံသုံးမယ်ဆိုပြီးတော့ ပြောထားတာပေ့ါ။ ကျပ် ၁. ၁ ဘီလီယံသုံးမယ်ဆိုပေမယ့် တကယ်တမ်းကတော့ ပိုသုံးရမှာပါ။ ဘာကြောင့်လဲဆိုရင် အခုကိုပဲ ဟိုဘက်ကဘူးသီးတောင်၊ မောင်းတောဘက်မှာရှိနေတဲ့ ကျွန်တော်တို့ရခိုင်တွေပိုင်တဲ့လယ်တွေကို ဘင်္ဂါလီတွေကမငှားတော့ဘူးဆိုတော့ ရခိုင်တွေကလည်း အဆင်သင့်မဖြစ်ဘူးဆိုတဲ့အခါကျတော့ ဒါတွေကို ကျွန်တော်တို့ဝိုင်းပြီး လုပ်ပေးရပြန်ပြီ။ ကျွန်တော်တို့က ဝင်လုပ်ပေးမှရမယ်ဆိုတဲ့အခါကျတော့ ပိုက်ဆံပိုသုံးရတာပေ့ါဗျာ။ ဒီသဘောတော့ရှိပါတယ်။

မေး - ဒီဘတ်ဂျက်ကျတော့ နိုင်ငံတော်ဘတ်ဂျက်ကပေးတာပေ့ါ။

ဖြေ - နိုင်ငံတော်က ပေးတယ်။ နိုင်ငံတော်က ပေးတယ်။

မေး - နောက်တစ်ခုကအခြားအဖွဲ့အစည်းတွေ ဥပမာ OIC လို အဖွဲ့အစည်းတွေကထောက်ပံ့ငွေတွေကျတော့ အဘတို့ထဲပြန်ဝင်လား။

ဖြေ - ကျွန်တော်တို့ဆီကို မရောက်ဘူး။ သူက OIC က ဆိုကြပါစို့၊ ကျောင်းတွေဘာတွေဆိုသူတို့က လာတိုက်ရိုက်ဆောက်ပေးတယ်။ ကျွန်တော်ရောက်ဖူးတဲ့မင်းပြားနားမှာရှိတဲ့ စမ္ဘာလေဆိုတဲ့ရွာဆိုရင် ရခိုင်ရွာလည်းရှိတယ်။ ဘင်္ဂါလီရွာလည်းရှိတယ်။ စမ္ဘာလေရခိုင်ရွာရှိတယ်။ စမ္ဘာလေဘင်္ဂါလီ ရွာရှိတယ်။ အဲတော့ကျွန်တော်တို့ က OIC က ကျောင်းဆောက်ပေးမယ် ဆိုရင် ကောင်းပြီ၊ မင်းတို့က ရခိုင်ရွာလည်း ဆောက်ပေး၊ ဘင်္ဂါလီရွာလည်းဆောက်ပေး၊ တစ်ဖက်ဖက်ကိုပဲဆောက်ပေးမယ်ဆိုရင် နဂိုတုန်းကရှိနေတဲ့ သဘောထားကွဲလွဲမှုက ပိုဟသွားမှာစိုးလို့၊ ကျွန်တော်တို့က ဒါကိုတော့ Insist လုပ်တယ်လေ။ မျှမျှတတလည်းလုပ်ပေးပါတယ်။ OIC ကလည်း ဒါကိုလိုက်နာပါတယ်။ OIC ကတော့ သပ်သပ်ပေးတာပေ့ါ။ အလားတူပဲ MSF တို့ကျန်တဲ့ဒီ WFP တို့ ဒီအဖွဲ့အစည်းတွေကလည်း ပေးပါတယ်။ ပေးတော့ WFP ကတော့ အထူးသဖြင့် စားနပ်ရိက္ခာအတွက် အဓိကထောက်ပံ့တာပေ့ါ။

မေး - ဒီမေးခွန်းကတော့ နည်းနည်းတော့ Sensitive ဖြစ်ပါတယ်။ အဘတို့လက်တွေ့ လုပ်နေတယ်ဆိုတော့ ခုရခိုင်တွေက သူတို့ပြောသလို NGO တွေက ဟိုဘက် ဘင်္ဂါလီတွေ၊ ရိုဟင်ဂျာတွေ ဘက်ကိုပိုပြီးထောက်ပံ့နေ တယ်ဆိုတော့ အဲဒါကော လက်တွေ့မှာတကယ်ဖြစ်နေလားအဘ။

ဖြေ - အမှန်တကယ် ကျွန်တော့်အမြင်အရတော့ ကျွန်တော်ကလည်း တစ်ခေါက်ပဲရောက်ဖူးတာကိုး။ ကျွန်တော်တွေ့တာကတော့ ဒီဆန်တွေ၊ ဆီတွေ၊ ဆပ်ပြာတွေပေးတာကတော့ အတူတူပဲ။ အတူတူပဲပေးတာပဲ။ ဒါပေမယ့် တစ်ပိုင်းကတော့ ရှိတာကတော့ဗျာ သူတို့က စစ်တွေနားမှာဆိုရင် ရခိုင်ဒုက္ခသည်ကနည်းတယ်။ ဘင်္ဂါလီဒုက္ခသည်က များတယ်။ များတော့ ပေးတဲ့ Volume လည်းများတော့များသွား နိုင်တာပေ့ါ။ ဟိုဘက်က နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့လည်းမျှမျှတတလုပ်မယ်လို့ ကျွန်တော်ကတော့ ဒီလိုပဲ သူတို့ကိုနားလည် ပေးပါတယ်။ ဒါပေမဲ့ ဒီဟာသည် သူကသံသယမျက်စိနဲ့ကြည့် မယ်ဆိုရင်တော့လည်း သံသယစိတ်ဖြစ်စရာ ဟုတ်တယ်မဟုတ်လား။ သံသယဆိုတာ Exaggerate လုပ်ရင်လုပ်သလောက်ဖြစ်တယ်လေ။ ဒါပေမဲ့လည်း ဒီဟာအပေါ်မှာ နားလည်မှုရှိရှိနဲ့ပေ့ါ။ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အခုဆိုရင် MSF ဆိုရင်လည်း တစ်ခါတည်းပြန်ပြီးတော့ လွှတ်လိုက်တယ်။ လွှတ်လိုက်တဲ့အခါကျတော့ MSF နေရာကို ကျန်းမာရေးကအစားထိုးပေးတယ်။ ထိုးနိုင်ပါတယ်။ ဒါပေ မဲ့လည်း MSF က တကယ်တမ်းက ကျွမ်းကျင်တယ်။ ကျွမ်းကျင်နေတဲ့အခါ ကျတော့ အခုအခါ သတင်းတွေထဲမှာ MSF ကိုလာဖို့ဆိုပြီး ပြန်ပြီး Invite လုပ်နေတာလေးတွေလည်း တွေ့တယ်။ ဒီဟာက ဘာလဲဆိုရင်တော့ နဂိုရှိရင်းစွဲဟာကိုပြန်ပြီးတော့မှ Maintain လုပ်ဖို့ပေ့ါဗျာ။ ကျွန်တော်တို့ကြိုးစားနေတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ အဲဒီတော့ဒေသခံလူထုတွေလည်း ကျွန်တော်ရောက်တဲ့အချိန်မှာ ကျွန်တော်ပြောတယ်။ ဟို ဘာလဲဆိုရင်တော့ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့ကငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဆိုတာက ဒါကတော့ ဘယ်လိုမှမငြင်းကွယ်နိုင်တဲ့ဥပဒေသပဲ။ အဲဒီတော့ ဒီလူ

(စ) သို့ -

(င) မှ -

တွေက ကိုယ့်ဆီကိုဘယ်လိုကြောင့်ပဲရောက်လာရောက်လာ ဘိုးစဉ်ဘောင်ဆက်ကပဲရောက်လာရောက်လာ အခုပဲရောက်လာရောက်လာ ဒါပေမဲ့ ဒီဟာကို Clarified လုပ်ဖို့က 1982 Law ရှိတယ်။ 82 Law ကို Practice လုပ်လိုက်လို့ရှိရင်ရပြီ။ ဒါကိုပဲ ကျွန်တော်တို့လုပ်တော့ 82 နဲ့ပတ်သက်ရင် ပြီးတော့လည်းအခုတော့ တော်တော်လေးလျှောက်လှမ်းတင်ကြတယ်၊ ပြုကြတယ်ဆိုတာလည်း ကျွန်တော်တို့ရာဂဇာန်းကြီးကြီးပေါ့၊ ထောင်ဂဇာန်းလောက်တော့ရောက်နေပြီလား မသိဘူးပေါ့လေ။ အဲဒီလို လုပ်နေကြတဲ့အထိတော့လည်းတိုးတက်မှုတွေတော့ရှိပါတယ်။ အထူးသဖြင့် ဒီရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဗိုလ်ချုပ်မောင်မောင်အုန်း ရောက်သွားပြီးတဲ့ နောက်ပိုင်းမှာ သူလည်း Active ဖြစ်တယ်။ ပြီးတော့ ရခိုင်ဒေသအပေါ်မှာ သူလည်း ရခိုင်သားမဟုတ်ပေမယ့် နားလည်တယ်။ ဒီဟာကို ကျွန်တော်တို့က အမြော်အမြင်ရှိရှိနဲ့လုပ်သွားမယ်ဆိုရင်တော့ ရခိုင် Issue လည်း ကျွန်တော်တို့အစိုးရလက်ထက်မှာတော်တော်လေးကိုတိုးတက်တဲ့အဆင့်တစ်ဆင့်ရောက်မယ်လို့ ဒီလိုပဲကျွန်တော် ယုံကြည်တယ်။

မေး - ခုနက အဘပြောတဲ့အတိုင်း ထည့်ရေးလို့ရတယ်နော်အဘ။

ဖြေ - ရပါတယ်။ အဲဒီ Usage အတိုင်းသာရေး၊ ကျွန်တော်အာမခံတယ်။

မေး - နောက်တစ်ခုက အဘတို့ ဒီရခိုင်စီးပွားရေး၊ လူမှုစီးပွားရေးအဖွဲ့မှာ အဘတို့လုပ်နေတဲ့အထဲမှာ ဒုက္ခသည် Camp တွေမှာရှိတဲ့ ဘင်္ဂါလီတွေရော မခွဲခြားဘဲထောက်ပံ့နေတယ်လို့ သတင်းတစ်ခုထဲမှာတွေ့ရတယ်ပေါ့။ အဲဒီတော့ဟိုဘက်မှာတွေ့တဲ့ ကျွန်တော်တို့ရှိဟင်ဂျာလို့ပဲပြောပြော၊ ဘင်္ဂါလီလို့ပဲ ပြောပြော သူတို့ကိုလည်းထောက်ပံ့တယ်ဆိုရင် ရခိုင်တွေနဲ့အတူတူပဲထောက်ပံ့ပေးတာပေါ့။ အဘတို့အဖွဲ့အနေနဲ့ပေါ့။

ဖြေ - ကျွန်တော်သွားတုန်းကတော့ ရခိုင်ရွာလည်း ဒီလူ ၂၀၀ စာအထုပ်တစ်ထုပ်ပဲပေးလိုက်တာပဲ။ ဘင်္ဂါလီရွာလည်း လူ ၂၀၀ စာအထုပ်တစ်ထုပ်ပေးလိုက်တာပဲ။ အဲလိုပဲ ပေးတယ်။ ဒါသက်သက်ကို နိုင်ငံတော်ကပေးတာမဟုတ်ဘူး။ ကျွန်တော့် စက်မှုဝန်ကြီးဌာနအနေနဲ့ ပေးတာ။ ပြီးခဲ့တဲ့အခေါက် ကျွန်တော်သွားတုန်းက သိန်း ၂၀၀ ဖိုးလောက် ကျွန်တော်ပေးခဲ့တယ်။ အဲတော့ ဒီဟာသည် ကျွန်တော်တို့က လူမျိုး၊ ဘာသာမခွဲခြားပါဘူး။ တကယ်တမ်း လူသားဝါဒနဲ့ပဲကြည့်တာပါ။

မေး - ကျွန်တော်တို့ ဒါက Emotion နည်းနည်းပါချင်တော့ ပါမှာပေါ့။ နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီလိုလုပ်တာတွေကလည်းမခွဲခြားသလို ကျွန်တော်တို့မြန်မာတွေကလည်း ဘင်္ဂါလီတွေအပေါ် မခွဲခြားဘူး။ သူတို့ကို သိစေချင်တာပါ။ အဲဒါကြောင့် အဘကို ဒီမေးခွန်းကို ထပ်မေးရတာပါ။

ဖြေ - ကျွန်တော်တို့ကတော့ ကျွန်တော်သွားတုန်းကလည်း ကျန်အဲဒီမှာရှိတဲ့ INGOs တွေနဲ့ အစည်းအဝေးတစ်ခုမှာ နောက်ဆုံးတစ်ရက်မထွက်ခင် အချိန်ပိုင်းလေးမှာလုပ်လိုက်တာပေါ့လေ။ သူတို့ဆိုလည်းနေရေး၊ ထိုင်ရေးအခက်အခဲရှိတယ်။ အိမ်တွေ ငှားလို့ မရဘူး စသဖြင့်ဒါလေးတွေပြောပြတာပေါ့။ ကျွန်တော်ပြန်လာတဲ့အခါမှာလည်း ပြောပြတယ်။ ဒါ လူကြီးတွေကိုလည်းတင်ပြတယ်။ ဒါသည် NGOs တွေကို နည်းနည်းလေး Discourage ဖြစ်စေတယ်။ အဲဒီဟာမျိုးအစား ကျွန်တော်တို့က သူတို့ Compound တစ်ခု၊ သူတို့ Quarter တစ်ခုလောက်များ ဖန်တီးပေးရင်အဆင်ပြေမလားပေါ့။ ခုလည်း သူတို့ကိုငှားထားတဲ့ Quarter တစ်ခုရှိတယ်။ ငှားနေကြတာပေါ့နော်။ ဒါမျိုးကိုကျွန်တော်တို့က နည်းနည်းလေးပိုပြီး Extend လုပ်လိုက်လို့ရှိရင်တော့ပိုပြီးတော့ကောင်းမွန်လုံခြုံတဲ့ဟာမျိုး ဖြစ်လာနိုင်တယ်ဆိုပြီးတော့ ဒီအယူအဆမျိုးကျွန်တော်က တင်ပြတာပေါ့နော်။ တကယ်တော့လည်း ဒီဟာသည် အခုချက်ချင်းထဖြစ်တဲ့ Issue တော့မဟုတ်ဘူးဗျ။ တစ်ယောက်နဲ့တစ်ယောက်ကြားထဲမှာရှိနေတဲ့ Trust တွေ၊ Believe တွေ၊ Understanding တွေ ဒါတွေတဖြည်းဖြည်းနဲ့ Deteriorate ဖြစ်တာပေါ့။ ယိုယွင်းတာပေါ့။ ဒီဟာအတွက်ကတော့ ကျွန်တော့်အယူအဆက တစ်ဖက်နဲ့တစ်ဖက်ကြားထဲမှာ Confidence Building ပေါ့နော်။ ယုံကြည်မှုပြန်တည်ဆောက်တာ ကောင်းပါတယ်။ ယုံကြည်မှုတည်ဆောက်တာကောင်းလို့ ကျွန်တော်ကတော့ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဘာသာပေါင်း စုံချစ်ကြည်ရေး အသင်းတို့၊ အဖွဲ့တို့၊ လူငယ်တို့ ဒါတွေတခြားနေရာမှာ သွားတာလည်းကောင်းပါတယ်။ ဒါပေမဲ့ ရခိုင်ဒေသမှာ ဒီဟာတွေကို ဖော်ထုတ်တာကောင်းပါတယ်။ ဒီလိုအယူအဆတွေရှိတဲ့ ပိုပြီးတိုးတက်တဲ့အမြင်ရှိတဲ့ ရခိုင်တွေရှိတယ်လေ။ ကျွန်တော်တို့စက်မှုဝန်ကြီးဌာနက စက်တွေကိုအကြွေးလာဝယ်တာ။ ကျွန်တော်အကြွေးကို ပေးလိုက်တယ်။ သူနဲ့ကျွန်တော် ခုမှသိတာ။ ဒါပေမဲ့ ကျွန်တော်အကြွေးပေးလိုက်တယ်။ ဘာကြောင့်လဲ။ သူက Theme သိပ်ကောင်းတယ်။ အထူးသဖြင့် အဲဒီအကြွေးပေးတဲ့ဟာက ပြန်မရဘူးဆိုရင် ဘယ်လောက်ရှိမလဲ။ ထွန်စက်အစီး ၂၀ အကြွေး ပေးလိုက်တယ်။ ကဲ အဲလောက်ကတော့ ငါလျော်နိုင်တယ်ကွာ။ ငါပေးလိုက်မယ်။ အဲလိုကို ကျွန်တော်ပေးလိုက်တယ်။ ဘာကြောင့်လဲဆို သူကရခိုင်လူမျိုးတွေကို ဖွံ့ဖြိုးရေးလုပ် စေချင်တယ်။ ဖွံ့ဖြိုးလာပြီဆိုရင် စီးပွားရေးနောက်ကို ကောက်ကောက်ပါအောင်လိုက်ပြီး ကျန်တာတွေစိတ်မဝင်စားတော့ဘူး။ ဖွံ့ဖြိုးစေချင်တယ်။ တကယ်တမ်းနောက်ကျနေတာကို ဖွံ့ဖြိုးစေချင်တယ်။ အဲဒီလိုအယူအဆတွေရှိတဲ့ တိုးတက်တဲ့လူငယ်တွေရှိပါတယ်။ လူငယ်တွေဆိုပေမယ့်လည်း တချို့ကျွန်တော်တွေ့တာ ဒေါ်စောခင်တင့်ဆိုတာ ဆရာမကြီးဟောင်း ခြေထောက်လေးတစ်ဘက်မသန်ရှာဘူး။ သူ့မှာ တုတ်ကောက်လေးနဲ့။ ဒါပေမဲ့ အဲဒီရခိုင်ဒေသကို သူ့မှာပင်မ်းကြီးစွာနဲ့လေ သွားလာပြီးလုပ်ကိုင်နေတာပေါ့။ အသက် က ကျွန်တော်ထင်ပါတယ်။ ၆၅ ၊ ၇၀ လောက်တောင်ရှိပြီ ထင်ပါတယ်။ အဲတော့ ကျွန်တော်တို့ ကျန်တဲ့တိုင်းရင်းသားလူငယ်တွေရော၊ ဗမာလူငယ်တွေရော အကုန်လုံးဝိုင်းကူကြမယ်ဆိုရင်တော့ ဒီဟာပိုပြီးတော့ ကောင်းတာပေါ့ဗျာ။

မေး - နောက်တစ်ခုက ဟိုချီမင်းစီးတီးပေါ့လေ အဘ။ သူတို့ ဗီယက်နမ်နိုင်ငံက ဟိုတလောတုန်းက ဝန်ကြီး ဦးဝင်းမြင့်နဲ့ဆွေးနွေးတာမှာ ကျွန်တော်တို့သိရတာပေါ့။ ကျွန်တော်တို့ မြန်မာပြည်မှာ စက်မှုဇုန်ထောင်ဖို့ Request လုပ်တာ၊ ကမ်းလှမ်းတာရှိတယ်လို့ သိရပါတယ်။ အဲဒါကော အဘတို့နဲ့များသက်ဆိုင်မလား။

ဖြေ - ကျွန်တော်တို့ဆီတော့ မလာဘူးဗျ။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံက သူ့နိုင်ငံနဲ့ပတ်သက်တဲ့ စက်မှုဇုန်ကြီးလုပ်ဖို့လောက်အောင်ကတော့ ကျွန်တော်တို့ဆီမှာလည်း မြေနေရာမရှိဘူးလေ။ နိုင်ငံတော်ကလည်း သူတို့ကိုသက်သက် Allotment ပေးလို့မရဘူး။ ဟုတ်တယ် မဟုတ်လား။ ဒီနေရာမင်းတို့လည်း စက်မှုဇုန်ထောင်ဖို့ အဲဒီလိုဆိုပြီးပေးလို့မရဘူးဆို တော့ ဒီလိုကြီးတော့လည်း ဖြစ်ဖို့တော့အခက်အခဲရှိပါတယ်။ ဒါပေမယ့်လည်း ဒါထက် ပိုပြီးမြင့်မားတဲ့ အဖွဲ့အစည်းတွေနဲ့ပေါ့လေ၊ ဒီဟာတွေနဲ့ သူ့ဆီကနေပြီးတော့မှ Blessing ရတယ်ဆိုလို့ရှိရင်တော့ ဒီလိုဆိုရင်တော့ ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် နိုင်ငံတော်ကိုယ်၌ကစက်မှုဇုန်လုပ်ချင်တာတောင်မှ တကယ်တမ်းပြောရရင် လယ်သမား တွေဆီကဝယ်ပြီးလုပ်ဖို့ဆို ဒီ Trend ပဲရှိတော့တာ။ အရင်လိုသိမ်းလို့မှမရတော့တာ။ လယ်သမားတွေကလည်း ရောင်းချင်တဲ့သူရှိ၊ မရောင်းချင်တဲ့သူရှိ။ အဲဒီတော့ ဒါတော်တော်လေးတော့ စိန်ခေါ်မှုတွေရှိပါတယ်။ လုပ်လို့မရဘူးတော့ မဟုတ်ဘူး။ စိန်ခေါ်မှုတွေတော့ရှိပါတယ်။

မေး - ခုဏက စက်မှုဇုန် (၁၉) ခုထဲမှာ တချို့အားနည်းတဲ့ စက်မှုဇုန်တွေကော အဘတို့ ဘယ်လို Upgrade လုပ်ဖို့ရှိပါသလဲ။

ဖြေ - တကယ်တမ်းကတော့ ရန်ကုန်နားမှာရှိတဲ့ စက်မှုဇုန်တွေက အားကောင်းတာပေါ့ဗျာ။ ဒါပေမယ့် တချို့စက်မှုဇုန်တွေကြတော့လည်း နယ်တွေမှာရှိနေပြီးတော့မှ သူတို့ထုတ်လုပ်တဲ့ထုတ်ကုန်တွေက တကယ်တမ်းပြောရရင် Export အတွက်လည်း အဆင့်မမီဘူး။ ပြည်တွင်းသုံးဖို့ကျတော့လည်း ဈေးကွက်မှာ ဈေးနှုန်းအရခက်တယ်။ အဲဒီတော့ ဒေသသုံးလောက်နဲ့ပဲ နေရတဲ့ဟာတွေ

(ဆ) သို့ -

(စ) မှ -

လည်းရှိပါတယ်။ ကျွန်တော်တို့ ကတော့ SMEs တွေကို ကျယ်ကျယ်ပြန့်ပြန့် အားပေးတယ်။ အားပေးလို့လည်း ဟိုတုန်းက ကျွန်တော်ပြောတဲ့ (၃၀) ဘီလီယံ ချေးငွေရှိတာကို နိုင်ငံ တော်ချေးတဲ့ ချေးငွေ (၁၀) ဘီလီယံတုန်းကတော့ ချေးလိုက်တဲ့အခါ (၆၂) ယောက် ပဲရတယ်။ Mostly ကလည်း ရန်ကုန်က ပဲရတယ်။ အဲဒီတော့ အခု (၂၀) ဘီလီယံ ကျွန်တော့်ကာလမှာ ကျန်တယ်။ ကျွန်တော်ကတော့ မဟုတ်ဘူး။ ဒါသည် နိုင်ငံရေးအရလည်း Impact ဖြစ်ဖို့လို တယ်။ ဒါကြောင့်မို့ ပြန့်ပြန့်နှံ့နှံ့ လူများများရစေချင်တယ်။ ဒါကြောင့်မို့လို့ ပြည်နယ်တိုင်းတစ်ခုကို (၁) ဘီလီယံ ထုတ်ပေးလိုက်တယ်။ ပြည်နယ် တိုင်းတွေကိုလည်း ကျွန်တော်က ပြောလိုက်တယ်။ သိန်းတစ်ထောင်ထက်ပိုပြီး ထုတ်မချေးပါနဲ့။ တစ်ယောက်ကို။ တစ်ထောင်ထက်ပိုမချေးနဲ့ဆိုတော့ အခု စစ်ကိုင်းတိုင်းဆို တစ်ယောက်ကို သိန်း (၅၀၀) ထက်ကို ပိုလို့မချေးဘူး။ SMEs လုပ်ငန်းရှင်က သူ့နဂိုလုပ်ပြီးသားဟာကို Polish လုပ်ဖို့ Add-on လုပ်ဖို့ဆိုရင် သိန်း (၅၀၀) လောက်နဲ့မြှင့်လို့ရှိရင်ကို ရတယ်။ အဲဒီတော့ သူကလည်း သိန်း (၅၀၀) ကိုလျှော့ပစ်လိုက်တယ်။ သိန်း (၅၀၀) ဆိုတော့ လူ (၂၀) ချေးလို့ရ တာပေါ့ဗျာ။ (၁၀၀၀) ဆိုရင် (၁၀) ယောက်ပဲချေးလို့ရမှာ။ အဲတော့ ကျွန်တော် တို့မှာ ပိုတဲ့ဟာလေးလည်းရှိတယ်။ (၅) ဘီလီယံလောက် ပိုနေသေးတာပေါ့ နော်။ ပြည်နယ်နှင့်တိုင်း (၁၄) ခုနဲ့ နေပြည်တော်ဆိုတော့ (၁၅) ဘီလီယံ ကုန်သွားတာပေါ့။ (၂၀) ဘီလီယံရှိတာဆိုတော့ (၅) ဘီလီယံ အပိုရှိတာကို ပြီးခဲ့တဲ့အခေါက်က ကျွန်တော်လှိုင်သာယာမှာ စက်မှုဇုန်သွားရင်းနဲ့ ခင်ဗျား တို့ကတော့ များလည်းများတယ်။ (၁) ဘီလီယံ ထပ်တိုးပေး မယ်ဆိုပြီးတော့ ရန်ကုန်တိုင်းကိုတော့ အဲဒီလိုပြောခဲ့တယ်။ အလားတူပဲ မန္တလေးတို့၊ ပဲခူးတို့၊ စစ်ကိုင်းတို့လို လုပ်ငန်းရှင်တွေများတဲ့နေရာတွေကို နည်းနည်းတိုးပေးချင် ပါတယ်။ ဒါလည်း ကျွန်တော်တို့ကပေးလို့ရပါတယ်။

မေး - အခု မန္တလေးတိုင်းက ကျွန်တော်တို့ကြားတာ သူတို့မလောက်ဘူးပေါ့နော်။ မလောက်တော့သူတို့ Request လုပ်မယ်ပြောသံကြားတာပေါ့နော်။ ကျွန် တော်တို့မေးကြည့်တော့ အဲဒီလိုမလောက်ဘူးလို့ တင်ပြလိုက်ရင်ကော အဘ တို့ပိုတဲ့ဟာ ထပ်ပြီးထုတ်ပေးနိုင်မလား။

ဖြေ - ကျွန်တော်က အစီအစဉ်ရှိတယ်။ ဒါပေမယ့် သူတို့ အခု Process လုပ်နေတဲ့ အခါကြတော့ လောက်တယ်၊ မလောက်ဘူးဆိုတာ ကျယ်ကျယ်ပြန့်ပြန့် မသိ သေးလို့ ကျွန်တော်လည်း မန္တလေးသွား ဖို့ရှိတယ်။ စက်မှုဇုန်မှာ တစ်ခါလောက် တော့ အဲဒီလိုဆွေးနွေးမယ်ပေါ့။ ဆွေးနွေးရင်းနဲ့ပြောတာကတော့ ပို Live ဖြစ်တာပေါ့ဗျာ။ ပိုပြီးတော့ လူများများသိတာပေါ့။ ဒီကနေပြီး ခွင့်ပြုတယ်ဆိုပြီး မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ကို ပြောလို့ရှိရင် အစိုးရအဖွဲ့က တစ်ခါပြန် ပြောရတယ်ဆိုရင် လက်ဝင်တာပေါ့။ ကျွန်တော် တိုက်ရိုက်ပြောလိုက်လည်းရ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အခြေအနေလေးတစ်ခုကို စောင့်နေတာ ပေါ့။

မေး - အဲလိုသွားလို့ သူတို့ဘက်က လိုအပ်တယ်။ ပိုက်ဆံထပ်တိုးတယ်ဆိုရင် အဘ တို့ဘက်က။

ဖြေ - (၁) ဘီလီယံလောက်တော့ ကျွန်တော်တို့မှာ ထပ်တိုးပေးလို့ရပါတယ်။ မန္တလေးကတော့ တိုင်းအကြီးပဲလေ။ လုပ်ငန်းရှင်တွေလည်းများတယ်။ ကျွန်တော်တို့မှာရှိပါတယ်။

မေး - အဲဒါကို သူတို့က တော်တော်သိချင်နေကြတာ။ လှမ်းပြီးတော့ ကျွန်တော်တို့ကို မေးပေး စေချင်တာပေါ့။ တစ်ချို့ကလည်း အများကြီးလိုချင်တယ်ပေါ့။ မန္တလေး ကလည်း။

ဖြေ - မန္တလေးကတော့ သူတို့စက်မှုဇုန်ကလည်းကြီးပါတယ်။

မေး - ဒါဆိုရင်တော့ အကောင်းဆုံး Message က အဘကိုယ်တိုင် ဟိုမှာသွားပြီး တော့ပြောမယ်ပေါ့။

ဖြေ - ကျွန်တော်လည်း ပြောမယ်ပေါ့လေ။

မေး - ဘယ်တော့လောက်များဖြစ်မလဲ အဘ။

ဖြေ - ကျွန်တော်သွားတော့ သွားမယ်ဗျ။ မန္တလေးက ပြီးခဲ့တဲ့ရက်က နည်းနည်းလေး Issue လေး ပြဿနာလေးရှိတာနဲ့ ကျွန်တော် အသာဆိုင်းထားတာ။ ဒါပေမယ့် ကျွန်တော် သွားပါမယ်။

မေး - နောက်တစ်ခုက အဘ ၁၉၉၀ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ စက်မှုလုပ် ငန်းအားလုံးက အဘတို့ဌာနမှာ မှတ်ပုံတင်ရတယ်လို့ ကျွန်တော်တို့သိရတယ် အဘ။ စက်မှုလုပ်ငန်းအသေးလေးတွေက မှတ်ပုံမတင်တာလေးတွေ ကျွန် တော်တို့ရပ်ကွက်တွေထဲ မှာရှိနေတယ်ပေါ့။ အဲဒါ သူတို့မှတ်ပုံမတင်လို့ရှိရင် အဘတို့သူတို့ကို ဘယ်လိုများအရေး ယူဖို့ရှိလဲ။ နောက် သူတို့မှတ်ပုံတင် လို့ရှိရင် ဘယ်လိုမျိုးအကျိုးကျေးဇူးရနိုင်မလဲ။

ဖြေ - ကျွန်တော်တို့က အဓိကကတော့ ဒီစက်မှုလုပ်ငန်းတွေက SMEs ပေါ့နော်။ SMEs တွေက မှတ်ပုံတင်လို့ရှိရင် နံပါတ်တစ်က ငွေချေးလို့ရတာပေါ့ဗျာ။ မှတ်ပုံမတင်ရင်တော့ ချေးလို့မရဘူး။ ဒါသေချာတယ်။ နောက်တစ်ခုက မှတ်ပုံ တင်လိုက်တဲ့ဟာသည် တိုင်းပြည်ရဲ့ Statistic ကိုပိုပြီးတော့ Concrete ဖြစ် အောင် အားပေးတာပေါ့။ နို့မို့ဆိုရင် ကျွန်တော်တို့က ကိုယ်မှာဘယ်လိုလုပ် ငန်းမျိုးရှိမှန်းလဲ ပြည့်ပြည့်စုံစုံမသိ။ အလုပ်သမားတွေ ဘယ်နှစ်ယောက် ခန့်မှန်းလဲမသိ။ အဲလိုပေါ့ စာရင်းဇယားတွေက မမှန်ကန်ဘူး။ မမှန်ကန်တဲ့ အပေါ်မှာ Evaluation လုပ်ပြီးတော့မှ စီမံကိန်း တွေရေးဆွဲတဲ့ အခါကြတော့ စီမံကိန်းတွေက နည်းနည်းလေးအားနည်း တာပေါ့။ ဒါကြောင့်မို့ စက်မှုစီမံ ကိန်းတွေကိုအကုန်လုံးကိုပဲ ကျွန်တော်တို့က မှတ်ပုံတင်ဖို့အားပေးတယ်။ ဟိုဘက်က မင်္ဂလာမြန်မာတို့မှာ လုပ်တဲ့ဟာမှာ မှတ်ပုံတင်စရာမလိုဘူး။ ဘာညာပြောတော့ အဲဒီမှာ လူတွေ တော်တော်လေး Wavering ဖြစ်သွားတယ်။ အမှန်တကယ်ကတော့ မှတ်ပုံတော့တင်ရမယ်ဗျာ။ ဒါပေမယ့် မှတ်ပုံတင်တာကို ပိုလွယ်အောင် ကျွန်တော်တို့ လုပ်မယ်။ မှတ်ပုံတင်တဲ့အတွက် ဒီဟာအပေါ်မှာ Fees တွေမရှိအောင် ကျွန်တော်တို့ လုပ်မယ်။ ဒါကိုတော့ ကျွန်တော်တို့က Liberalize လုပ်နေတာပေါ့။ လျှော့ပေါ့လုပ် ပေးနေတာ။ မှတ်ပုံတင်တာကို One Stop ဖြစ်အောင်လုပ်ပေးမယ်။ နောက်တစ်ခုက On-line က မှတ်ပုံတင်တာဖြစ်အောင်လုပ်ပေးမယ်။ အဲဒါတွေကို ကျွန်တော်တို့ ကြိုးစား နေတယ်။ ဟိုတုန်းကဆိုလို့ရှိရင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (DISI) ခေါ်တာပေါ့။ DISI က တိုင်းအဆင့်မှာပဲရှိတယ်။ ကျွန်တော်ရောက် ပြီးတဲ့အချိန်မှာ ဖွဲ့စည်းပုံတိုးချဲ့ပြီးတော့ ခရိုင်အဆင့်အထိဖွင့်လိုက်ပြီ။ ခရိုင် အဆင့်မှာ ရုံးတွေဖြစ်လာပြီ။ ရုံးတွေဖြစ်တော့ တော်တော်ကျယ်ပြန့်သွားပြီပေါ့။ ကျယ်ပြန့်သွားပြီဆိုလို့ရှိရင် နဂိုတုန်းက တိုင်းရုံးမှာပဲသွားလုပ်တော့ ကြပ်တာ ပေါ့။ ခရိုင်အဆင့်လောက်မှာပဲလုပ်လို့ရလို့ရှိရင် တော်တော် ချောင်ချောင်ချိချိ လုပ်လို့ရသွားပြီ။ အဲ့ဒီသဘောတော့ရှိသွားတာပေါ့။

မေး - ခုနက အဘပြောတဲ့ (၆) နှစ်လောက် မြေကွက်ယူပြီး အလုပ်မလုပ်ဘူး။ နောက် လုပ်တာ လည်း မှားယွင်းနေတယ်။ အဲဒါတွေ အဘတို့ပြန်စိစစ်မယ်ပေါ့နော်။

ဖြေ - စာရင်းစိစစ်နေတယ်။ ရန်ကုန်တိုင်းကို အဓိကထားပြီး ရန်ကုန်တိုင်းက စက်မှုနဲ့လျှပ်စစ်ဝန်ကြီး ဦးညဏ်ထွန်းဦးရယ်၊ ကျွန်တော်တို့ဆီက ဒုတိယဝန်ကြီး ဦးသိန်းအောင်ရယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရယ် ပေါင်းပြီးလုပ်နေကြ တယ်။

မေး - စာရင်းဇယားရပြီဆိုရင် ဒုတိယအဆင့်အနေနဲ့ မလုပ်တဲ့မြေကွက်ကို သူ့ကို ပြန်ပြီး သူတင်ထားတဲ့ငွေကို ပြန်ပေးမယ်။

ဖြေ - သူတို့ကို ကျွန်တော်တို့လုပ်ဖို့ပြောမယ်။ (၃) လအတွင်းမှာ သို့မဟုတ် (၆)လ

(ဇ) သို့ -

(ဆ) မှ -

အတွင်းမှာ ခင်ဗျားလုပ်ပါ။ သူ့ဆီလုပ်ဖို့ စာအုပ်ကို Proposal တောင်းမယ်။ ပြီးလို့ရှိရင် ဒါတွေကို ကျွန်တော် Monitoring လုပ်မယ်။ ဒီဟာကတော့ ဆင့်ကဲဆင့်ကဲဆက်လုပ်သွားရ မှာပေါ့နော်။

မေး - အကယ်၍ အဲဒီထက် ကျော်သွားတယ်ဆိုရင်တော့ သူ့မြေကွက်ကို . . .။

ဖြေ - သူဘာမှကိုမလုပ်ဘူးဆိုရင်တော့ ကျွန်တော်တို့က သိမ်းတာမဟုတ်ဘူး။ သူပြန်အပ်ရမယ်။ သူမလုပ်လို့ ပြန်အပ်ရတာလေ။ သိမ်းတယ်ဆိုတဲ့ Usage ကမတူဘူးပေါ့နော်။ ပြန်အပ်ရမယ်။ ဒါ လုပ်တဲ့သူကို ပြန်ပေးမှာပေါ့။ ဟုတ်တယ်မဟုတ်လား။

မေး - အဲဒီလိုဆိုတော့ သူတို့မြေကွက်တွေမှာ အဘ စျေးတက်တာတွေကော မဖြစ်သွားနိုင်ဘူးလား။ အသည်းအသန်ပြန်ရောင်းတာတို့ ဘာတို့။

ဖြေ - အသည်းအသန်ပြန်ရောင်းရင်တော့ စျေးကျသွားနိုင်တာပေါ့။

မေး - အဲဒါ ဘယ်တော့အပြီးအကောင်အထည်ဖော်ဖို့ရှိလဲ အဘ။

ဖြေ - အဲဒီဟာကို ကျွန်တော်တို့သွားပြီး စစ်ဆေးနေတဲ့အဖွဲ့အစည်းတွေက ဆင့်ကဲဆင့်ကဲ တင်ပြနေတယ်။ ဒါကြောင့်မို့လို့ သိပ်မကြာခင်မှာပဲ စနိုင်မှာပါ။

မေး - နောက်တစ်ခုက ကျွန်တော်တို့ အရမ်းနာမည်ကြီးတဲ့ ရွှေဝါဆပ်ပြာတို့ ဘာတို့ စက်ရုံတွေက ပြန်ရောင်းမယ်ဆိုပြီး တင်ဒါခေါ်တာတွေရှိတယ်။ အဲလိုမျိုး ပြည်သူအတွက် တကယ်အသုံးဝင်တဲ့ပစ္စည်းတွေ အဘတို့ ဝန်ကြီးဌာနက ထုတ်ခဲ့တာပေါ့။ စွပ်ကျယ်တို့ ဘာတို့ပေါ့လေ။ အဲလိုမျိုး အောင်မြင်နေတဲ့ စက်ရုံတွေရော လောလောဆယ်အဘတို့ လက်အောက်မှာ မရှိတော့ဘူးလား။

ဖြေ - ကျွန်တော်တို့ဆီမှာ အခု နဂိုတုန်းကတော့ ဆပ်ပြာစက်ရုံပေါ့လေ။ အဓိကက (၄) ခုလောက်ရှိတယ်။ ရန်ကုန်မှာရှိတဲ့ စက်ရုံကြီးကတော့ ၂၀၁၀ မှာရောင်းလိုက်တယ်။ (၃) ရုံ ကျန်တာပေါ့။ (၃) ရုံက ရမည်းသင်းမှာရယ်၊ မန္တလေးမှာရယ်၊ မကွေးမှာရယ်။ အဲဒီ ရမည်းသင်းရယ်၊ မန္တလေးရယ်၊ မကွေးရယ်ကို ကျွန်တော်တို့က ပုဂ္ဂလိကကို ငှားထားတယ်။ ပုဂ္ဂလိကကလည်း အခုဟာလည်ပတ်နေတယ်။ သူတို့ ရွှေဝါ Brand နဲ့ ထုတ်တာကို လက်ခံတယ်။ ရွှေဝါ Brand နဲ့ပဲ ထုတ်နေတယ်ပေါ့။ ဒါပေမယ့် ကျွန်တော် တို့ဆီမှာလည်း အရင်တုန်းကထုတ်ထားတဲ့ ရွှေဝါဆပ်ပြာတွေက ကျွန်တော် ရောက်ခါစကဆို ကျပ် (၈/၉) ဘီလီယံဖိုးလောက်ကျန်တယ်။ အဲဒါ အခု ကျွန်တော်တို့ ရောင်းနေတဲ့အခါကျတော့ အခု (၆) ဘီလီယံဖိုးလောက် ကျန်သေးတယ်။ ပစ္စည်းက ကောင်းပါတယ်။ ဆပ်ပြာဆိုတာ ကြာလည်း ပျက်သွားတဲ့ သဘောတော့ မရှိပါဘူး။ နည်းနည်းလေး Damage ကတော့ Partially ရှိတာပေါ့။ ကျန်တာကတော့ ကောင်းပါတယ်။ ကျွန်တော်တို့ တောကလူတွေဆိုလို့ရှိရင် ဆပ်ပြာက ကြာလို့အပွေးတက်လာရင် ပိုမာတာပေါ့နော်။ ပိုတောင်ကောင်းသေးတယ်တဲ့။ အထားခံတယ်ပေါ့။

မေး - အဲဒါဆို ကျွန်တော်တို့နာမည်တော့ ထည့်မရေးတော့ပါဘူး အဘ။ ဦးခင်ရွှေ ပြောတဲ့ကိစ္စကျတော့ ဘယ်လိုများ အဘတို့ပြောလို့ရမလဲ။

ဖြေ - ဒီလိုမေးခွန်းမေးတဲ့အတွက်လည်း မီဒီယာကို ကျေးဇူးတင်ပါတယ်။ ကိုယ့်ညီတို့ မီဒီယာကိုလည်းကျေးဇူးတင်တယ်။ နောက်တစ်ပိုင်းကတော့ ဒီလိုလွှတ်တော်မှာ ဆွေးနွေးပေးတဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးခင်ရွှေကိုလည်း ကျေးဇူးတင်တယ်ပေါ့။ နံပါတ်တစ်ကတော့ ဦးခင်ရွှေကို ဘာကြောင့်ကျေးဇူးတင်လဲဆိုရင် သူဟာဒီလုပ်ငန်း အပေါ်မှာ၊ တိုင်းပြည်အပေါ်မှာ၊ စက်မှုဝန်ကြီးဌာန အပေါ်မှာ စိတ်ဝင်စားမှုရှိတယ်။ ဒါတိုးတက် စေချင်တဲ့စိတ်ရှိတယ်ဆိုတဲ့အတွက် ကျေးဇူးတင်တာပါ။ ပြီးတော့လည်း သူ့ရဲ့ဒီဟာပဲပြောပြော အဲဒီလိုပြောတဲ့အတွက်ဆိုရင်တော့ အချိန်တစ်ချိန်ပေးပြီး လေ့လာရတာပေါ့လေ။ ဒီလိုတန်ဖိုးရှိတဲ့အချိန်တွေ အပေါ်မှာပေးပြီးတော့မှ လေ့လာတဲ့အတွက်လည်း ဒါလည်း ကျွန်တော်ကျေးဇူးတင်တယ်ဗျာ။ သို့သော် ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ကတော့ သူပြောသလိုတော့လည်း မဟုတ်ဘူး။ သာမန်အားဖြင့် အနောက်နိုင်ငံသား တွေပြောတဲ့စကားနဲ့ပြောရမယ်ဆိုရင် တော့ Little knowledge is dangerous. ဗဟုသုတနည်းနည်းလေးတော့ရှိတဲ့သူက အန္တရာယ်ကြီးပါတယ်ဆိုတဲ့စကားနဲ့ပဲ ကျွန်တော်ကတော့ ဒီလိုပဲဆင်ခြင်ပြီးပြောချင်တာပေါ့။ အဲဒီတော့ သူပြောတဲ့ ဒီကျပ်သန်းပေါင်း တစ်သိန်းကိုးသောင်းသုံးထောင် (၁၉၃) ဘီလီယံပေါ့ဗျာ။ (၁၉၃) ဘီလီယံ ရှုံးတယ်ဆိုတာ ဒါကသူပြောတဲ့စကားပေါ့။ အဲတော့ ကျွန်တော်တို့ဆီ အစိုးရအဖွဲ့အစည်းတွေကနေပြီးတော့မှ ဒါလွှတ်တော်ကိုတင်တဲ့ဟာကို သူကြည့်လိုက်ပါလိမ့်မယ်။ ကြည့်လိုက်တဲ့အခါကျတော့ အမှန်တကယ်တော့ ကျွန်တော်တို့ဝန်ကြီးဌာနက မြတ်နေတဲ့ ဝန်ကြီးဌာနတော့မဟုတ်ဘူး။ ရှုံးပါတယ်။ ဒါ ကျွန်တော်ဝန်ခံပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲရှုံးလဲဆိုရင်တော့ တစ်နှစ်ကို (၂၅) ဘီလီယံ ဒီလောက်တော့ရှုံးတယ်။ သူစောစောက ကြည့်တဲ့ဟာက သူက ငွေသားစာရင်းကို သွားကြည့်တာ။ ငွေသားစာရင်းသည် အရှုံးအမြတ် မဟုတ်ဘူး။ ကျွန်တော်တို့က ဒီဝန်ကြီးဌာနမှာရှိနေတဲ့ ဝန်ထမ်းတွေအတွက် လခပေးရတာကိုက တစ်နှစ်ကို ကျပ်ဘီလီယံ (၅၀) လောက်ရှိတယ်။ ဘီလီယံ (၅၀) လောက်ရှိတဲ့အတွက် အဲဒီ ဘီလီယံ (၅၀) လောက်ရှိတဲ့ အထဲကမှ (၂၅) ဘီလီယံပဲ ရှုံးတယ်ဆိုတာသည် ကျွန်တော်တို့ (၂၅) ဘီလီယံ မြတ်တယ်ဆိုတဲ့သဘောပဲ။ ကျွန်တော်တို့ ဘီလီယံ (၅၀) ဝန်ထမ်းတွေပေးရတယ်။ ကျွန်တော်တို့ ရှုံးတယ်ဆိုတဲ့ (၂၅) ဘီလီယံကို နုတ်လိုက်လို့ရှိရင် (၂၅) ဘီလီယံ မြတ်တယ်ဆိုတဲ့သဘောပဲ။ သို့သော် အရှုံးအမြတ်သဘောအရတော့ (၂၅) ဘီလီယံ ရှုံးတယ်လို့သတ်မှတ်ထားပါတယ်။ မနှစ်ကဆို (၂၆) ဘီလီယံ ရှုံးတယ်။ ဒါကို ကျွန်တော်က ဝန်ခံပါတယ်။ ဒါပေမယ့် သူပြောသလို (၁၉၃) ဘီလီယံတော့ မဟုတ်ဘူး။ (၁၉၃) ဘီလီယံဆိုတာ ငွေသားအခြေအနေဆိုတာကို ကျွန်တော်ကတင်ပြတာဖြစ်တယ်။ ငွေသားအခြေအနေဆိုတာကတော့ Investment တွေပါတာပေါ့ဗျာ။ Investment ဆိုတာလည်း ကျွန်တော်တို့မှာ မပြီးသေးတဲ့စီမံကိန်းကြီးတွေရှိတယ်။ မပြီးသေးတဲ့ စီမံကိန်းကြီးတွေအတွက် ကျွန်တော်တို့ Investment တွေ ထပ်ထည့်နေရတယ်။ ထပ်ထည့်နေရတဲ့အတွက် အဲဒီမှာကျွန်တော်တို့က အရင်းတွေဝင်နေတာရှိတာပေါ့။ ဒါပေမယ့် ဒါကိုလည်း ကျွန်တော်က IRR (Internal Rate of Return) ခေါ်တာပေါ့။ အရင်းပြန်ရနိုင်တဲ့ အခြေအနေလည်း တွက်ချက်ပြီးတော့မှလုပ်တာပါ။ အဲဒီတော့စီမံကိန်းတိုင်း စီမံကိန်းတိုင်းကတော့ ဘယ်ဟာမှ လက်တန်းလုပ်ခဲ့တာ မရှိဘူး။ သေချာတွက်ချက်ပြီးမှလုပ်ခဲ့တာပဲရှိတယ်။ ဒီနေရာမှာလည်း အနောက်တိုင်းစကားပုံလေးပဲပြောချင်တာ။ Cabbage in Cabbage out, မုန်လာထုပ်ပဲထည့်ရင် မုန်လာထုပ်ပဲထွက်မယ်။ ကျွန်တော်တို့ကထည့်တာက ငွေရင်းများများထည့်ရင် အမြတ်များများပြန်ရမှာပေါ့။ ဒါပေမယ့် အခုချိန်ကတော့ Cabbage in ထည့်တုန်းပဲရှိသေးတယ်လေ။ ကျွန်တော်တို့က များများထည့်မှ များများပြန်ထွက်မှာပေါ့။ ကျွန်တော်တို့အခုလုပ်နေတာကလည်း Cabbage တော့လည်းမဟုတ်ပါဘူး။ နိုင်ငံခြားမှာတော့ Cabbage က မကောင်းတဲ့ဟာလို့ ပြောတာပေါ့ဗျာ။ ကျွန်တော်တို့ကတော့ တကယ်တမ်း ငွေရင်းများများထည့်ရတယ်။ စက်မှုလုပ်ငန်းကြီးတွေဖြစ်တဲ့အတွက်ကြောင့် ငွေရင်းများများထည့်ရတယ်။ ကျွန်တော်တို့ဒါသည် Return ရှိပါတယ်။ ဦးခင်ရွှေပြောတဲ့ဟာကတော့ ကျွန်တော်က ဒါကိုသူပြောတာသည် ကျွန်တော်တို့ သူသင်ကြားခဲ့တဲ့ဘာသာရပ်ပေါ့ဗျာ။ သူကလည်း ဟို Technical High School လောက်ပဲ သင်ဖူးတာကိုး။ သူ့အသက်အရွယ်ရလာတာနဲ့အမျှ သူတစ်ခြား Further studies တွေလည်း လုပ်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒါတွေအားလုံးသည် ကျွန်တော်တို့ရဲ့ ငွေစာရင်းအပေါ်မှာ သူက Reach မဖြစ်ဘူး။ မမီဘူး။ မမီတဲ့အတွက် သူနားမလည်နိုင်ဘူးပေါ့။ နားမလည်တဲ့အတွက်ကြောင့်ပြောတယ်လို့ပဲ ကျွန်တော် ဒီလိုပဲနားလည် တယ်လေ။ သို့သော် ဘာပဲပြောပြော သူစေတနာထားတယ်ဆိုတဲ့အတွက်ကတော့ ကျွန်တော်ကျေးဇူးတင်ပါတယ်။ စက်မှုဝန်ကြီးဌာန အပေါ်မှာကော နိုင်ငံတော်အပေါ်မှာပါ စေတနာထားတယ်။ အဲဒီအတွက် ကျွန်တော် ကျေးဇူးတင်တယ်။ ဒါပေမယ့်

(ဈ) သို့ -

(ဈ) မှ -

အမှန်တကယ်ကတော့ စောစောက ကျွန်တော်ပြောသလို (၂၅) ဘီလီယံခန့် သာရှုံးတယ်။ ဒါကလည်း ကျွန်တော် လစာ ဘီလီယံ (၅၀) လောက်ပေးထားရတဲ့အတွက်ကြောင့် (၂၅) ဘီလီယံ မြတ်တယ်လို့တော့ ကျွန်တော်တို့က မျက်စိမှိတ်ပြီး အော်မယ်ဆို အော်လို့ ရနေပါပြီ။ သို့သော် ကျွန်တော် မအော်ဘူး ဒါကို။ အဲတော့ ဒီနေရာမှာ ကျွန်တော်တို့က အဲဒီအစည်းအဝေး လွှတ်တော်မှာလည်း မတက်ရဘူးလေ။ မတက်ရဘဲနဲ့ ကျွန်တော်တို့ကွယ်ရာမှာ ပြောတဲ့အခါကျတော့ ကျွန်တော်တို့ကလည်း သူ့လည်းပြောစရာလည်း အခြေအနေမရှိဘူး။ အခုတော့ ဒါ ကိုညီညီလတ်တို့ လာပြီးမေးတယ်ဆိုတော့ ဒီမေးတဲ့ မေးခွန်းလေးကို ထည့်မေးတဲ့အခါကျတော့ ကျွန်တော်ကလည်း ဒီနေရာကနေပြီးတော့မှ နိုင်ငံတော်ကိုကော လွှတ်တော်ကိုကော ပြည်သူလူထုကိုကော ဖြေကြားပြီးသားဖြစ်သွားတာပေါ့။ ဟုတ်တယ်မဟုတ်လား။ တစ်ချို့ဆိုလို့ရှိရင်လည်း ကျွန်တော် ပြီးခဲ့တဲ့ရက်က ကျွန်တော့်ရဲ့ Native ကို ကျွန်တော်ပြန်တယ်ပေါ့။ ဟာ ခင်ဗျားတို့ ဝန်ကြီးဌာနကို ဒီလိုမျိုးပြောတယ်။ အဲဒါ ဝန်ကြီးကို ဘာထိခိုက်နိုင်လဲ။ ဘာမှမထိခိုက်နိုင်ပါဘူးလို့ ကျွန်တော် အဲလိုပဲပြောလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါတွေက တကယ်တမ်း မှန်ကန်တဲ့အချက်အလက်တွေအပေါ်မှာ အခြေမခံဘူး။ မှန်ကန်တဲ့အချက်အလက်တွေမှာ အခြေခံတယ်ဆိုရင်တော့ ကျွန်တော်တို့လည်း တုန့်ပြန်ရကောင်းပါတယ်လို့ စောစောကပြောသလိုပေါ့နော်။ လေ့လာဖို့တော့ အများကြီးလိုပါသေးတယ်။ သို့သော် ဘာပဲပြောပြော ကျွန်တော်နဲ့သူ ရန်သူမဟုတ်ဘူးဗျ။ ကျွန်တော်နဲ့ သူနဲ့က ဒီ SMIDB မှာလည်း အတူတူ လုပ်ဖော်လုပ်ဖက်ပဲ။ တကယ်တမ်းပြောလို့ရှိရင် သူကအသက်အရွယ်လည်း ကြီးတယ်။ ဝါလည်းကြီးတယ်ပေါ့ဗျာ။ ကျွန်တော်တို့က သာမန်အားဖြင့် လေးစားတဲ့အထဲမှာ ပါပါတယ်။ သို့သော်လည်း အခုလိုပြောတဲ့အခါကျတော့ ဟိုနည်းနည်း Hostile Act ပေါ့ဗျာ။ ဒါကျွန်တော်ကလည်း နိုင်ငံခြားရေးမှာနေခဲ့တော့ နည်းနည်းအနောက်တိုင်းဆန်ဆန် ပြောမယ်ဆိုရင်တော့ အနောက်တိုင်းကလူတွေဆိုရင်တော့ ဘယ်လိုပြောမလဲဆိုရင်တော့ Cowardly Act ပေါ့ဗျာ။ Cowardly Act လို့ ပြောရင်တော့ နည်းနည်း ရိုင်းတယ်ဗျာ။ ကျွန်တော်က အဲဒီလိုမပြောဘူး။ ဒါပေမယ့် အနောက်တိုင်းကလူတွေဆိုရင်တော့ သူ့ရဲ့ ပြောပုံဆိုပုံ တင်ပြပုံပေါ်မှာ Cowardly Act လို့ ပြောမှာပေါ့နော်။ နောက်ဆုံးပြောသွားတာတစ်ခုရှိတယ်။ မှားတာပါရင် ခွင့်လွှတ်ပါ လို့ပြောသွားတယ်။ လွှတ်တော်မှာ မှားတာပါရင် ခွင့်လွှတ်ပါလို့ တောင်းပန်လို့မရဘူး။ ကျွန်တော်လည်း ကျွန်တော်ပြောတဲ့ စကားအတွက် ကျွန်တော်တာဝန်ယူတယ်။ ဒါက တာဝန်ယူမှု၊ တာဝန်ခံမှု ဒီအတိုင်းရှိတယ်။ အလားတူ ကိုယ်လည်းလွှတ်တော်မှာ ဘာပဲပြောပြော၊ အပြင်မှာ ပဲပြောပြော။ ကိုယ်ပြောတဲ့စကားအတွက် ကိုယ်တာဝန်ယူရမယ်။ ဟုတ်လား။ ထမင်းစားရေသောက်ပဲပြောပြော။ ဂေါက်ရိုက်ရင်းပဲ ပြောပြော။ ဘာကြောင့်ပဲပြောပြော ကိုယ်ရဲ့နှုတ်ထွက်စကားအပေါ်မှာ ကိုယ်ကတာဝန်ယူရမယ်။ အဲဒီဟာကို တာဝန်မယူဘူးဆိုရင်တော့ အဆင့်မြင့်တဲ့သူ တစ်ယောက်မဖြစ်နိုင်ဘူးပေါ့နော်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ သူ့ရဲ့ စကားနဲ့ပတ်သက်ပြီးတော့ နိဂုံးချုပ်တင်ပြရရင် သို့သော် မတူညီမှုတော့ရှိပါတယ်။ မတူညီမှုတွေရှိတယ်။ နောက်တစ်ခါ ကွဲပြားမှုတွေရှိတယ်။ အဲ့တော့ ဘယ်လိုကြောင့်ပဲဒီစကားတွေပြောခဲ့ ပြောခဲ့ နံပါတ်တစ်စိတ်မဆိုးဘူး။ သူမသိလို့ပြောတယ်။ နံပါတ်နှစ်က သူတို့နဲ့ ကျွန်တော်တို့နဲ့က ဘုံရည်မှန်းချက်ပေါ့။ ဘုံရည်မှန်းချက်အတူတူပဲ။ ကျွန်တော်လည်း ပြည်ခိုင်ဖြိုးပါတီက လွှတ်တော်ကိုယ်စားလှယ် ဟောင်းတစ်ယောက်ပေါ့။ သူကလက်ရှိပြည်ခိုင်ဖြိုးပါတီက Present သူက လွှတ်တော်ကိုယ်စားလှယ်ဖြစ်တယ်။ ၂၀၁၅ မှာလည်း ကျွန်တော်ကလည်း ရွေးချယ်ခံမယ် ဆိုတာကို စောစောကတည်းကပြောထားတယ်။ သူလည်းရွေးချယ်ခံမယ်ပြောထားတယ်။ ဟုတ်လား။ ကျွန်တော်တို့ သည် ပါတီတစ်ခုတည်းက ရဲဘော်ရဲဘက်တွေ။ အဲဒီတော့ ရှေ့လာမယ့် အနာဂတ်တွေမှာလည်း တစ်ယောက်နဲ့တစ်ယောက် ရင်ချင်းကပ်၊ ကျောချင်းကပ်ပြီးတော့မှ အတူတူကျွန်တော်တို့လုပ်ကြမယ်။ လုပ်ကြမယ့်ဟာလည်း တကယ်တမ်းပြောလို့ရှိရင် ဘာအတွက်လုပ်မှာလဲဆိုတော့ နိုင်ငံတော်အတွက် လုပ်မှာ။ တခြားအချိန်မှာ သဘောထားကွဲလွဲမှုတွေရှိပေမယ့် လာမယ့်အနာဂတ်တွေမှာတော့ တူညီတဲ့ရည်မှန်းချက်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ ရန်သူမဟုတ်ဘူး။ ဒီဟာကတော့ သိစေချင်လို့ လူထုကို ရှင်းပြတဲ့သဘောပါ။

မေး - ဒီလိုမျိုး ဘီလီယံ (၁၉၀) ကျော်ရှုံးတယ်လို့ စက်မှုဝန်ကြီးဌာနကို ဦးခင်ရွှေကပြောတယ်။ သူ့မှာလည်း အတိုင်းအတာတစ်ခုတော့ လေ့လာထားတာရှိကောင်း ရှိမှာပေါ့။ ရှိလို့လည်း ဒီလိုလွှတ်တော်မှာ ဒီလိုမျိုးတရားဝင်ပြောရဲတာပေါ့။ သူရတဲ့ Information ကကော အဘဘယ်လိုမျိုးပုံစံနဲ့ရသွားတာလဲ။

ဖြေ - အဲဒီ ငွေသားဆိုတဲ့စာရင်းကိုကြည့်ရင်တော့ ဟုတ်တယ်။ ငွေသားဆိုတာ ရင်းနှီးမြှုပ်နှံမှုလေ။ ရင်းနှီးမြှုပ်နှံမှုကို ကြည့်ရင်တော့ ဟုတ်တာပေါ့။ ရင်းနှီးမြှုပ်နှံတာက ခုချိန်မှာအမြတ်မထွက်သေးဘူး။ ဒါကို အရှုံးလို့ ပြောလို့မရဘူး။ အဲတော့ ဆိုလိုတာကတော့ဗျာ ကျွန်တော်ပြောလို့ရှိရင် ပုဂ္ဂိုလ်ရေးပါမှာစိုးလို့၊ ဒါပေမယ့် ကျွန်တော်ပြောပြမယ်။ ခင်ဗျား မြေကွက်တစ်ကွက် ဝယ်မယ်။ ခင်ဗျားပိုင်ရာဆိုင်ရာနဲ့ ဝယ်ထည့်လိုက်တာ။ ခင်ဗျား ၄/၅ ထောင် နဲ့ရမယ်။ ပြီးလို့ရှိရင် သိန်း (၂၀၀)၊ (၃၀၀) နဲ့ ရောင်းမယ်။ အဲဒါကတော့ ခင်ဗျား သိပ်လွယ်တယ်လေဗျာ။ ဒါပေမယ့် ဒီအချိန်မှာ Level Playing Field မှာ ကျွန်တော်တို့စက်မှုဝန်ကြီးဌာနဆိုပြီး ဘာအခွင့်အရေးမှပိုမရဘူး။ ဘာမှအခွင့်အရေးမရဘူး။ ကျွန်တော်တို့လည်းအခွန်ဆောင်ရတာပဲ။ ပြည်ပက Investor ကမှ ပြောရလို့ရှိရင် Tax Exemption ရှိသေးတယ်။ ကျွန်တော်တို့က ဘာမှမရှိဘူး။ ဘာမှမရှိတဲ့အခါကျတော့ ကျွန်တော်တို့လည်း Level Playing Field မှာ ပြိုင်ရတာပေါ့။ဆိုတဲ့အခါကျတော့ ကျွန်တော်တို့လည်း Investment များများထည့်ရတာပဲ။ စောစောကကျွန်တော်ပြောတဲ့ဟာလေးပါပဲ။ ကိုယ်လေ့လာခဲ့တဲ့ ကိုယ်သင်ယူခဲ့တဲ့ဟာက Enough မဖြစ်ဘူး။ Enough မဖြစ်တဲ့ အခါကျတော့ ဒါတွေကို နားမလည်နိုင်ဘူးလေ။ တကယ်တော့လည်း ဒါတွေကို နားလည်ပြီဆိုမှ ပြောတာကောင်းတယ်။ ဥပမာအားဖြင့် ကျွန်တော်ကိုညီညီလတ်ကိုပြောပြမယ်။ ဟိုတစ်လောတုန်းက ကြာပြီ၊ ကျွန်တော်တို့ရဲ့ Un Employment က ရာခိုင်နှုန်းဘယ်လောက်ရှိတယ်ဆိုပြီး။ ရာခိုင်နှုန်း အများကြီးပြောလိုက်တယ်။ ၄၀ လောက်ပြောလိုက်တယ်။ အမှန်တကယ်တော့ Under employment က (၄၀)။ ဒါပေမယ့် Un Employment သည် ၇/၈/၉ ဒီလောက်ပဲ ယူထားတယ်။ ဒါ ကျွန်တော်အလုပ်သမားဝန်ကြီးဖြစ်ခဲ့လို့ ကျွန်တော်သိတယ်။ အဲတော့ Under Employment နဲ့ Unemployment က သာမန်အားဖြင့် တူသလိုရှိပေမယ့် And it's a totally different. Un Empolyment က အလုပ်ကိုမရှိတာ။ ဒါကို Un Employment လို့ခေါ်တယ်။ Under Employment ဆိုတာက အလုပ်တော့ရှိတယ်။ ဒါပေမဲ့ သူကဆိုကြပါစို့ဗျာ။ Chemistry Major တစ်ယောက်က အခုသူက စာရင်းအင်းလုပ်နေရတယ်။ ဒါ Under Employment သူက Chemist မလုပ်ရဘူး။ စာရင်းအလုပ် ကိုသူသွားလုပ်ရတယ်။ ဒါ Under Employment ဒီအယူအဆပေါ့။ အဲဒီကို သိရက်နဲ့လား။ ဘာကြောင့်မှန်းမသိဘူး။ အဲလောက်ကြီးမှားတဲ့အခါကျတော့ ကျွန်တော်တို့လည်း ဘေးကနေပြီးတော့ပြောချင်စိတ်ကုန်သွားတာပေါ့ဗျာ။

မေး - လူမှန်နေရာမှန် မဖြစ်တာပေါ့နော်။

ဖြေ - လူမှန်နေရာမှန်မဖြစ်တာ။ ခင်ဗျားပြောတဲ့စကားမှန်ပါတယ်။ လူမှန်နေရာမှန်မဖြစ်တယ်ဆိုတာ သူယူခဲ့တဲ့ ကျွမ်းကျင်မှုနဲ့ဟုတ်လား။ သူလုပ်နေတာနဲ့လည်း နေရာလွဲနေတယ်။ အဲဒါကို Under Employment ဒီသဘော ပါဘဲ။ ငွေသားနဲ့အရှုံးအမြတ်နဲ့က မတူဘူး။ အဲဒါကြီးကို ငွေသား ဒီလိုဝင်ထားလို့ဆိုပြီး ဒါကြီးရှုံးတယ်လို့သွားပြောလို့မရဘူးလေ။ ဒီစာရင်းကိုတော့ သူရချင်ရမှာပေါ့ဗျာ။ ဒီစာရင်းကို ကြည့်တာနဲ့ပဲ ကျွန်တော်တို့ဝန်ကြီးဌာနကို ရှုံးနေပြီ ကျွန်တော် ရှုံးနေပြီလို့ပြောရင် မဟုတ်ဘူး။ ကျွန်တော်လက်မခံဘူး။ ရှုံးတာကတော့ ရှုံးတယ်လေ။ (၂၅) ဘီလီယံရှုံးတယ်။ ဒါပေမယ့် ဒီလောက်မရှုံးဘူး။ ဒီလိုမရှုံးဘူး။

(ည) သို့ -

(ဈ) မှ -

မေး - ဒါဆိုရင်အဘတို့ ဝန်ကြီးဌာနနဲ့ပတ်သက်ပြီး ဝေဖန်ရင် လက်ခံနိုင်တဲ့သဘော ရှိတာပေါ့နော်။ သေချာယထာဘူတကျကျ ဝေဖန်မယ်ဆိုရင်တော့ ကောင်းပါတယ်။

ဖြေ - မှန်ပါတယ်။ ဝေဖန်တာကို လက်မခံနိုင်ဘူးဆိုရင်တော့ ဒီမိုကရေစီအစိုးရ မဟုတ်တော့ဘူးလေဗျာ။ ကျွန်တော်ဝါသနာပါတာတစ်ခုရှိတယ်။ အဲဒါဘာလဲဆိုရင်တော့ Consultation လုပ်တာပေါ့ဗျာ။ နှီးနှောဖလှယ်တာပေါ့။ နှီးနှောဖလှယ်တာထက်ပိုပြီး အဆင့်မြင့်မြင့်လုပ်ချင်တယ်ဆိုရင် ဒါကတော့ နည်းနည်း Aggressive ဖြစ်လာပြီ။ Debate လုပ်။ ဒါကို ကျွန်တော် လက်ခံတယ်။ Consult လုပ်တယ်လေ။ Consultation လုပ်တယ်။ ဒါက လုပ်လို့ရတယ်။ Consultation ထက် ပိုပျော့ပျောင်းတာကတော့ Workshop တို့ Seminar တို့ Symposium တို့ တဖြည်းဖြည်း ပိုကျယ်ကျယ်ပြန့်ပြန့်ဖြစ်တာပေါ့။ ဒါပေမယ့် တကယ်တမ်းကို ဝေဖန်ချင်တယ်ဆိုရင်တော့ စောစောကပြောသလို Consultation ပေါ့။ နှီးနှောဖလှယ်ပြီး Debate လုပ်။ ဒါအပေါ်မှာ ကျွန်တော်က Welcome ပါ။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျွန်တော်ဒီဟာအပေါ်မှာ ကြိုဆိုပါတယ်။ ဝေဖန်မခံနိုင်ဘူး ဆိုလို့ရှိရင်တော့ ကျွန်တော်တို့လည်း မတိုးတက်နိုင်ဘူးလေ။ ဝေဖန်ခံနိုင်ရမယ်။ မှားမှန်းသိရင် ပြင်ရမယ်။ ဟုတ်တယ် မဟုတ်လား။ ကျွန်တော် တို့ကတော့ အခုဒီအချိန်မှာ အမြန်ဆုံးဆိုတဲ့ ဝန်ကြီးဌာနထဲမှာ ကျွန်တော်တို့ပါတယ်လို့ ပြောလို့ရတယ်။ ဘာကြောင့်လဲဆို တစ်ချို့က မင်းက စက်မှုကိုတိုးတက်အောင်လုပ်နေတာ မဟုတ်ဘူးကွာ။ အကုန်လုံးပေါင်းလုပ်တာနဲ့ ငွေးတာနဲ့ချည်းပဲ ဖြစ်နေတာ။ ကျွန်တော်တို့က အဲဒီလိုလုပ်မှပဲ ရတော့မယ်လို့။ ကျွန်တော်တို့သည် ဒီအတိုင်းတိုင်း ရှုံးမှန်းသိသိကြီးနဲ့ ဆက်သွားနေလို့ရှိရင်တော့ ကျွန်တော်တို့လောက်မိုက်တဲ့လူမရှိဘူးလို့။ ဒါကြောင့်မို့လို့ ရှုံးတာကို ကျွန်တော်တို့အရှုံးနည်းအောင် လုပ်ရတယ်။ ဘာကြောင့် အရှုံးနည်းရအောင်လုပ်သလဲ။ ရှုံးသမျှ သန်း (၆၀) သော ပြည်သူခံရမှာစိုးလို့။ ဒါပဲ။ ကိုယ့်အတွက်ကြောင့် သန်း (၆၀) သော ပြည်သူကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူး။ ဒီအယူအဆပါပဲ။ လူကြီးတွေက ဒီအတိုင်းပဲ လမ်းညွှန်ထားတယ်။ ကျွန်တော်တို့ကို တစ်ကျပ်သက်သာရင်လည်း တစ်ကျပ်သက်သာအောင် လုပ်ကွာတဲ့။ ဒါပဲ။

မေး - နောက်တစ်ခုက မီဒီယာပေါ်ထားတဲ့ အဘရဲ့အမြင်လေးကျတော့ကော ဘယ်လိုမျိုးရှိနိုင်မလဲ။

ဖြေ - ကျွန်တော် ခင်ဗျားတို့ Boss ကိုစိုးမြင့်နဲ့ ပြီးခဲ့တဲ့ (၃) နှစ်လောက်က (၃) နှစ်ကျော်ကျော်လောက်က ကျွန်တော်တို့ ဘာလီမှာတွေ့တုန်းက ကိုစိုးမြင့်က အဲဒီတုန်းကတည်းက မီဒီယာ Freedom ဘယ်တော့ဖြစ်မလဲ။ ကျွန်တော်ကိုမေးတယ်။ မီဒီယာ Freedom ဖြစ်တာကတော့၊ ခင်ဗျားတို့ Ethic လိုက်နာတဲ့နေ့မှာ ခင်ဗျားတို့ မီဒီယာ Freedom ဖြစ်မှာပဲလို့။ ကျွန်တော် အဲဒီတုန်းက အဲဒီလိုပဲပြောတယ်။ ကျွန်တော်တို့က ဒီမိုကရေစီနိုင်ငံဖြစ်တဲ့အခါကျတော့ ဒီမိုကရေစီသည် မီဒီယာကို Fourth Pillar လို့ လက်ခံတယ်။ ဒါကို ကျွန်တော်တို့လည်း ယုံကြည်တယ်။ အဲဒီတော့ မီဒီယာဟာ Even တရုတ်လိုနိုင်ငံမျိုးတောင်မှ မီဒီယာကို တော်တော်လေး လွတ်လွတ်လပ်လပ်ပေးပါတယ်။ ကျွန်တော်တို့လည်းပေးတယ်။ သို့သော် ဒီနေရာမှာတော့ မနက်ကပဲကျွန်တော် News Watch လား ကြည့်တဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ် ကိုလှဆွေကပြောတယ်လေ။ နောက်ဆုံးပိတ် Nuclear လက်နက်ကြီးထုတ်နေတာတွေ့ဦးတော့ ငံပြာရည်စက်ရုံလို့ Media က မပြောသင့်ဘူးလား ပြောတယ်။ ဒါကတော့ သူက တင်စားတာပေါ့ဗျာ။ ဟိုတစ်လောက သူကစစ်သားလေးတွေရဲ့ Insurance သည် ဘာဆိုပြီးဒီလိုပြောတာပေါ့။ သူက အတိသယဝုတ္တိမြောက်အောင် ပြောတာပေါ့လေ။ သာမန်အားဖြင့်ကတော့ Media အပေါ်မှာ Surpress လုပ်မယ်ဆိုရင်တော့ ဒါကတော့ မကောင်းဘူး။ သို့သော် Media ဘက်ကလည်း စောစောကပြောသလို Ethic ကိုလိုက်နာဖို့ပေါ့။ စောစောကကျွန်တော်တို့ပြောသလို သတင်းယူတဲ့အခါမှာ ဥပဒေဘောင်အတွင်းက ယူတာကောင်းတာပေါ့။ တားမြစ်ထားတဲ့နေရာကို ခိုးဝင်သွားတဲ့အခါကျတော့ အခုအရေးယူတဲ့အခါကျတော့ Unity Journal ကို ခိုးဝင်တဲ့အတွက် အရေးယူတာ၊ အပြင်ကနေလျှောက်မှန်းရေးရင် ပြောချင်မှပြောမှာလေ။ အခုဟာက ခိုးဝင်တယ်၊ ဟန်ဆောင်ဝင်တယ်။ ဒီဟာ တကယ်တမ်းကျတော့လည်း တားမြစ်ထားတဲ့ဧရိယာကို ဝင်ပြီးယူတာကျတော့လည်း သူ့ဟာနည်းနည်းလေးစွန့်စားလွန်းသွားပြီပေါ့။ ဒီဟာကြောင့်မို့လို့ အရေးယူတာလို့ ကျွန်တော်တော့ နားလည်တာပေါ့နော်။ နောက်တစ်ခုက ဟိုဘက်က မွန်းတည့်နေ ကျတော့လည်း စင်ပြိုင်အစိုးရလို့ပြောတာ။ စင်ပြိုင်အစိုးရဆိုတာကတော့ ဒီမိုကရေစီအစိုးရလည်း လက်ခံမှာမဟုတ်ဘူး။ ကွန်မြူနစ်အစိုးရလည်း လက်ခံမှာမဟုတ်ဘူး။ ဘယ်အစိုးရမှ စင်ပြိုင်အစိုးရကိုလက်ခံမှာမဟုတ်တဲ့ဟာကို စင်ပြိုင်အစိုးရလို့ လာပြောတဲ့အခါကျတော့ ဒါကျတော့လည်း နည်းနည်းလေးတော့ သူ့ရဲ့ဟာက များသွားပြီပေါ့ဗျာ။ သာမန်အားဖြင့် အစိုးရကိုအယုံအကြည်မရှိဘူးဆိုပြီးပြောတဲ့ဟာတွေ သာမန်ဟိုကဒီကပြောနေတာရှိတယ်။ ဒီဟာအပေါ်မှာတောင် အစိုးရက ရှင်းရှင်းပြောရရင် Negelect လုပ်ထားတာတွေရှိတယ်။ ဟုတ်တယ်မဟုတ်လား။ သမ္မတကြီးက ကောင်းစေချင်လို့နဲ့သောက်ကြဗျာ။ ကျန်းမာအောင် တကယ့်ကို လူကြီးလူကောင်းဆန်ဆန်ပြောတာ အဲဒါလည်း တခါတည်း နောက်တာပဲ။ ဟုတ်တယ်မလား။ တော်တော်လေးကို အရေထူထူနဲ့လုပ် နေရတယ်။ ဒါပေမဲ့ ဘယ်လိုဝေဖန်ဝေဖန်ပါ။ ကျွန်တော်တို့အမြင်ကတော့ Optimist ဖြစ်ရမှာပေါ့။ ကောင်းတဲ့ဘက်ကို ရှေးရှုရမယ်ပေါ့။ ဒါပေမဲ့ Pessimist ဖြစ်တယ်ဆိုရင် အဖျက်သဘောအမြင်ရှိတယ်ဆိုရင်တော့ အဖျက်သဘောအမြင်ရှိတဲ့သူတွေက ကျွန်တော်တို့စိတ်ထဲမှာဆိုရင်တော့ သနားတာပေါ့။ ဘာကြောင့်လဲဆိုတော့ အဖျက်သဘောမြင်တဲ့သူတွေသည် သူ့ဟာသူပြန်ပြီး သူကလောင်ကျွမ်းနေတာလေ။ သူ့ရဲ့စိတ်နှလုံး ကို သူကလောင်ကျွမ်းနေတာပေါ့။ ဟုတ်တယ်မလား။ အပြုသဘောအခြေရှိတဲ့သူတော့ ဘာပဲပြောပြော သူကိုယ်တိုင်လည်း အပြုသဘောနဲ့ စဉ်းစားနေတော့ စိတ်ချမ်းသာတာပေါ့။ ဒါပေမဲ့ အစိုးရမှားမှား၊ လူပုဂ္ဂိုလ်မှားမှား၊ ဝန်ကြီးဌာနမှားမှား ထောက်ပြတဲ့အပေါ်မှာ ကျွန်တော်တို့ ကျေကျေနပ်နပ် လက်ခံတယ်။ Media ကတော့ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် အထူးသဖြင့် ဒီမိုကရေစီနိုင်ငံအတွက်တော့ မရှိမဖြစ် ကိရိယာတစ်ခုပါ။ အဲဒီအတွက် ကျွန်တော်တို့ကြိုဆိုတယ်။ သို့သော် Media သမားတွေလည်း ကိုယ်ရဲ့ Capacity နဲ့ကိုယ်ရဲ့ Attitude သေချာထိန်းနိုင်မယ်ဆိုရင် တကယ့်ခန့်ညားလေးစားရတဲ့ Media တွေပိုပြီး ဖြစ်လာရမှာပေါ့လေ။ အဲတော့ ခင်ဗျား အိန္ဒိယကိုတော့ရောက်ဖူးလား။ အိန္ဒိယမှာဆိုရင် တော်ရုံတန်ရုံ ပွဲလမ်းတွေဆိုရင် Media အုပ်လိုက်ကြီးလာရင် မပြန်တော့ဘူး။ ဒီက Stage နော်။ အဲဒီ Stage ဘေးမှာပဲ အိပ်တဲ့လူကအိပ်ပြီးတော့ နေတယ်။ သူက ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအမူအရာတွေက ကျွန်တော်တို့ မြန်မာမျက်စိနဲ့ဆိုရင် မှားနေတာပေါ့။ ဒါပေမဲ့ အိန္ဒိယမှာတော့ရတယ်။ အဲဒါလည်း အိန္ဒိယမှာရှိတဲ့ တာဝန်ရှိတဲ့လူတွေက Touch ကိုမလုပ်ရဲဘူး။ ထိကို မထိရဲဘူး။ ဟာ ဘယ်လိုကြီးလဲကွဆိုတော့ ဒီမှာတော့ အဲလိုပဲတဲ့။ မရဘူးတဲ့။ ဆိုလိုတာကတော့ သူ့နေရာနဲ့သူတော့ နည်းနည်းလေးကွာခြားတာရှိတယ်ပေါ့ဗျာ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့က Full Half Theory လိုပဲလေ။ ဖန်ခွက်တစ်ခွက်ထဲမှာ ရေအပြည့်ရှိမှရေလို့ ပြောလို့မရဘူး။ ဖန်ခွက်တစ်ခွက်ထဲမှာ တစ်ဝက်ရှိရင်လည်း ရေတစ်ဝက် ရှိတယ်လို့ ပြောလို့ရပါတယ်။ အဲဒီလိုပဲ ရေတစ်ဝက်တောင်မရှိဘူး ပြောလို့ရှိရင် ဒါတော့မှားတာပေါ့ဗျာ။ ဟုတ်တယ်မလား။ ကျွန်တော်တို့က အခု Media လွတ်လပ်ခွင့်က အရင်တုန်းက တော်တော်လေးကို Myanmar Time လောက်ပဲ ရေးလို့ရတယ်လေ။ ကျန်တဲ့သူတွေ ဘယ်သူမှရေးလို့မရတဲ့ခေတ်။ အဲဒီကနေ တဖြည်းဖြည်းနဲ့ ဒီအချိန်အတောအတွင်းမှာ ဒီလောက် လွတ်လပ်မှုရတာ။ ဘာပဲပြောပြော အလုပ်အကိုင်တွေလည်း အများကြီးရတယ်။ လူတွေလည်း အများကြီးကိုပွင့်လင်းလာ တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲလိုပွင့်လင်းတာ သာမန်အားဖြင့်ကောင်းပါတယ်။ ဒါပေမဲ့ စောစောကပြောသလိုပေါ့ဗျာ။ စောစောက ဦးခင်ရွှေပြောတာကိုပဲ Remind ပြန်လုပ်မယ်။ သူက လွှတ်တော်ဆိုတဲ့နေရာမျိုးကနေပြီးပြောတော့ လူတော်တော်များများက ဟာ ဟုတ်မှာပေါ့လို့ ထင်သွားမှာပေါ့။ ခင်ဗျားတောင်မှ ကျွန်တော်နဲ့မပြောမချင်း ဟုတ်တယ်လို့ထင်ရင်ထင်မယ်လေ။ ဟုတ်တယ်မလား။ အဲဒီတော့ အလားတူ

(ဋ) သို့ -

(ည) မှ -

ပဲလေ။ သူကဘာကြောင့်လဲဆိုတော့ သူ့မှာ Voice ရှိတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ရွှေ၊ ဒေါက်တာခင်ရွှေ၊ ဇေကမ္ဘာ ဦးခင်ရွှေ ဒီ Voice တွေရှိတဲ့အခါကျတော့ တော်တော်လေး ကျွန်တော်တို့ဝန်ကြီးဌာနကျတော့ ရှင်းရှင်းပြောရရင် နည်းနည်းတော့မှန်လား၊ မှားလားတော့မသိဘူး။ လောလောဆယ် စကားနဲ့တော့ အောင့်သွားတာပေါ့။ ကိစ္စမရှိဘူး။ အမှန်တရားဆိုတာ ကိုယ့်ဘက်မှာရှိတယ်။ ခင်ဗျားတို့လည်း အဲလိုပဲလေ။ ခင်ဗျားတို့က Media တွေ ကိုင်ထားတဲ့လူတွေဆိုတော့ ခင်ဗျားတို့ပြောလိုက်တဲ့ဟာသည် မှန်တယ်ဆိုရင် လူထုအတွက်ကောင်းမွန်တဲ့လမ်းဖြစ်မယ်။ ဒါပေမဲ့ ခင်ဗျားတို့ပြောတဲ့ဟာ မှားသွားတယ်ဆိုလို့ရှိရင် လူထုက အဲဒီအမှားကို အမှန်ထင်သွားရင် လူထုအတွက်အန္တရာယ်များတာပေါ့။ ဒါပါပဲ။ မှန်တယ်၊ မှားတယ်ဆိုတာကို သိဖို့လိုတယ်ဆိုတာဟာကလည်း တော်တော်အကန့်အသတ်ရှိတယ်ဆိုတာ ကျွန်တော်နားလည်တယ်။ ဘာကြောင့်လည်းဆိုတော့ ဟိုတုန်းက ကျွန်တော်တို့ MRTV က ဘယ်တော့မှ၊ သတင်းစာက ဘယ်တော့မှအချိန်မီမထည့်နိုင်ဘူး။ ဘာကြောင့်လဲ မှန်တာမှားတာကို Clarified လုပ်တာကို ၂/၃ ရက်ကြာတယ်။ ဟုတ်တယ်မလား။ သူ Clarified လုပ်ရတာကို မှားသွားလို့မရဘူး။ အဲတော့ သတင်းရရှိပါသည်လို့ ထည့်လိုက်လို့ရှိရင် သူကရတယ်။ ဒါပေမဲ့လည်း အဲလိုဖြစ်ပါတယ်၊ ဒီလိုဖြစ်ပါတယ် ပြောတော့ အလိုလိုနေရင်း Commit ဖြစ်သွားတာပေါ့။ အဲတော့ ဒါကို မှန်လား၊ မှားလားလို့ Clarified လုပ်နေတယ်။ ဆက်သွယ်ရေးကလည်း မကောင်းဘူးဆိုတော့ ကြာတယ်၊ နောက်ကျတယ်။ အဲဒီတော့ ဒီဘက်က ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာ ဖမ်းတင်တဲ့သူကမြန်တာပေါ့ဗျာ။ သတင်းတော့ ဦးတာပေါ့။ သို့သော် ဘာပဲပြောပြော အဓိကကျွန်တော်ပြောပြီးပြီပဲ။ ဦးခင်ရွှေကြီးက ဘယ်လောက်ပဲ ကျွန်တော်ကို အဲလိုပဲပြောပြော နောက်ဆုံး End Goal မှာသူနဲ့ကိုယ်နဲ့ ရည်မှန်းချက်တူတယ်။ ၂၀၁၅ မှာ ပါတီတစ်ခု ထဲမှာ အတူပြိုင်မယ့် ရဲဘော်ရဲဘက်တွေ၊ သူလည်း တိုင်းပြည်ကောင်းအောင် လုပ်မယ့်သူ၊ ကျွန်တော်လည်း တိုင်းပြည်ကောင်းအောင်လုပ်မယ့်သူ၊ တိုင်းပြည် ဖျက်မယ့်သူမဟုတ်ဘူးဆိုရင် တော်ပြီ။ ဒါဆိုရင် ကျွန်တော်တို့ရည်မှန်းချက်တူရင် ရေရှည်မှာပေါင်းလို့ရတယ်။ ဒီလိုပဲလေ ခင်ဗျားတို့ Media ကလည်း တိုင်းပြည်ဖျက်မယ့် Media မဟုတ်ဘဲ တိုင်းပြည်ကောင်းအောင်လုပ်မယ့် Media ဆိုရင် ဘာမှကျွန်တော်တို့အတွက် Disturb မဖြစ်ဘူး။ ဟုတ်တယ်မဟုတ်လား။ ဒီဟာသည် ကျွန်တော်တို့ပေါင်းလုပ်နိုင်မယ့်သူတွေ အဲဒါဆိုရင်လည်း ဘယ်အစိုးရပဲဖြစ်ဖြစ် Media က ဘယ်လို Strong ဖြစ်တယ်။ Fouth Pillar အမှန်ပဲဆိုတာ သတ်မှတ်လာမှာပေါ့လေ။ လူထုကလည်း သတ်မှတ်လာမှာပေါ့။ အခုဆို ခင်ဗျားစဉ်းစားကြည့်လေ။ သူရိယနေဝန်းဆိုရင် ဖတ်တဲ့သူတော်တော်နည်းသွားပြီ။ ကျွန်တော်တို့က ဖတ်တဲ့ပရိသတ်ထဲမှာတော့ ပါသေးတယ်။ ဘာလဲဆိုတော့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဘာတွေရေးလဲဆိုတာသိချင်လို့ ဖတ်ရတာ။ ကျွန်တော်တို့ အယူအဆကျတော့လည်း ဘယ်ဟာမှားတယ်၊ ဘယ်ဟာမှန်တယ်ဆိုတဲ့ ဆင်ခြင်တုံတရားနဲ့ပြီးတော့ Cross Check လုပ်ဖို့အတွက် ကျွန်တော်တို့မှာ Facilities ရှိသွားပြီဆိုတဲ့အခါကျတော့ ကျွန်တော်တို့အတွက် ရတယ်။ ဒါပေမဲ့ မရှိသေးတဲ့လူတွေကတော့ အစကတွန်းဖတ်ပြီး အခုကျတော့ ဒီကောင်တွေအလကားအမနာပပဲပြော တယ်ဆိုပြီး မဖတ်တော့ဘူး။ အဲလိုဖြစ်သွားတာ။ ဒါကျတော့လည်း ရှင်းရှင်းပြောရရင် ဟို မကောင်းဘူးပေါ့ဗျာ။ မကောင်းဘူးဆိုတာ ရေးတဲ့သူကမကောင်းဘူး။ ဘာဖြစ်လဲဗျ။ လူတိုင်းလူတိုင်းမှာ မှန်တာရှိမယ်၊ မှားတာရှိမယ်။ ကျွန်တော့်တစ်သက်လုံး မှန်ခဲ့တယ်လို့ ကျွန်တော်မပြောဘူးလေ။ ခင်ဗျားလည်း တစ်သက်လုံးမှန်ခဲ့တယ်လို့ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ပြန်ပြောလို့ ဘယ်ရမလဲ။ ဟုတ်တယ်မဟုတ်လား။ မှန်တာရှိမယ်၊ မှားတာရှိမယ်။ ဒါပေမဲ့ ကျွန်တော်တို့သည် အခုလက်ရှိဘာလုပ်နေသလဲ။ လက်ရှိမှန်တာကိုလုပ်နေဖို့လိုတယ်။ နံပါတ်တစ်ကတော့ ပြီးခဲ့တဲ့အတိတ်က မှားတာတွေပြန်ပြီးတော့ ချေဖျက်ဖို့လိုတယ်။ ဒါပါပဲ။ အနာဂတ်မှာ မှန်အောင်လုပ်မယ်။ ဒါကိုပဲ သွားရမှာပေါ့။ ဟုတ်တယ်မဟုတ်လား။

မေး - အခု ကျွန်တော်မေးမှာက အဘ နည်းနည်းငြင်းချင်လဲ ငြင်းလို့ရပါတယ်။ အဘလည်း Media နဲ့နီးစပ်တဲ့သူတစ်ယောက်ပါ။ ကျွန်တော်တို့ Unity တို့ ဘာတို့မှာကော Media ဘက်က မှားတာတွေလည်းရှိတာပေါ့။ ဒါပေမဲ့ အစိုးရချတဲ့အမိန့်ကျတော့ ပြင်းထန်တယ်လို့ ယူဆလို့မရနိုင်ဘူးလား။

ဖြေ - ခင်ဗျားကို ကျွန်တော်က Defend လုပ်တာတော့မဟုတ်ဘူး။ ခင်ဗျား အခုပြောသွားတဲ့ Usage ပေါ့နော်။ အစိုးရချတယ်လို့ပြောတယ်။ အဲဒီတော့ နိုင်ငံတစ်နိုင်ငံမှာ Pillar သုံးခုရှိတာပေါ့။ Administrative Pillar ဆိုတာ အစိုးရ၊ Legislative Pillar ဆိုတာ လွှတ်တော် Judicial Pillar ဆိုတာက တရားရေး။ အဲဒီတော့ အမိန့်ချတာက တရားရေးကချတာ။ တရားရေးက အစိုးရလား၊ တရားရေးက အစိုးရမှမဟုတ်တာ။ ခင်ဗျားကလည်း ခင်ဗျားပြောတဲ့အစိုးရကချတယ်လို့ပြောတာက မှားတယ်။ ကျွန်တော်က ဒီလိုပြောချင်တယ်။ အစိုးရက မချဘူး။ ချတာက တရားရေးကချတာ။ တရားရေးကတော့ သူ့ရဲ့ဆင်ခြင်တုံတရားနဲ့ချတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က များတယ်၊ နည်းတယ်လို့ မဝေဖန်လိုဘူး။ ဒါပေမဲ့ ကျွန်တော် ဒီဂျာနယ်ကပဲတစ်ဆင့်သိရတာက Appeal လုပ်တယ်ပေါ့။ အသနားခံတဲ့အခါမှာ လက်ခံထားတယ်လို့ပြောတော့ လက်မခံထားတာထက်စာရင် အဆင့်တစ်ဆင့်တော့ မဆိုးဘူးပေါ့လေ။ ဟုတ်တယ်မဟုတ်လား။ ဒါပေမဲ့ အစိုးရက မချဘူးဗျ။ ဒီဟာနဲ့ပတ်သက်တာဆိုလို့ရှိရင် အစိုးရက မချဘူး။ တရားရေးကပဲချတယ်။ တရားရေးကလည်း သူ့ရဲ့တရားသူကြီးကတော့ သူတို့ဆင့်ကဲဆင့်ကဲ တင်ပြတယ်လား၊ မတင်ပြတယ်လား သူတို့ပဲသိမှာပေါ့။ သို့သော် အစိုးရကမချဘူး၊ ချတာက တရားရေးကချတာ။ အဲဒီတော့ ဒီနေရာမှာတော့ ဂျာနယ်တွေကလည်း ဟိုဘက်က ဘယ်နေရာမှာဆိုရင် တပ်ကပြောလို့ ဘာညာ၊ ဒါက ရှင်းရှင်းပြောလို့ရှိရင် တပ်က တရားရေးမပြောနဲ့။ ဘယ်သူ့ကိုမှ Influence မလုပ်ဘူး။ လုပ်လို့လဲ မရဘူးလေ။ ဟုတ်တယ် မဟုတ်လား။

မေး - ဒါကတော့ နိုင်ငံရေးပေါ့။ ၂၀၁၅ မှာကျတော့ ဘယ်လိုမျိုးကြိုတင်ပြင်ဆင်ထားတာတွေရှိလဲ။

ဖြေ - ၂၀၁၅ မှာ ကျွန်တော်ပြောပြီးပြီလေ။ ကျွန်တော်ရွေးကောက်ပွဲဝင်မယ်။ ဘာကြောင့်လဲ။ နံပါတ်တစ် တိုင်းပြည်အတွက်ဝင်မယ်။ နံပါတ်နှစ်ကတော့ ကိုယ်ကငယ်သေးတယ်လေ။ ငယ်သေးတော့ ကျွန်တော်တို့က ဒီအချိန်က လုပ်လို့အကောင်းဆုံးအချိန်ပဲ။ ကျွန်တော်အခု ၅၆၊ ၅၇ ထဲရောက်လာပြီ။ ကျန်းမာတယ်။ ပြီးတော့ ရှင်းရှင်းပြောရရင် International Politics ကိုနားလည်တယ်။ Domestic Issue တွေလည်း ကျွန်တော်အကုန်သိတယ်။ ဒါကြောင့်မို့ လုပ်သင့်တယ်ပေါ့။ ကိုယ့်ဟာကိုယ် ဆုံးဖြတ်တာပေါ့။ သာမန်ဒီအချိန်မှာ ကျွန်တော်နားတယ်ဆိုရင် ကျွန်တော်မတရားဘူး။ ဘာကြောင့်လဲဆိုလို့ရှိရင် တိုင်းပြည်ကို အလုပ်အကျွေးပြုရမယ့် အချိန်ရှိသေးတယ်ပေါ့။ အချိန်ရှိသေးတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်အလုပ်အကျွေးပြုမယ်ပေါ့။

မေး - မနေ့ကပဲ ကျွန်တော့်တို့ဒီမှာ လွှတ်တော်မှာနည်းနည်းလေးအဆင်ပြေမယ့်နည်းလေး PR စနစ်ကျတော့ကော အဘ။

ဖြေ - PR စနစ်ကတော့ စောစောကပြောသလိုပေါ့လေ။ အရင်တုန်းကစနစ်က ကျွန်တော်တို့ Practice လုပ်ခဲ့တာ နှစ်ပေါင်းများစွာ လုပ်ခဲ့တာပေါ့။ Winner takes All ပေါ့နော်။ Winner takes All ဆိုတော့ အခုအယူ အဆကတော့ မဲဆန္ဒနယ်တစ်နယ်မှာ ပါတီနှစ်ခု၊ သုံးခုရွေးမယ်ပေါ့ဗျာ။ ပါတီ တစ်ခုက ၄၀% နဲ့နိုင်မယ်။ ပါတီတစ်ခုက ၃၀% နဲ့ရှုံးမယ်။ နောက်ပါတီ တစ်ခုက ၂၀% နဲ့ရှုံးမယ်။ ဒါဆိုလို့ရှိရင် ၄၀ % သမားသည် နိုင်တော့တစ်နေရာရသွားမယ်။ သူ့ကိုထောက်ခံတာ ဘယ်လောက်ရှိသလဲ။ ၄၀ ပဲရှိတယ်။ သူ့ကို မထောက်ခံတာ ၅၀၊ ၆၀ လောက်ရှိတယ်။ ဒါဆိုလို့ရှိရင် ကျန်တဲ့ ၅၀၊ ၆၀ ကို Represent လုပ်တဲ့သူကော မရှိသင့်ဘူးလားဆိုပြီး ဒီအယူအဆပေါ်မှာဖြစ်ကြတာပေါ့နော်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီဟာသည် လွှတ်တော်မှာ ဆွေးနွေးမှာပေါ့ဗျာ။ လွှတ်တော်ကသာလျှင် ဒီဟာအတွက် အခွင့်အာဏာရှိတဲ့ အဖွဲ့အစည်းဖြစ်နေတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ပဲ။

(ဌ) သို့ -

(၄) မှ -

ဒါပေမဲ့လည်း စောစောကပြောသလိုပေါ့နော်။ ကျွန်တော့်အယူအဆကတော့ PR စနစ်ကြောင့် ပါတီများအကြားမှာ စိတ်ဝမ်းမကွဲစေချင်ဘူး။ PR စနစ်ကြောင့် ပြည်နယ်နှင့်တိုင်းတွေမှာ စိတ်ဝမ်းမကွဲစေချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဦးတည်ချက်ထဲမှာပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးဆိုတာတွေက ဒါတွေက ကျွန်တော်တို့ အမြဲတမ်းလိုဦးထိပ်ထားနေရတဲ့ အရာတွေဖြစ်တယ်လေ။ လက်ရှိ ရှိနေတဲ့ ဟာကနေ နောက်ထပ်တစ်ဆင့်ကောင်းမယ်ဆိုတဲ့ဟာကို သွားတယ်။ ဒါပေမဲ့ Back Fire ပေါ့။ Repercussion ပေါ့လေ။ ဒါတွေရှိတယ်ဆိုရင်လည်း နည်းနည်းတော့စဉ်းစားသင့်တာပေါ့။ ဒီသဘောပဲ ကျွန်တော်တို့မြင်ပါတယ်။

မေး - အခိက ပြိုင်ဖက်ဖြစ်တဲ့ NLD နဲ့ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် အဘ အနေနဲ့ဘယ်လိုသုံးသပ်မိသလဲ။

ဖြေ - ကျွန်တော်တို့က အဓိကပြိုင်ဖက်ကတော့ ဒေါ်အောင်ဆန်းစုကြည်တို့ NLD လို့လည်း သဘောမထားဘူး။ ကိုယ့်မဲဆန္ဒနယ်မှာပြိုင်မယ့်သူ၊ ကိုယ့်ပါတီနဲ့ အတူတူပြိုင်မယ့်သူတွေ အကုန်လုံးက ကိုယ့်ရဲ့ပြိုင်ဖက်ပဲလေ။ ပြိုင်ဖက်ပဲ။ ဒါပေမဲ့ ရန်သူမဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်နေရာမှာ ကျွန်တော်က နိုင်တယ်။ ကျွန်တော်တစ်ယောက်တည်း နိုင်ရုံနဲ့အစိုးရဖွဲ့လို့မှမရတာ။ ကျွန်တော်တို့ပါတီက လူတွေအများစုနိုင်မှ အစိုးရဖွဲ့လို့ရမှာ။ ဒါကြောင့်မို့ ပါတီကလူတွေအများစုယှဉ်ပြိုင်တဲ့ နေရာမှာ ဟုတ်လား။ အများစုလာပြီးပြိုင်မယ့်ပါတီတွေ သည် ကျွန်တော်တို့ရဲ့ Rivals တွေပေါ့။ ပြိုင်ဖက်ပဲ။ Rivals တွေက Rivals ပဲ။ သူတို့ကို ကျွန်တော်တို့ က ရန်သူလို သဘောမထားဘူး။ ဘာကြောင့်လဲ။ တကယ်လို့များ သူတို့နိုင်ခဲ့မယ် ဆိုရင်လည်း တိုင်းပြည် ကောင်းအောင်လုပ်မယ်လို့ယုံကြည်ပါတယ်။ ဒါဆို လို့ရှိရင် ရည်မှန်းချက်တူတာပဲ။ ဟုတ်တယ်မဟုတ်လား။ တကယ့်ရည်မှန်းချက်က တူတာပဲ။ တိုင်းပြည်ကောင်းအောင်လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ကယုံကြည်ပါတယ်။ ကျွန်တော်တို့က တိုင်းပြည်ကောင်းအောင် လုပ်မယ် ဆိုတဲ့ လက်တွေ့အပေါ်မှာရွေးကောက်ပွဲလုပ်မယ်ဆိုရင် ချပြရတာတွေရှိတယ်လေ။ အဲဒီ့ဟာတွေတော့ ကျွန်တော်တို့စောင့် ကြည့်ရဦးမှာပေါ့။ စောင့်ကြည့်ရတော့မှာပေါ့။ တကယ်တမ်းပြောလို့ရှိရင် တစညပါတီတို့၊ ရှမ်းပြည်မှာဆိုလဲ SNLD တို့ ဟုတ်တယ်မဟုတ်လား။ ရခိုင်မှာဆိုရင်လည်း အခုအသစ်ဖွဲ့တဲ့ ALP နဲ့ RNDP နဲ့ပေါင်းသွားတဲ့ပါတီတို့ သူတို့လည်း အားကောင်း ပါတီတွေပါပဲ။ သူ့နေရာနှင့်သူ အားကောင်းတဲ့သူတွေပါပဲ။ ကျွန်တော်ကတော့ တကယ်လို့ပေါ့နော်။ တိုင်းပြည်ကို တိုးတက်စေချင်ပါတယ်။ တိုင်းပြည်အခု ဒီရက်ပိုင်းတွေမှာ သမ္မတကြီးဦးဆောင်တဲ့ အစိုးရလက်ထက်မှာ တော်တော်လေးကိုကြိုးစားပြီးလုပ်တယ်။ နိုင်ငံတကာက အသိအမှတ်ပြုပြီးလက်ခံတယ်။ ဒါပေမဲ့ ပြည်တွင်းညီညွတ်မှုက ကျွန်တော်တို့နောက်က Drag ဖြစ်တယ်ပေါ့။ နောက်ကဆွဲတယ်ပေါ့။ Friction ဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တိုးတက်မှုတွေက ရသင့် သလောက်မရဘဲနဲ့ ရလဒ်တွေကနည်းနည်းလေး မှန်းသလောက်မရောက် တာတွေရှိတယ်။ ဘာပဲပြောပြော တကယ်တမ်းသာ စည်းစည်းလုံးလုံး လုပ်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှန်းတဲ့ End Goal ကိုရောက်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

မေး - ၂၀၁၅ နောက်ပိုင်းမှာ ပြည်ပကုမ္ပဏီအများအပြားဝင်လာနိုင်တယ်ဆိုတဲ့ အနေအထားရှိတယ်ဆိုပြီး တချို့စီးပွားရေးလုပ်ငန်းရှင်တွေကသုံးသပ်တာပေါ့နော်။ အဲဒီအပေါ်မှာ အဘဘယ်လိုများမြင်လဲ။ သူတို့ရွေးကောက်ပွဲကို စောင့်ကြည့်တဲ့ အနေအထားရှိတယ်။ ဂျပန်သံအမတ်လည်း သူ့ကိုမေးကြည့်တော့ သူတို့ဂျပန်ကုမ္ပဏီတွေကလည်း ၂၀၁၅ ကို စောင့်ကြည့်တဲ့အနေအထားရှိတာပေါ့။ အခုလောလောဆယ်တော့ ကျွန်တော်တို့ဆီမှာ လုပ်ရကိုင်ရတာ တော်တော်များများခက်ခဲနေလို့လား။

ဖြေ - ကျွန်တော်တို့ဒီမှာကော MIC ရဲ့ Statictic အရဆိုရင်တော့ ကျွန်တော်တို့ ဆီကိုဝင်လာတဲ့ FDI တွေက မနည်းပါဘူး။ မနည်းဘူးပေါ့။ သို့သော် တချို့ကျတော့၊ တချို့နိုင်ငံတွေကျတော့လည်း နည်းနည်းလေး Hesitate ဖြစ်တာတို့ ဒီလိုတော့ရှိတာပေါ့နော်။ သို့သော် ဘာပဲပြောပြော အခွင့်အလမ်းရှိနေလို့ ရှိရင်တော့ ဒီအခွင့်အလမ်းပေါ်မှာ ဘယ်သူမှလက်လွှတ်မခံပါဘူး။ ဟုတ်တယ်မဟုတ်လား။ အခွင့်အလမ်းအပေါ်မှာကတော့ သူတို့ အရအမိဆုပ်ကိုင်မယ်လို့ ဒီလိုပဲယုံကြည်ပါတယ်။ ဘယ်လောက်ပဲ ခင်ဗျား မြန်မာနိုင်ငံကို မလာပါနဲ့ ပြောပြော လာတဲ့လူတွေလာလို့တောင် ခင်ဗျားအ များကြီးဖြစ်နေပြီပဲ။ ဒီဟာကြောင့် Hesitate ဖြစ်တယ်ဆိုတာကတော့ ဒီလိုတော့ မယုံကြည်ပါဘူး။ အဲဒါဆို ကျွန်တော်သူတို့ကို ပြန်မေးမယ်။ ၂၀၁၅ နောက်ပိုင်းကျမှ လာမယ် ဆိုတော့ ၂၀၁၅ မှာ NLD ကနိုင်မယ်လို့ တရားသေ သူပြောလို့ရလို့လား။ ဟုတ်တယ်မဟုတ်လား။ ၂၀၁၅ မှာ NLD နိုင်မယ်ဆိုလို့ရှိရင် ဘာအထောက်အထားနဲ့ပြောသလဲ။ ကျွန်တော်တို့ ဒီလိုပြောရမှာပေါ့။ ကျွန်တော်ပြောပြမယ်လေ။ NLD က Signature Campaign လုပ်တယ်။ ၄၃၆ ပြင်ဆင်ရေးအတွက်ဆိုပြီး Signature Campaign သုံးဒသမ something မီလီယံ ထောက်ခံတယ်လို့ ပြောကြတယ်။ ဒါဆိုရင် Another Aspect နဲ့ပြောမယ်။ အဲဒီလိုဆိုရင် ကျန်တဲ့ ၅၇ သန်းက မထောက်ခံဘူးပေါ့။ ဟုတ်တယ်မဟုတ်လား။ ဒီနေ့မနက်ပဲ ကာတွန်းတစ်ခုမှာဖတ်တယ်။ Eleven မှာလားမသိဘူး။ သတ္တိရှိရင် မဲပုံးထောင်လိုက်လေ။ သူကအဲလိုပြောတယ်။ ဆယ်သန်းရှိတယ်ကွာ။ သုံးသန်းမဟုတ်ဘူး။ ဆယ်သန်းရှိတယ်ကွ။ အဲဒါဆိုကျန်တဲ့လူတွေကော လို့ တစ်ယောက်ကပြောတယ်။ သတ္တိရှိရင် မဲပုံးထောင်လိုက်လေ။ ခုသူတို့လုပ်တာက မဲပုံးထောင်လိုက်တာထက် ပိုဆိုးတယ်။ မဲပုံးထောင်တာကမှ ပွင့်ပွင့်လင်းလင်းပြောရရင် ကိုယ်ကြိုက်တာထည့်လို့ရသေးတယ်။ အခုဟာက လက်ဆွဲခေါ်ပြီး ထိုးခိုင်းနေတာလေ။ ဟုတ်တယ်မဟုတ်လား။ လက်ဆွဲခေါ်ပြီးထိုးခိုင်းနေတာ၊ ဒါတောင်မှဒီလောက်ပဲရပါတယ်။ ဆိုလိုတာက ကျွန်တော်တို့က လည်း စကားကိုကပ်ပြောတာမဟုတ်ဘူး။ ဒါဆိုရင် ကျန်တဲ့သူတွေကတော့ သူတို့နဲ့ဆန့်ကျင်ဖက် အတွေးအခေါ်ရှိတယ်လို့ ကျွန်တော်တို့ဘက်က ယူဆလို့မရနိုင်ဘူးလား။ ဘာအကြောင်းအရာကိုမှ ဘာခေါ်မလဲ။ ဒီဘက်က ဒီလိုတွေးရင် ဟိုဘက်ကဟိုလိုပြန်တွေးလို့ရပါတယ်။ ဒါလည်း တော်တော်စဉ်းစားစရာကောင်းတဲ့အချက်တစ်ချက်ပါပဲ။

မေး - တခြား ဘာများဖြည့်စွက်ချင်ပါသေးလဲ

ဖြေ - မရှိပါဘူး။ ကျွန်တော်ခင်ဗျားတို့ လာမေးတာလဲ ကျေးဇူးတင်တယ်။ ခင်ဗျားတို့လည်း ခင်ဗျားတို့သိချင်တာ သိရတာပေါ့လေ။ ကျွန်တော်လည်း ကျွန်တော်တို့ဝန်ကြီးဌာနကို ပွင့်ပွင့်လင်းလင်းပြောရရင် ကြော်ငြာဝင်ရတာပေါ့နော်။ ကျွန်တော်တို့ဝန်ကြီးဌာနမှာရှိနေတဲ့ ဒုတိယဝန်ကြီးတွေရော၊ DG၊ MD တွေရော၊ ကျန်တဲ့သူတွေရော၊ စက်ရုံအလုပ်ရုံမှာရှိတဲ့သူတွေရော တကယ့်ကို သမ္မတကြီးချမှတ်ထားတဲ့ Third Wave ခေါ်တာပေါ့နော်။ တတိယလှိုင်းနဲ့ အတူ တကယ်ကိုလိုက်လုပ်ပါတယ်။ ပြုပြင်ပြောင်းလဲနိုင်ဖို့နဲ့ ပိုပိုပြီးတော့မှ အခြေအနေကောင်းတွေရအောင်လည်း ကျွန်တော်တို့ ကြိုးစားနေတယ်။ ကျွန်တော်တို့ရဲ့ကြိုးစားမှုကလည်း အချည်းအနှီးတော့ မဖြစ်ဘူး။ အဲဒါကို ကျွန်တော်တို့က စာရင်းဇယားနဲ့သက်သေပြမယ်။ သက်သေပြမယ်ဆိုတာ အခုဒီနှစ်မှာ ဒီလောက်ရှုံးတယ်ဆိုရင် လာမယ့်နှစ်မှာ ဒါ့ထက်အရှုံးသက်သာစေရမယ်။ ကျွန်တော် Target က အဲဒီလို Target ပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တဖြည်းဖြည်းနဲ့အပြင်ကိုငှားပေးတဲ့ စက်ရုံတွေ များလာပြီဆိုလို့ရှိရင် လုပ်ခလစာတွေမပေးရတော့ဘူး။ သူတို့ဆီက ငှားခတွေရမယ်။ ပြီးတော့လည်း ဒါကျွန်တော်တို့အတွက် ကောင်းတယ်။ တိုင်းပြည်အတွက် ကောင်းတယ်ခင်ဗျ။ ကျွန်တော်တို့က ၁၀ ဘီလီ ယံဖိုးထုတ်လို့ဆိုရင် Private ကထုတ်လို့ရှိရင် ၂၀ ဘီလီယံဖိုးထုတ်နိုင်တယ်လို့ဆိုရင် ကျွန်တော်တို့ရဲ့ Productivity တက်တယ်ပေါ့။ တက်တယ်ဆိုရင် တိုင်းပြည်ရဲ့ GDP တက်တာပေါ့။ တစ်ပိုင်းကတော့ ပြန်ကောင်းတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒီဟာကို ဒါနဲ့ပဲသက်သေပြမှာပါ။ ပါးစပ်နဲ့ပဲ တုံ့ပြန်နေလို့ရှိရင်ကတော့ အာလူးပေါ့ဗျာ။ ကျွန်တော်တို့က အာလူးတော့ အာလူးပဲ။ ဒါပေမဲ့ တော်တော်စားလို့ကောင်းတဲ့အာလူးဖြစ်အောင် ကျွန်တော်တို့ လုပ်မယ်။ ကျေးဇူးတင်ပါတယ်။

# လောဘမူစိတ်

ဘမောင်ဦး



ကျွန်တော်သည် ဗုဒ္ဓဘာသာ ဓမ္မကထိကမဟုတ်။ တရားဓမ္မဟောကြားပြသူလည်းမဟုတ်။ လူသားတို့၏လူ့စိတ်သဘာဝကို ပပ်ပပ်နပ်နပ်ခွဲခြမ်းစိတ်ဖြာ၍ စိတ်ပညာကျမ်းကြီး၊ ကျမ်းခိုင်များကိုကား၍ ရှင်းလင်းပြနိုင်သူလည်းမဟုတ်ချေ။ သာမန်ဗုဒ္ဓဘာသာမျှသာ။ သို့သော် လူ့စိတ်၏သဘောသဘာဝ၊ စိတ်၏ဇီဇအကြောအထားများကို ထိုးထွင်းသိမြင်ခြင်း၊ ဘဝအတွေ့အကြုံများရှိခြင်း၊ အသိပွားကာသတိထား၍ စဉ်းစားဆင်ခြင်ခြင်းများနှင့် အထိုက်အလျောက်လေးသိသည်ကို တင်ပြပါဦးမည်။

ဗုဒ္ဓဘာသာကျမ်းဂန်ပါဠိအလာရှိသည်များထဲတွင် လူ့စိတ်သဘော၌ ဖြစ်တည်တတ်၊ ချယ်လှယ်လွှမ်းမိုးတတ်သော စိတ်စေတသိက်တရားများအကြောင်း၌ လောဘမူစိတ်၊ ဒေါသမူစိတ်၊ မောဟမူစိတ်ဟူ၍ စိတ်သဘာဝကိုခွဲခြမ်းပြပါသည်။

လောဘမူစိတ်ဆိုသည်မှာ လူ့စိတ်စေတသိက် လောဘဖြစ်လာပြီးနောက် လောဘစိတ်မှန်မူ၊ လောဘစိတ်၏လှုံ့ဆော်ဖိအားပေးပုံ၊ တွန်းအားပေးပုံ၊ အလုပ်လုပ်ပုံ နည်းလမ်းစနစ်၊ တရားကိုယ်သဘောသွား သဘောသဘာဝကို အသေးစိတ်၊ အနုစိတ်ရှင်းပြခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာတွင် အခြားဘာသာကြီးများနှယ် ထာဝရဘုရားသခင် အနန္တတန်ခိုးရှင်မပါခြင်း၊ လူ့စိတ်သဘာဝကို အားပြုခြင်းကြောင့် ကမ္ဘာ့ပညာရှင်များက စိတ်ပညာတစ်မျိုးဟု ယူဆကြပါသည်။ ဘာသာရေးမဟုတ်သလိုမြင်ကြ၏။

သို့သော် တက္ကသိုလ်များတွင် ပညာရပ်အဖြစ်သင်ယူကြသော စိတ်ပညာဘာသာရပ်နှင့်မတူ ကွဲပြားခြားနားသောစိတ်ပညာမျိုးဖြစ်၏။ အနောက်တိုင်းစိတ်ပညာသဘောက လောကီလူမှုစိတ်ပညာဖြစ်၍ မြတ်ဗုဒ္ဓ၏စိတ်ပညာက လောကုတ္တရာ (လောကီလူမှုရေးမဟုတ်သော) ဖြစ်၏။ လူ့စိတ်စေတသိက်ပေါင်း ၈၉ ခုရှိကြောင်း အနုစိတ်ရေတွက်ပြ၏။ မမြင် မတွေ့ရ လက်ဆုပ်လက်ကိုင်မပြနိုင်သော စိတ်စေတသိက်အမျိုးအမည်ပေါင်း ၈၉ စိတ်ကို အမည်နာမနှင့်တကွ ဖော်ပြပါသည်။ ဗုဒ္ဓဘာသာစာသင်သားများတွင် စိတ်တွက်ရုပ်တွက်သည့်သင်ခန်းစာဟူ၍ ရှိပါသည်။ အဆင့်မြင့်သင်ခန်းစာဖြစ်၏။ လူ့စိတ်သဘာဝကို နာမည်တတ်ရန်ခက်လှ၊ နားလည်ရခက်ခဲပါသော်လည်း သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်ဗုဒ္ဓက အမည်နာမနှင့်တကွ သုံးသပ်ရှင်းလင်းပြနိုင်ပါသည်။

သို့သော် လောကီလူမှုစိတ်ပညာမဟုတ်။ ထို့ကြောင့် လူသိများ ဘွဲ့ပေးနိုင်သောစိတ်ပညာမဖြစ်ချေ။ ရဟန်းသံဃာသာဖြစ်၏။ မြတ်ဗုဒ္ဓ၏ဗုဒ္ဓဘာသာအရ လူ့စိတ်ကိုအဓိက စိတ်အခြေအနေသုံးမျိုးက ချယ်လှယ်လွှမ်းမိုး၏။ ၄င်းမှာ လောဘ၊ ဒေါသ၊ မောဟတည်း။ လောဘကိုထိပ်ဆုံးမှ နေရာပေးထားခြင်းမှာ အဓိပ္ပာယ်မဲ့မဟုတ်ချေ။ လူ့စိတ်ကိုအချယ်လှယ်ဆုံး၊ အလွှမ်းမိုးဆုံးဖြစ်၍ဟူ၏။ လူကို လောဘ၏သားကောင်၊ လောဘသားဟု ခေါ်ကြပြောကြသိကြရ၏။ လောဘစိတ်၏ စေတသိက်သဘောက အံ့ဩစရာပင်ဖြစ်ပါသည်။

လူ့ကိုယ်ခန္ဓာအတွင်း စိတ်အတွင်းသို့ ဝင်ပေါက်အဖြစ် ဒွါရခြောက်ပေါက်ရှိ၏။ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါသည်။ မြင်၊ ကြား၊ နံ့စသည်ဖြင့်ရှိ၏။ သို့သော် လူ့စိတ်က စိတ်မဝင်စား၊ အာရုံမရောက်၊ အလေးမမူ၊ ဂရုမထားလိုဘဲ လွှဲဖယ်ပစ်ပယ်ပါက မြင်ရုံ၊ ကြားရုံ၊ နံရုံမျှသာဖြစ်၏။ စိတ်ထဲကိုယ်ထဲသို့ မရောက်၊ မဝင်ချေ။ မြင်ရုံ၊ ကြားရုံမည် ကာမတ္တဖြစ်၏။

ထိုထိ၊ တွေ့၊ မြင်၊ သိ၊ ကြား၊ နံ အာရုံခံလူ့ဒွါရ ထိသိမှုကို စိတ်အာရုံဝင်စား စူးစမ်းလေ့လာသုံးသပ်သောအခါ စေတသိက်ဖြစ်သည့် သိစိတ်အဆင့်သို့ရောက်ပါသည်။ ထိုသိစိတ်စေတသိက်က လူ့စိတ်အာရုံကိုလွှမ်းမိုး၍ လူ့စိတ်ကိုချယ်လှယ်၏။ အာသီသအရ စေစား၏။

အချောအလှမိန်းမပျိုကို စိတ်စေတသိက်ဝင်စား သတိထားအသိပွားလိုက်ပါက အချောအလှကိုသဘောကျကာ လိုချင်တပ်မက်မှုဖြစ်သည့် လောဘစိတ်ပေါ်၏။ ရုပ်ဝတ္ထုများ၊ ငွေကြေးဥစ္စာတန်ဖိုးရှိ၍ အသုံးဝင်သောဝတ္ထုပစ္စည်းမှန်သမျှကို စိတ်ဝင်စားအာရုံရောက်ပါက လိုချင်တပ်မက်ခြင်း၊ ကြိုက်နှစ်သက်ခြင်း လောဘစိတ်ပေါ်၏။ ထိုလောဘစိတ်အရ မိမိအလိုမကျပိုင်ဆိုင်ခွင့်မရ၊ မိမိလောဘကို မဖြည့်နိုင်သောအခြေအနေ အခြင်းအရာတိုင်းကို ဒေါသဖြစ်၏။ သဘောမတွေ့နိုင်၊ အကြိုက်မတွေ့နိုင်ဖြစ်ကြ၏။ လောဘစိတ်တွင် လောဘအကြီးအသေးအလိုက် ထုထည်ပမာဏအလိုက် အမျိုးအမည်ပေါင်းများစွာရှိပါသည်။ အဆင့်အတန်းဒီဂရီအမျိုးမျိုးရှိ၏။ ‘လောဘ၊ ဒေါသ၊ မောဟ’ စိတ်စေတသိက်ပေါင်း ၈၉ မျိုး (တစ်ခုယုတ်လျော့ ၉၀) ဆိုကိုး။

× × ×

ကျွန်တော်တို့တွင် ကောင်းစေချင်၊ တတ်စေချင်၊ ဖြစ်မြောက်စေချင်၊ ပြီးမြောက်စေချင်၊ အောင်မြင်စေချင်၊ တာဝန်ကျေချင်သော၊ လောဘနှင့်ယှဉ်သော စိတ်ဆန္ဒအာသီသများ အမြဲတစေထူပြောစွာရှိနေကြ၏။ တချို့လောဘတို့မှာ မရှိမဖြစ်လိုအပ်၏။ လောဘမရှိလျှင် လူ့လောကကြီးတိုးတက်မြင့်မား ဖွံ့ဖြိုးလိမ့်မည်မဟုတ်ချေ။ ပညာရေး၊ စီးပွားရေး၊ ဘဝအောင်မြင်ရေး၊ ကျန်းမာရေး၊ အသက်ရှည်ရေး၊ စားဝတ်နေမှုပြေလည်ရေးတို့တွင် လောဘရှိကြရပါမည်။ သဘာဝကျသော၊ တရားသောလောဘများ လိုအပ်၏။ လောဘရှိမှ အဘိုးထက်အဖေ၊ အဖေထက်သား၊ သားထက်မြေး၊ မြေးထက်မြစ်များ တစ်ဆင့်ထက်တစ်ဆင့် ဘဝအခြေမြင့်တက်စေရန် လောဘများ၊ ဆန္ဒအာသီသများ လိုကိုလိုအပ်၏။

လောဘမရှိ၊ မရလိုမဖြစ်ချင်လျှင် တိုးတက်ရန်အကြောင်းမရှိချေ။ ထို့ကြောင့် ရှိရာနှင့်ကျေနပ်ရောင့်ရဲခြင်းမှာ မှန်ကန်ပါသော်လည်း ဖြစ်ရာနှင့် ကျေနပ်ရောင့်ရဲခြင်းမှာ ဘယ်တော့မှမမှန်ကန်နိုင်ဟု ဆိုကြပြောကြခြင်းဖြစ်ပါသည်။ ဘဝဆိုသည်မှာ စိတ်ကူးမဟုတ်၊ လက်တွေ့ပင်။ သို့သော် တရားသော၊ လိုအပ်သောလောဘမျိုးရှိသလို မတော်လောဘ၊ ဝိသမလောဘ၊ အစွန်းရောက်လောဘ၊ ဘနဖူးတွင် သိုက်တူးမည့်လောဘ၊ ခိုးဝှက်၊ ဓါးပြတိုက်၊ ပြန်ပေးဆွဲ မုဒိန်းကျင့်သော အစွန်းရောက်လောဘ၊ ဘယ်သူသေသေ ငတေမာပြီးရောလောဘမျိုးလည်းရှိပါသည်။ လူများကို လောဘလွှမ်းမိုး၏။

သားသမီးများ စာမေးပွဲနှစ်စဉ်အောင်ကာ ပညာရည်မြင့်တက်စေလိုမှုမှာ မိဘများ၏မျှော်လင့်ချက်ဖြစ်၏။ တရားသောလောဘဖြစ်၏။ လုပ်ငန်းခွင်တွင် ဝန်ထမ်းလုပ်သားများကိုခိုင်းစေ၍ တာဝန်ပြီးမြောက်ဖို့ကြိုးစားခြင်းမှာ သဘာဝကျသောလောဘဖြစ်၏။

သို့သော် ထိုလောဘများအရပင် သားသမီးများစာမေးပွဲကျသည်ကို သည်းမခံ၊ ခွင့်မလွှတ် နားလည်မပေးနိုင်ဘဲ စိတ်ဆိုးဒေါသကြီးကာ ရိုက်နှက်ဆုံးမရာမှ သားကအိမ်မှထွက်ပြေး၊ သမီးကလင်နောက်လိုက်ပြေးသော ဖြစ်စဉ်ဖြစ်ရပ်များဒုနှင့်ဒေးရှိ၏။ လောဘအကြိုက်မတွေ့ အလိုမကျလျှင် ပိုဆိုးသောဒေါသဖြစ်သွား၏။ လောဘမှာမတော်လောဘ၊ ဝိသမလောဘ၊ အစွန်းရောက်လောဘ၊ လူမဆန်သောလောဘမျိုးမဟုတ်လျှင် ကောင်းသောလောဘဟူ၍ ရှိသေး၏။ လောဘမှပေါ်ထွက်လာသောဒေါသမှာ ကရုဏာဒေါသောပင်ဖြစ်ဖြစ် မကောင်းချေ။ သတိထားတတ်မှ မြင်တတ်၏။

ဒေါသ၏တရားကိုယ်သဘောမှာ အဖျက်အမှောင့်၊ အဖျက်အဆီးလုပ်ငန်း၏ အခြေခံအကြောင်းတရားဖြစ်၏။ ကောင်းကျိုးချမ်းသာကို မဆောင်။ အပြုသဘောမပါ။ ဒေါသသည် ပကတိမိုက်မဲမှု အကျိုးပျက်စီးစေ၏။ အဆိုးဖြစ်စေ၏။

ထို့အတူ အထက်လူကြီးအရာရှိက အလုပ်ပြီးစီးအောင်မြင်လိုသော လောဘဖြင့် လက်အောက်ငယ်သားများကို ခိုင်းစေရာမှအကြောင်းတစ်ခုခုကြောင့် ချို့ယွင်း

စာမျက်နှာ ၁၂ သို့ -

# အနာဂတ်မြေအန္တရာယ်



ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြောက်စရာ၊ ထိတ်လန့်စရာ၊ စိုးရိမ်စရာများကို လူ့တိုင်းမတွေ့လို၊ မကြုံလို၊ မခံစားချင်ကြသည်မှာ လူ့သဘာဝအမှန်ပင်ဖြစ်ပါသည်။ ဘေးအန္တရာယ်တစ်ခုဖြစ်သည့် မြွေအန္တရာယ်ကို လူတိုင်းကြောက်ရွံ့ထိတ်လန့်ကြပါသည်။ မြွေဆိုတာမျိုးကလည်း ကြိုတင်ခန့်မှန်းတွက်ဆလို့ရခဲတဲ့ သတ္တဝါတစ်မျိုးပါ။ ဘယ်အချိန်မှာသူနဲ့တွေ့မလဲ။ တောထဲတောင်ထဲသွားမှမဟုတ်၊ အချိန်မရွေး၊ ရာသီမရွေး အိမ်ထဲ။ တိုက်ထဲနေရင်းနှင့် တွေ့ကြုံရသည့် ဘေးအန္တရာယ်တစ်မျိုးဖြစ်၍ အသက်အန္တရာယ်ထိပါးပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးနိုင်သည်အထိ အန္တရာယ်ပေးနိုင်၍ လူတွေကြောက်ရွံ့သည့်အထဲမှာ သူလည်းအပါအဝင်ဖြစ်ပါသည်။ ထိုသို့ကြောက်ရသည့် မြွေအန္တရာယ်ကို ကာကွယ်ပေးဖို့အတွက် မြွေဆိပ်ဖြေဆေးရရှိဖို့က အလိုအပ်ဆုံးနှင့် အဓိကအကျဆုံးဖြစ်ပါသည်။ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှအရည်အသွေးပြည့်မီသည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် လျာထားချက်များချမှတ်ထားပြီး ကြိုးစားဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်၌မြွေဆိပ်ဖြေဆေးအလုံးပေါင်း ၅၃,၀၀၀ ကျော်ထုတ်လုပ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ အလုံးရေ ၆၀,၀၀၀ ထုတ်လုပ်ရန် လျာထားပြီး နောင်လာမည့်နှစ်များ၌ အလုံးပေါင်း ၁၀၀,၀၀၀ ထိထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့်အခြား နိုင်ငံခြားမှမြွေဆိပ်ဖြေဆေးအား မြန်မာနိုင်ငံမှ ပြည်သူများဝယ်ယူသုံးစွဲနေသည့် အခြေအနေမှကျော်လွှန်ပြီး မြန်မာနိုင်ငံအတွင်း လုံလောက်မှုတစွာသုံးစွဲနိုင်ရန် အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှရည်ရွယ်ချက်များထားရှိ၍ ထုတ်လုပ်သွားမည်ဖြစ်ပြီး၊ ဆေးထုတ်လုပ်ပြီးရုံနှင့် ရပ်တန့်မနေဘဲ ထုတ်လုပ်ပြီးမြွေဆိပ်ဖြေဆေးများကို လိုအပ်သည့်နယ်မြေဒေသအရောက်

**အမာရီ B.P.I (စက်မှု)**

ဖြန့်ချီရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ထုတ်လုပ်ရာတွင် မှန်ကန်သည့်နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရသလို ဖြန့်ချီအသုံးပြုရာမှာလည်း ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းစေရန်၊ သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း ထိရောက်သည့်နည်းစနစ်များဖြင့် မြွေကိုက်ခံရသူ၏လက်သို့အရောက် ရရှိအောင်ဖြန့်ချီရမည်ဖြစ်ပါသည်။

ကာကွယ်မှုသည် ကုသမှုထက်ထိရောက်သည်ဆိုသည့်အတိုင်း ထိရောက်သည့်ကာကွယ်မှုမျိုးကို မြန်မာနိုင်ငံ ၌ လိုအပ်မှုရှိသေးသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ကာကွယ်မှုဆိုသည်မှာ သီးနှံများရိတ်သိမ်းချိန်၊ အချိန်အခါမဲ့သွားလာသည့်အခါ မြွေပေါများရာအရပ်၌ ကာကွယ်ရေးဖိနပ်၊ လက်အိတ်များသုံးစွဲရုံနှင့် လုံလောက်မှုမရှိနိုင်ပါ။ ထိရောက်သည့်ကာကွယ်ရေး ပညာပေးလုပ်ငန်းနှင့်အတူ လူနေမှုဓလေ့စရိုက်၊ လူနှင့်နွားထွန်ယက်စိုက်ပျိုးသည့် အခြေအနေမှစက်ယန္တရားများ သုံးစွဲနိုင်မှု၊ လက်မှုလယ်ယာမှစက်မှုလယ်ယာအခန်းကဏ္ဍနှင့် လူနာအားသယ်ယူပို့ဆောင်ရာတွင် လိုအပ်သည့်ယာဉ်နှင့် လမ်းပန်းဆက်သွယ်မှုစသည့်အခြေအနေများပေါ်တွင် မူတည်နေ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မြွေကိုက်ခံရသူဦးရေနှင့် သေဆုံးသူဦးရေကို လျော့ချနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် နယ်နမိတ်ခြင်းထိစပ်နေသည့် နိုင်ငံများတွင် မြွေကိုက်ခံရသူဦးရေများပြားစွာရှိနေသော်လည်း သေဆုံးသူဦးရေနည်းပါးခြင်းကို နိုင်ငံခြားသတင်း



ဌာနများကဖော်ပြကြပြီး မြန်မာနိုင်ငံ၌ သေဆုံးသူဦးရေနှင့် ကိုယ်လက်အင်္ဂါထိခိုက်ဆုံးရှုံးမှုများပြားရခြင်းမှာ မြွေဆိပ်ဖြေဆေးလုံလောက်စွာ မထုတ်လုပ်နိုင်ခြင်းကြောင့်ဖြစ်သည်ဟု ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၌ သေဆုံးသူဦးရေမြင့်တက်ရခြင်းမှာလည်း အထက်ဖော်ပြပါ အချက်အလက်ကွာခြားမှုရှိခြင်းနှင့်မြွေဆိပ်ဖြေဆေးကို မြွေကိုက်ခံရသည့် လူနာရှိရာ မြို့ရွာနယ်ပယ်အရောက်၊ တကယ်ဖြစ်ပွားသည့် နေရာအရောက်ရရှိမှု၊ အချိန်နှင့်တပြေးညီကုသနိုင်မည့် အချိန်အပိုင်းအခြားတွင် လူနာရောက်ရှိမှုစသည့်လိုအပ်ချက်များကြောင့် အခြားနိုင်ငံများနှင့်မြွေကိုက်ခံရသည့် လူနာ၊ သေဆုံးမှု၊ ကိုယ်ခန္ဓာပိုင်း ပျက်စီးယိုယွင်းမှုဦးရေနှိုင်းယှဉ်ရာမှာ ကွာခြားခြင်းဖြစ်သည်ဟုလို့ စာရေးသူအနေဖြင့် ထင်မြင်ယူဆမိပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ရာသီဥတုသည် ပူနွေးစွတ်စိုပြီး ရေ၊ မြေ၊ တော၊ တောင် သဘာဝထူထပ်မှုကြောင့် မြွေပေါက်ဖွားမှုနှုန်းထားမြင့်တက်ကာ လူအများနှင့်ထိစပ်မှုများပြားပြီး မြွေကိုက်မှုနှုန်းထားများပြားခြင်း အကြောင်းကို (B.P.I မှ B. P.I) ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည့် မြွေဆိပ်ဖြေဆေးဆောင်းပါး၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပြည်တွင်းကျန်းမာရေးအသုံးစရိတ်များ တိုးတက်ရရှိမှုနှင့်အညီ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုများကို တိုးမြှင့်ထုတ်လုပ်နိုင်တော့မည်ဖြစ်ပြီး G.M.P နည်းစနစ်နှင့် W.H.O ၏ Guide Line များအရ စံချိန်စံညွှန်းနှင့်ကိုက်ညီသော အအေးခဲခြောက် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် အဆောက်အဦများ၊ စက်ကိရိယာများတိုးချဲ့တပ်ဆင်နေပြီဖြစ်ပါသည်။ ထိုသို့တိုးချဲ့တပ်ဆင်လာသော အဆောက်အဦ၊ စက်ကိရိယာများနှင့်အညီ မြင်းမွေးမြူရေးစခန်း (မှော်ဘီ) မှအအေးခန်းကားများဖြင့် ပေးပို့သော မြွေဆိပ်ဖြေဆေးသတ္တုပါ မြင်းသွေးရည်ကြည်များကို G.M.P Guide Line နှင့်အညီ မြွေဆိပ်ဖြေဆေးများ ပိုမိုထုတ်လုပ်နိုင်တော့မည်ဖြစ်၍ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) မှနှစ်စဉ် လျာထားချက်များကို ပြည့်မီကျော်လွှန်ပြီး ထုတ်လုပ်နိုင်တော့မည်ဖြစ်ပါကြောင်းနှင့် မဝေးသောကာလမှာ ကာကွယ်ရေး၊ ကုသရေး၊ ဖြန့်ချိရေးများ ဘက်စုံကောင်း မွန်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၌ မြွေအန္တရာယ်ကိုထိရောက်စွာ ကာကွယ်ကုသစောင့်ရှောက်နိုင်တော့မည်ဖြစ်ပါကြောင်းကို ဤဆောင်းပါးဖြင့် သတင်းကောင်းပါး လိုက်ရပါတော့သည်။

**စာမျက်နှာ ၁၁ မှ -**

အားနည်းခြင်း၊ မှားယွင်းချွတ်ချော်ခြင်းကြောင့် စိတ်တိုင်းမကျစရာပျော့ကွက်ဟာကွက်တွေ့သည်နှင့် လောဘကြောင့် ဒေါသကိုဖြစ်စေတတ်၏။

မှားယွင်းချွတ်ချော်သော ဝန်ထမ်းအား ဆူပူကြိမ်းမောင်း၏။ အော်ဟစ်ငေါက်ငန်း၊ ဆဲဆိုအနိုင်ကျင့် ဒေါသထွက်တတ်ကြ၏။ ဒေါသသည် ကောင်းသောဒေါသ၊ လိုလားအပ်သည့်ဒေါသဟူ၍ မရှိချေ။ ဒေါသမှာ စိတ်ပုတ်စိတ်ယုတ်နှင့်ယှဉ်၍ ကြမ်းတမ်းရိုင်းစိုင်းမှုသာဖြစ်၏။ ဆိုလိုသည်မှာ လောဘအလိုမပြည့်၊ အကြိုက်မတွေ့က စိတ်စေတသိက်၊ စိတ်သဘာဝအရ ဒေါသကိုဖြစ်စေတတ်၏။

ထို့ကြောင့် ‘ဒေါသအလိုက် ခွေးကိုရိုက်၊ ရိုက်သူလည်းခွေး၊ ခွေးလည်းခွေး’ ဟုကဗျာလင်္ကာစပ်ဆိုရခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာ စိတ်စေတသိက်အလိုအရ လောဘစိတ်တွင် ကောင်းသောလောဘ၊ အပြုသဘောလောဘ၊ လူကိုအကျိုးပြုသောလောဘရှိသကဲ့သို့ မတော်လောဘ၊ ဝိသမလောဘ၊ အစွန်းရောက်လောဘများလည်းရှိ၏။ သို့သော် လောဘကတစ်ဆင့်ဖြစ်ပေါ်တတ်သော ဒေါသမှာကောင်း၊ သင့်၊ ညွှံမရှိ။ အယုတ်အလတ်အမြတ်မရှိ။ ဒေါသအားလုံးသည် မိုက်မဲမှုချည်းဖြစ်၏။ မောဟကမူ ဆိတ်ဆိတ်တုံးအဝိဇ္ဇာ မသိနားမလည်မှုဖြစ်၏။ လူသည်အသိနှင့်သာ အလုပ်လုပ်တတ်သော သတ္တဝါဖြစ်၍ မောဟ အဝိဇ္ဇာပိတ်ဖုံးနေလျှင် ဘာတရားဓမ္မအသိမှမရှိ၍ တရားဓမ္မအလုပ်ကိုမလုပ်သော အကျိုးသက်ရောက်မှုကိုဖြစ်တည်စေ၏။ သေချာသည်မှာ လူလုပ်ရမလွယ်။

ကျွန်တော်၏လောဘမူစိတ်ကို တင်ပြခြင်းမှာ လောဘစိတ်ကိုသတိပြုရန်နှင့် လောဘမှတစ်ဆင့် ဒေါသဖြစ်တတ်သည်။ ထိုဒေါသဖြစ်မှု၊ စိတ်တိုစိတ်ဆိုးဒေါသထွက်ခြင်းကြောင့် လူမှုရေးအနိဋ္ဌာရုံများ၊ လူမှုဆက်ဆံရေးယဉ်ကျေးမှုတွင် မြင်မကောင်းကြားမကောင်းသော မပြေလည်မှုများ၊ အရုပ်ဆိုးသောရန်ပွဲများ ဖြစ်ပေါ်စေတတ်ကြောင်း ဂရုပြုမိကြရန်ဖြစ်ပါသည်။ လောဘစိတ်၏လှုံ့ဆော်မှုကြောင့် မတော်လောဘဖြစ်သော အဂတိတရားလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူ မတော်မတရားမှု ထူပြောစေပါသည်။

ဆောင်းပါး

# သုံးလွှန်းတင်သောကြိုး



**မောင်စိန်ဝင်း (ညောင်စါးရှည်)**

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ တိုက်လိုင်းခန်းသို့ တူမဖြစ်သူမအေးမြတ်သူနှင့် မတင်မာထွေးတို့နှစ်ဦး ရောက်လာကြသည်။ သူတို့နှစ်ဦး၏လက်ထဲတွင် အထုပ်အပိုးများပါလာသဖြင့် ကျွန်ုပ်က မေးမြန်းရာ ဝါအဝင်ကန်တော့လက်ဆောင်ဖြစ်ကြောင်း ပြောလာသည်။ ဝါဆိုလပြည့် ရုံးပိတ်ရက်အတွင်း နယ်မှမိဘများထံသွားရောက် ကန်တော့ပြီးကြောင်း၊ ယခုကျွန်တော့်အား လာရောက်ကန် တော့ခြင်းဖြစ်ကြောင်းပြောလာသဖြင့် ကျွန်ုပ်လည်းဝမ်းမြောက်စွာဖြင့် လက်ခံလိုက်ပါသည်။

'အေးကောင်းတာပေါ့ကွယ်၊ လူကြီးမိဘကိုရိုသေသမှုပြုခြင်းဟာ မင်္ဂလာတစ်ပါးပဲကွယ့်။ သူ၏ကျေးဇူးအထူးသိလျက် အဆပ်ခက်၏လို့ ဆိုရိုးစကားရှိတယ်။ မိဘ၊ ဆရာသမားနဲ့ကိုယ့်အပေါ်ကျေးဇူးပြုဖူးတဲ့သူတွေကို ကျေးဇူးဆပ်ခွင့်ကြုံတာလည်း ကုသိုလ်ထူးမှရတာမျိုးကွဲ့။ ကိုယ်ကကျေးဇူးဆပ်ချင်ပေမဲ့ ဆပ်ခွင့်မကြုံတဲ့သူတွေ သမီးတို့တွေ့မှာပေါ့။ မိဘဆရာသမားတွေ သက်ရှိထင်ရှားရှိနေတုန်းအချိန်မှာ လုံ့လစိုက်ကြကွဲ့.'

ကျွန်တော်လည်း တူမနှစ်ယောက်ကို ဆုတွေပေးရင်း ဆုံးမစကားပြောနေမိသည်။ ကျွန်တော်တို့မြန်မာ့လူ့ဘောင်ဓလေ့ထုံးတမ်းများတွင် ကြီးသူကငယ်သူကိုမကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်ဆိုသည့်အတိုင်း မိမိတို့၏ရိုးရာအစဉ်အလာနှင့်အညီ ပြောဆိုဆုံးမသွန်သင်သမှုပြုခဲ့ကြသလို ငယ်ရွယ်သူတို့ကလည်း ရိုသေသမှုဖြင့် နားလည်လက်ခံကျင့်သုံးကြပါသည်။ အလွန်ချစ်စရာကောင်းသည့် ဓလေ့ထုံးစံပင်ဖြစ်ပါသည်။

'အဘ၊ သမီး မသိတာတစ်ခုမေးချင်လို့။ သမီးတို့ဝန်ကြီးဌာနက ကျင်းပပြုလုပ်တဲ့ ဝန်ထမ်းများတွေ့ဆုံပွဲမှာ ပြည်ထောင်စုဝန်ကြီးမိန့်ကြားသွားတဲ့ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်နဲ့ပတ်သက်လို့ပေါ့။ အခုတလောဝန်ကြီးဌာနတိုင်းမှာလည်း ရှင်းလင်းပွဲလုပ်နေကြတာတွေ့ရတယ်။ သမီးတို့က လူငယ်တွေဖြစ်တဲ့အတွက် သိပ်ပြီးနားမလည်ဘူးဖြစ်နေတယ်။ အဘ သိသလောက်ရှင်းပြပေးပါ'

'ဟုတ်တာပေါ့ သမီးအေးမြတ်သူရယ်။ သမီးမေးမယ်ဆိုလည်း မေးထိုက်ပါတယ်။ နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်ကြီးမှာ ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုဝန်ကြီးများနဲ့ဒုတိယဝန်ကြီးများကို ဇွန်လ ၁၀ ရက်နေ့မှာ လမ်းညွှန်မှာကြားခဲ့တယ်ကွဲ့။ အပြည့်အစုံကိုနောက်တစ်နေ့ထုတ် သတင်းစာတွေမှာပါပြီးသား။ သမီးတို့မဖတ်လိုက်ရလို့ဖြစ်မယ်'

'ပထမဦးဆုံး Wave နဲ့ပတ်သက်ပြီး ပြောရရင် လှိုင်းဆိုပါတော့ကွယ်။ လှိုင်းဆိုတဲ့သဘောက အကြောင်းတရားတစ်ခုကြောင့် အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ ဖြစ်ပေါ်လာတတ်တယ်။ ဥပမာ လေစီးကြောင်း၊ ရေစီးကြောင်းတွေကြောင့် လှိုင်းတွေတစ်ခုပြီးတစ်ခုဖြစ်ပေါ်ကြတယ်။ လေစီးကြောင်းဆိုတဲ့နေရာမှာ မိုးသက်မုန်တိုင်းတွေလည်း ပါတာပေါ့။ အဲ့ဒီလိုအကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာတဲ့လှိုင်းတွေဟာ အတားအဆီးတစ်ခုခုနဲ့ကြုံတွေ့တဲ့အခါ နောက်ပြန်သွားလေ့ရှိတတ်တယ်။ ကျောက်ဆောင်ကြီးနဲ့တိုက်မိတာတို့၊ ကမ်းစပ်သောင်ခုံဆီရောက်သွားတဲ့အခါမျိုးလိုပေါ့။ ဒီသဘောတရားကို အခြေပြုပြီးတော့ နိုင်ငံရေးဝေါဟာရတွေမှာ လှိုင်းဆိုပြီးတင်စားသုံးနှုန်းကြတယ်။ မတူညီတဲ့အချိန်ကာလအတွင်းမှာ ခြားနားတဲ့လူမှုရေး၊ စီးပွားရေးနောက်ခံအကြောင်းတရားတွေကနေပြီး ပေါ်ထွက်လာတတ်တဲ့ သဘောကို ထပ်တူပြုထားတာပေါ့။

ကမ္ဘာ့ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်မှာ ဒီမိုကရေစီလှိုင်းသုံးလှိုင်းရှိတယ်လို့ ပညာရှင်တွေက ဖော်ထုတ်ခဲ့တယ်။ ပထမလှိုင်းက ၁၈၂၈ ခုနှစ်မှ ၁၉၂၆ ခုနှစ်အတွင်း အနောက်ဥရောပနဲ့ အမေရိကမှာဗဟိုပြုပြီးဖြစ်ပေါ်ခဲ့တာ၊ ပြင်သစ်တော်လှန်ရေး၊ အမေရိကန်လွတ်လပ်ရေးစစ်ပွဲတို့ အပါအဝင်ပေါ့။ ကမ္ဘာ့နိုင်ငံ ၃၃ နိုင်ငံဟာ ဒီလှိုင်းအတွင်းမှာ ဒီမိုကရေစီနိုင်ငံများဖြစ်သွားကြတယ်။ Reverse Wave လို့ခေါ်တဲ့ ဒီမိုကရေစီနောက်ပြန်လှိုင်းက ၁၉၂၂ ခုနှစ်မှာ အီတလီမှာမူဆိုလိုနီ အာဏာရလာပြီး ဂျာမဏီနာဇီအာဏာရှင် ဟစ်တလာတက်လာတဲ့အချိန် ဖက်ဆစ်ဝါဒရဲ့ဝါးမြိုမှုကြောင့် ပေါ်လာတာပါပဲ။ ၁၉၂၂ ခုနှစ်ကနေပြီး ၁၉၄၂ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ပထမကမ္ဘာစစ်ဖြစ်တယ်။ နောက်ပြန်လှိုင်းရဲ့ဝါးမြိုမှုကို နိုင်ငံ ၂၂ နိုင်ငံခံလိုက်ရတယ်။ ၁၁ နိုင်ငံသာ ဒီမိုကရေစီစနစ် ထူထောင်နိုင်ခဲ့တယ်ဆိုပါတော့။

ဒုတိယလှိုင်းက ၁၉၄၃ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်းဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးတိုက်ပွဲ အထွတ်အထိပ်ကာလအထိပေါ့။ ဒီမိုကရေစီနိုင်ငံ ၅၂ နိုင်ငံပေါ်လာတယ်။ နောက်ပြန်လှိုင်းကြောင့် ၁၉၅၈ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း နိုင်ငံ ၂၂ နိုင်ငံ ပါသွားပြန်တယ်။ တတိယလှိုင်းက စစ်အေးနေညို ချိန် ၁၉၇၄ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်းဆိုပါတော့။ ဒီကာလအတွင်း ဒီမိုကရေစီနိုင်ငံ ၃၅ နိုင်ငံထပ်တိုးလာပေမဲ့ နိုင်ငံ ၂၀ ခန့်ဟာ အာဏာရှင်စနစ်ပြန်ရောက်ပြီး နောက်ပြန်လှိုင်းထဲပါသွားတယ်ဆိုပါတော့။

အဘ ခုနကပြောခဲ့တဲ့လှိုင်းတွေကလှုပ်ရှားမှုအသွင်ဆောင်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလှိုင်းများဆိုပါတော့။ နောက်လှိုင်းတစ်မျိုးရှိသေးတယ်။ အောင်မြင်တဲ့ လူထုတိုက်ပွဲတွေမှာ အဲ့ဒီလှိုင်းသုံးလှိုင်းက ဦးဆောင်တယ်လို့ပြောကြတယ်။ ပထမလှိုင်းက အခြေခံရှုပ်အင်အားလှိုင်းလို့ခေါ်တဲ့ ကျောင်းသားလူငယ်တွေ၊ အလုပ်သမား၊ လယ်သမား၊ သာမန်မြို့ပြပြည်သူများနဲ့နိုင်ငံရေးပါတီ၊ နိုင်ငံရေးအင်အားစုတွေကို ကိုယ်စားပြုတယ်။ ဒုတိယလှိုင်းကတော့ ပါဝါအပျော့၊ ရှေ့ဆောင်နာမ်ပိုင်းအင်အားလှိုင်း (သို့) တွေးခေါ်မြော်မြင်မှု အင်အားလှိုင်းဖြစ်တယ်။ ရဟန်းသံဃာစတဲ့ သာသနာပိုင်အဖွဲ့အစည်းများ၊ NGO အပါအဝင် ပညာတတ် (သို့) လွတ်လပ်တဲ့တရားရေးပိုင်းပါဝင်ပြီး အချို့အခြေအနေမှာနိုင်ငံရေးပါတီနဲ့ အင်အားစုများပါဝင်တယ်လို့ဆိုတယ်။ အဲ့တတိယလှိုင်းက ပါဝါအမာလှိုင်း။ တပ်မတော်၊ ပြည်သူ့ရဲ၊ လုံထိန်းတပ်ဖွဲ့၊ နိုင်ငံရဲ့လက်နက်ကိုင်အင်အားစုများ၊ စီးပွားရေးအင်အားစုများ ပါဝင်ကြောင်းသိရတယ်။ အဘ အခုပြောတဲ့လှိုင်းတွေက အင်အားကိုအခြေပြုပြီး သတ်မှတ်ထားတဲ့ လှိုင်းတွေပေါ့ကွယ်။'


'အဘပြောမှပဲ သမီးတို့သိရတယ်။ နိုင်ငံတော်သမ္မတကြီးပြောတဲ့ Third Wave က ဘယ်လိုလှိုင်းမျိုးလည်း အဘ'

'သမီးတင်မာထွေးက လှိုင်းတွေကိုအရမ်းစိတ်ဝင်စားနေပြီနဲ့တူတယ်။ ဇေက္ကစစ်တောင်းမြစ်ထဲမှာ လှိုင်းစီးခဲ့တာသတိရနေပြီမဟုတ်လား။ ဟား ဟား ဟား အလကားစတာပါကွယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ Third Wave ဆိုတာက တို့မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေကို ကိုယ်စားပြုတာကွဲ့။ First Wave အဖြစ် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်တစ်ခုဖြစ်တဲ့ ပါတီစုံဒီမိုကရေစီသို့ ကူးပြောင်းခြင်းပေါ့။ Second Wave ကနိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုဆိုပါတော့။ အဲ Third Wave ကဒီမိုကရေစီနိုင်ငံထူထောင်ရန် ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင်ချမှတ်ရမည့်အပိုင်းနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝ ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်းတွေဖြစ်တယ်။

ပြည်ထောင်စုဝန်ကြီး ရှင်းလင်းဆွေးနွေးသွားတဲ့ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်ကို သမီးတို့သဘောပေါက်ပြီနော်။ ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးကို ထိရောက်အောင်ဆောင်ရွက်ပြီး

စာမျက်နှာ ၁၄ သို့ -

# တစ်ပါး "ခင်ပွန်း"



Z ပုံရိပ်

ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်အားလုံး နီးပါးသည် 'ခင်ပွန်းကြီးဆယ်ပါး' ဟူသော စကားလုံးကိုကြားသိကြပေလိမ့်မည်။ ခင်ပွန်းကြီးဆယ်ပါးဟူသည် အဘယ်သို့သော ပုဂ္ဂိုလ်များဖြစ်ကြသနည်း။

ခင်ပွန်းကြီးဆယ်ပါးသရုပ်ကို တေမိယဇာတ် အဋ္ဌကထာနိဿယ ၁၀၁ တွင်-

(၁) မြတ်စွာဘုရား
(၂) ပစ္စေကဗုဒ္ဓါ
(၃) ရဟန္တာ
(၄) အဂ္ဂသာဝက၊ မဟာသာဝက
(၅) အမိ
(၆) အဖ
(၇) မိမိထက် အသက်ဂုဏ်ဝါကြီးသောသူ
(၈) ဆရာ
(၉) မိမိအား တစ်ကြိမ်တစ်ခါတရားဟော၊ တရားပြပေးသော တရားဟောဆရာ၊ ကမ္မဋ္ဌာန်းဆရာ
(၁၀) မိမိအား ကျွေးမွေးပေးကမ်းထောက်ပံ့ပေးဖူးသောသူ

ဟူ၍ ဖွင့်ဆိုထားသည်။

ထိုဆယ်ပါးတွင် ကျွန်မတို့သည် အများအားဖြင့် အမိ၊ အဖ၊ ဆရာသမားများ အရိုအသေ အလေးအမြတ်ပြုအပ်သော အသက်ဂုဏ်ဝါသိက္ခာကြီးသူများ၊ ကျေးဇူးတင်ရှိဖူးသူများနှင့်သာ နေထိုင်ဆက်ဆံကြရသည်။

ကျွန်မတို့သည် ဝန်ထမ်းဘဝဖြစ်သည့်အားလျော်စွာ ရုံးပိတ်ရက်မှအပ ကျန်ရှိသောရက်များတွင် မိမိ၏လုပ်ငန်းခွင်၌သာ တစ်နေ့တာအချိန်ကုန်ဆုံးကြရသည်။ ရာထူးအတန်းအစား အမျိုးမျိုးသောပုဂ္ဂိုလ်များနှင့်ဆက်ဆံ၍ မိမိ၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရပါသည်။

'ယာနားနီးချင်း ဆွေမျိုးရင်း' ဆိုသလိုပင် စုမှူး၊ စိတ်မှူးအစရှိသည့် စီနီယာပုဂ္ဂိုလ်ကြီးများသည် လုပ်ငန်းခွင်အတွင်း၌ အတူတကွလုပ်ဆောင်ကြရသူများဖြစ်၍ မိသားစုဝင်များပမာ ရင်းနှီးကျွမ်းဝင်ကြသူများလည်း ဖြစ်ပါသည်။

အဆိုပါပုဂ္ဂိုလ်များသည် မိမိတို့ထက် အသက်ဂုဏ်ဝါကြီး၍ မိမိတို့အားအတတ်ပညာများ သင်ကြားပေးခဲ့သူများဖြစ်ပါသည်။ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာ ဟူသော အာစရိယသုံးပါးတွင် တစ်ပါးပါဝင်သူများဖြစ်ပါသည်။ သို့ပါ၍ ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်သူများဟုဆိုလျှင် မှားမည်မထင်ပါ။

ကျွန်မတို့သည် ငယ်ရွယ်သောခေတ်ပညာတတ်များဖြစ်သဖြင့် အဆိုပါပုဂ္ဂိုလ်များအား အတန်းပညာအားနည်းသောကြောင့် အထင်သေးတတ်ကြသည်။ ပမာမခန့်ပြုမိတတ်ကြသည်။ 'ကြောင်အိုတော့၊ ကြွက်မလေး' ဆိုသကဲ့သို့ ငယ်ဂုဏ်နှင့် မာန်တက်၍ နှုတ်လှန်လည်းထိုးမိတတ်ကြသည်။ ယနေ့ကျွန်မတို့၏ ကျရာတာဝန်များကို ကျေပွန်အောင်ကြိုးစားထမ်းဆောင်နိုင်ကြခြင်းမှာ စုမှူး၊ စိတ်မှူးအစရှိသည့် စီနီယာကြီးများ၏ လက်တွဲခေါ်ယူသင်ပြမှုများကြောင့်ပင်ဆိုလျှင် ငြင်းဖွယ်မရှိပေ။

ထိုပုဂ္ဂိုလ်တို့အား အကြောင်းအားလျော်စွာ တမင်သက်သက်ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရိုင်းပျစော်ကားပြစ်မှားခြင်းများမပြုမိကြစေရန် မေတ္တာရှေ့ထား၍ သတိစကားဆိုချင်ပါသည်။

ဤနေရာ၌ ခင်ပွန်းကြီးဆယ်ပါးတွင် ပါဝင်သောပုဂ္ဂိုလ်များအား ပြစ်မှားမိ၍ ပြစ်ဒဏ်ခံခဲ့ရသော အလောင်းစည်သူမင်းကြီး အကြောင်းကို ဖတ်မှတ်မိသမျှ ဗဟုသုတဖြစ်ဖွယ်တင်ပြအပ်ပါသည်။ အလောင်းစည်သူမင်းကြီးသည် မြန်မာသက္ကရာဇ် ၄၅၄ ခုနှစ်တွင် ထီးနန်းတက်ခဲ့ပြီး အလွန်တန်ခိုးကြီးသော မင်းတစ်ပါးဖြစ်သည်။ ဇမ္ဗူသပြေပင်သို့ရောက်ပြီး သိကြားမင်း၏ဘွဲ့ပေးအပ်ခြင်းခံခဲ့ရသူဖြစ်သည်။ ဤမျှဘုန်းတန်ခိုးကြီးသည်ကို သူ့ကိုယ်သူစဉ်းစားမိပြီး တစ်နေ့၌ 'ငါ၏ဘေးလောင်းတော်တို့သည် ငါကဲ့သို့ဘုန်းတန်ခိုးကြီးမည်မထင်' ဟူ၍ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားတော်မူခဲ့သည်။ ထိုခဏ၌ပင် မျက်လုံးတော်နှစ်ဘက်ကွယ်ခဲ့ရဖူးလေသည်။ မိမိပြစ်မှားမိသည့်အဖြစ်ကို ဝန်ခံကန်တော့တောင်းပန်သောခဏတွင်ပင် မျက်လုံးတော်များပြန်၍ မြင်လာလေသည်ဟု ဖတ်မှတ်ခဲ့ရဖူးပါသည်။

ကျေးဇူးတရားတို့ကိုသိရှိပြီး မပြစ်မှားမစော်ကားမိကြရလေအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟု. . . .။

စာမျက်နှာ ၁၃ မှ -

ဒီမိုကရေစီ အလေ့အကျင့်ရင့်သန်မှုဖြင့် ဒီမိုကရေစီနိုင်ငံသစ်အသွင် ကူးပြောင်းမှု ချောမွေ့အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးလုပ်ငန်းစဉ်များကို တစ်ပြိုင်တည်းဆောင်ရွက်တဲ့နေရာမှာ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan) နဲ့အညီ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် လက်တွေ့အကောင်အထည်ဖော်ရမည့်အစီအမံများ ရေးဆွဲချမှတ်အကောင်အထည် ဖော်နိုင်ရေးအတွက် အခုလိုရှင်းလင်းဆွေးနွေးပွဲတွေ လုပ်ကြတာဖြစ်တယ်။

ဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက်လက်တွေ့ အကောင်အထည်ဖော်ရမယ့်အစီအမံများဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကဏ္ဍတွေအများကြီးရှိတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်ဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပြည်သူ့ဆန္ဒရယူခြင်း၊ တာဝန်သိမှုတာဝန်ယူမှုရှိခြင်း၊ စွမ်းဆောင်ရည်ထိရောက်မှုရှိခြင်း၊ ခိုင်မာကောင်းမွန်သည့်ဥပဒေ၊ နည်းဥပဒေများကို လက်ရှိအခြေအနေနဲ့ကိုက်ညီအောင် ဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ထိရောက်သော သဘာဝသယံဇာတစီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုမြင့်တင်ခြင်းဖြင့် ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ဘဏ္ဍာရေးနှင့်ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် ဆောင်ရွက်ကြရမယ့် လုပ်ငန်းစဉ်တွေအများကြီးပဲဆိုပါတော့'

'သမီးတို့ ဝန်ထမ်းတွေအပိုင်းကရော ဘယ်လိုအချက်တွေပါသေးလဲ အဘ'

'ဒီလိုရှိတယ် သမီးအေးမြတ်သူ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများရဲ့အရည်အသွေး တိုးတက်ရေးဟာ အလွန်အရေးကြီးတယ်ကွဲ့။ ဝန်ထမ်းများရဲ့ အရည်အသွေးမြင့်မားဖို့ ကိုယ်ကျင့်သိက္ခာနှင့် အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ အခြေခံအလုပ်ကျွမ်းကျင်ရန်လိုအပ်ခြင်း၊ အကောင်းမြင်စိတ်ဖြင့် ရင်ဆိုင်ကြုံတွေ့ရမှုများအပေါ် အပေါင်းလက္ခဏာဆောင်တဲ့ ရှုမြင်နိုင်မှုလိုအပ်ခြင်း၊ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရန်လိုအပ်ခြင်း၊ နည်းပညာများအချိန်နှင့်အမျှ တိုးတက်နေတဲ့ယနေ့ခေတ်ကြီးမှာ အမြင်ကျယ်ပြန့်ရန်လိုအပ်ခြင်း၊ တာဝန်သိမှုနှင့် တာဝန်ယူမှုရှိခြင်း၊ ဥပဒေနှင့်အညီလုပ်ကိုင်ဆောင်ရွက်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းပြီး ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်းစတဲ့ အရည်အချင်းတွေ လိုအပ်တယ်။ ဒီအရည်အချင်းတွေပြည့်မီဖို့ သင်ကြားသင်ယူမှုတွေ၊ ပေါင်းစပ်ညှိနှိုင်းမှုတွေ လိုတာပေါ့ကွယ်။

ကဲအချိန်လည်း အတော်ကြာသွားပြီ။ သမီးတို့အခု ကွန်ပျူတာသင်တန်းတက်နေတယ်လို့ကြားရတယ်။ အဆင်ကောပြေကြရဲ့လား'

'ပြေပါတယ်အဘ။ သင်တန်းကိုလည်း ကြိုးစားပြီးသင်ယူနေပါတယ်'

'အေးအေး ကောင်းပါ့ကွယ်။ အဘနောက်ဆုံး ပြောချင်တာတစ်ခုရှိတယ်။ သုံးလွန်းတင်မှကြိုးဆိုတဲ့ မြန်မာမှုဆိုရိုးစကားတစ်ခုရှိတယ်။ ခိုင်မာတဲ့ကြိုးတစ်ချောင်းဖြစ်ဖို့အတွက် လွန်းတစ်လွန်းတည်းနဲ့မလုံလောက်ဘူးကွဲ့။ သုံးလွန်းလောက်တင်မှ ကြိုးကခိုင်မြဲမယ်။ လွန်းကြိုးများလေခိုင်လေဆိုတဲ့ သဘောပဲ။ ဒို့နိုင်ငံ ဒီမိုကရေစီစနစ်တည်ဆောက်တဲ့နေရာမှာလည်း နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူဆိုတဲ့ သုံးလွန်းတင်နိုင်ပြီဆိုရင်တော့ ခိုင်မာတဲ့ဖွဲ့စည်းမှုဖြစ်လာမှာပေါ့ကွယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်တွေမှာ ခိုင်မာတဲ့ဖွဲ့စည်းမှုရဖို့အတွက် အတူတကွပူးပေါင်းပါဝင်ကြမယ်ဆိုတာ အမြဲခံယူထားကြရမယ်ကွဲ့'။

ကျမ်းကိုး -ဆရာကျော်ဝင်း၏ မြန်မာ့နိုင်ငံရေးဓလေ့နှင့် တတိယလှိုင်းအတွေ့

Internet Website

# လိုင်းနှင့်အတူပါ Mobile နှင့်အတူရွှေ့

'တခြားလူတွေ စက်ပစ္စည်းတွေပြင်တာကိုမြင်ရင် ကျွန်မအားကျတယ်။ ဒါကြောင့် ဒီသင်တန်းကိုတက်ဖြစ်တယ်။ အဓိက ကတော့ ကျွန်မရဲ့စက်ပြင်ချင်တဲ့ ဝါသနာပါပဲ'

ဟုတက်ကြွစွာပြောလာသူက ပခုက္ကူခရိုင် ကမ္မစံပြတိုက်နယ်၊ ကျတ်တိုးအုပ်စု၊ ဆုံ



ကုန်းရွာသူလေး မလင်းဇာနည်အောင်။

သူမသည် အသက် ၂၀ ခန့်သာရှိပြီး အခြေခံပညာ အထက်တန်းအဆင့်သာ သင်ယူဖူးသူဖြစ်ကာ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှဖွင့်လှစ်သော ကျေးလက်ဒေသအရောက် စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်း (Mobile Vocational Training) သင်တန်းအမှတ်စဉ် (၁) သို့ တက်ရောက်နေသူများထဲမှ တစ်ဦးလည်းဖြစ်သည်။ ဤသင်တန်းတွင် စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းပညာနှင့် သံဂဟေဆက်ပညာတို့ကို ၁၀ ရက်ကြာသင်ကြားပေးခဲ့ခြင်းဖြစ်သည်။

'ဒီသင်တန်းတွေ ဖွင့်လှစ်ဖြစ်တာကတော့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်လို့ပဲဆိုရမှာပါ။ Third Wave အဖြစ်အရှိန်အဟုန်မြင့် ဆောင်ရွက်နေတဲ့အခါ ပြည်နယ်/တိုင်းဒေသကြီးတွေကို ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များရရှိစေရေးစတဲ့ ရည်ရွယ်ချက်တွေအတွက် သွားရောက်ခဲ့တဲ့ Delivery Unit တွေရဲ့ ဖော်ထုတ်တွေ့ရှိချက်ပေါ့။ ဒေသခံအချို့က ဒေသနဲ့ကိုက်ညီတဲ့ အခုလိုစက်မှုပညာလေးတွေလိုချင်လို့ တောင်းဆိုရင်းကနေ ဖြစ်လာရတာပါ'

ဟုစက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောပြသည်။

'သင်တန်းမှာတော့ ဒီကမ္မတိုက်နယ် ကျေးရွာအုပ်စု ၁၄ အုပ်စုက လူငယ် ၅၀ ကျော်လာတက်ကြတယ်။ အသက် ၁၅ နှစ်ကနေ ၃၅ နှစ်အတွင်း အလယ်တန်း၊ အထက်တန်းနဲ့ ဘွဲ့ရအရွယ်စုံပဲ။ အချို့ကအပြင်မှာ ဆက်စပ်တဲ့အလုပ်တွေ လုပ်နေကြတယ်။ဒါပေမဲ့ အဲဒီလက်တွေ့ပြင်ပမှာ သူတို့လုပ်နေရတာက အခု ကျွန်တော်တို့ ဒီသင်တန်းမှာလို နည်းစနစ်တကျမရှိဘူးပေါ့။ ဒီမှာက နည်းစနစ်တကျ၊ သင်ထောက်ကူစက်ပစ္စည်းတွေလည်းရှိပြီး လက်တွေ့ ၇၀%နဲ့ စာတွေ့ ၃၀% ကျွန်တော်တို့သင်ပေးတယ်။ သူတို့လည်း လက်တွေ့ကျကျ နည်းစနစ်မှန်မှန်လုပ်ခွင့်ရတော့ အလွယ်တကူတတ်မြောက်သွားတာ တွေ့ရတယ်။ သူတို့ရဲ့ Skill လည်း မြင့်သွားတာပေါ့'

ဟု သင်တန်းဆရာတစ်ဦးက တပည့်များအပေါ် အားရဝမ်းသာစိတ်နှင့်ရှင်းပြသည်။

'ကျွန်မဒီသင်တန်းတက်ရတာ ပျော်တယ်။ ကိုယ်ဝါသနာပါတဲ့အလုပ်တစ်ခုကို တကယ်လုပ်ရပြီဆိုပြီး ဝမ်းသာလို့မဆုံးပါဘူး။ အရင်က စက်ကိုပြင်ချင်တဲ့စိတ်ပဲရှိခဲ့တာ။ အခုလက်တွေ့ကျကျ ပြင်တတ်လာပြီဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာနကို ကျေးဇူးတင်တယ်။ သင်ပေးတဲ့ဆရာတွေကိုလည်း ကျေးဇူးအရမ်းတင်မိပါတယ်'

ဟု စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း ပညာသင်ယူသူ မလင်းဇာနည်အောင်က ဆက်လက်ပြောပြသည်။

'သင်တန်းသူတွေထဲမှာ ဒီကလေးမလေးက အတက်ကြွဆုံး။ ရွာကသူ့ သူငယ်ချင်းဆိုင်ကယ်တွေ ပလပ်ဖြုတ်ဆေး၊ ဟိုနှိုက်ဒီနှိုက်လိုက်လုပ်နိုင်ပြီ။ ကျွန်တော်တို့ သင်တန်းကာလက ဇူလိုင်လ ၈ ရက်နေ့က နေ ၁၈ ရက်နေ့အထိ ၁၀ ရက်၊ နာရီအားဖြင့် ၈၀၊ တစ်ရက်သင်ကြားချိန် ၈ နာရီဆိုပါတော့။ ကြားမှာ ဝါဆိုလပြည့် နားရက်တစ်ရက်ရှိတာကို ဒီကလေးမက မနားပါနဲ့၊ သင်ပေးပါလို့ တောင်းဆိုတာ သူတစ်ယောက်ထဲပါပဲ'

ဟု သူမ၏သင်ကြားရေးဆရာက သူ့တပည့်မလေးနှင့်ပတ်သက်၍ ဤသို့ပြောသည်။

ဖြစ်နိုင်ပါသည်။ ကျွန်တော် ဤကလေးမနှင့် စကားလက်ဆုံကျပြီးနောက် ရိုက်ကူးရေးအဖွဲ့က သင်တန်းသားများ၏ လက်တွေ့ကျွမ်းကျင်မှုကို မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးသောအခါ သူမက လယ်ယာသုံးထွန်စက်ငယ်ကို ကိုယ်တိုင်တက်ရောက် ကျွမ်းကျင်စွာမောင်းနှင်ပြရင်း သရုပ်ဆောင်လုပ်လိုက်သေးသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် စက်မှုသင်တန်းကျောင်းများကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံမြို့များတွင်ဖွင့်လှစ်ထားပြီး စက်မှုနှင့်လျှပ်စစ်၊ မော်တော်ယာဉ်ဆိုင်ရာပညာများကို တစ်နှစ်ကြာ ဖွင့်လှစ်သင်ကြားပေးနေကြောင်း အချိန်အတန်ကြာကပင် ကျွန်တော်သိထားနှင့်သည်။

'ကျွန်တော်တို့နိုင်ငံမှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူနဲ့ ကျရှုံးသူ ဘယ်သူကပိုများလဲ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖြေဆိုသူအားလုံးရဲ့ အနည်းငယ်သာ အောင်မြင်သွားကြတယ်။ ဒါဆိုရင် ကျန်တဲ့ကျရှုံးတဲ့ကလေးတွေ ဘယ်လိုလုပ်မလဲ။ အကြောင်းအမျိုးမျိုးနဲ့ ကျောင်းပြင်ပရောက်သွားရတဲ့ ကလေးတွေရှိတယ်။ ဒီကလေးတွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ၊ သူတို့လေးတွေရဲ့အနာဂတ် အဟောသိကံမဖြစ်ရအောင် စက်မှုသင်တန်းကျောင်းတွေဖွင့်ပြီး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်ပေးရတာပေါ့'

ဟုပြည်ထောင်စုဝန်ကြီးတစ်ဦး၏ စေတနာရင်တွင်းစကားကြားခဲ့ရစဉ်က ပီတိဖြစ်ခဲ့ရဖူးသည်။

စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်းများကားမခေလှ။ နည်းပြဆရာများကလည်း နိုင်ငံခြားပြန် ကျွမ်းကျင်ဆရာများဖြစ်ကြသည်။ ကျောင်းအားလုံးကလည်း နိုင်ငံခြားနည်းပညာအထောက်အပံ့များဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ရာ ဂျာမနီ၊ တရုတ်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့က အမာခံမိတ်ဖက်နိုင်ငံများဖြစ်ကြသည်။ သင်ထောက်ကူပစ္စည်း၊ နည်းပညာ၊ သင်ကြားရေးစနစ်ကအစ စေတနာပါပါရှိလှကြောင်းလည်း လူ့စွမ်းအားအရင်းအမြစ်ဌာနမှ မိတ်ဆွေတစ်ဦး ကပြောပြဖူးသည်။

ယခုတဖန် စက်မှုဝန်ကြီးဌာန အနေဖြင့် ကျေးလက်ဒေသအရောက် စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဝါသနာရှိပြီး စက်မှုပညာ သင်ကြားခွင့်မရရှိသည့် ကျေးလက်နေလူငယ်များအတွက် လက်တွေ့ကျကျဖြည့်ဆည်းပေးရင်း ခြေဆန့်ခဲ့ချေပြီ။

'အခုသင်ကြားပြီးတဲ့အချိန်မှာ ဒီ Welding နဲ့ပတ်သက်တဲ့ပညာရပ်တွေ၊ ဒီပညာရဲ့ တိကျပြတ်သားမှုနဲ့ ဂဟေလုပ်သားကောင်းတစ်ဦးဖြစ်ပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေပါပြီ။ ရွှေ့လျားသင်တန်းက ၁၀ ရက်ထဲဆိုပေမယ့် ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်လောက်တဲ့ပညာကိုပေးတဲ့ ဆရာများနဲ့ ဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်'



ဟု ဖလံအိုအုပ်စု၊ ဖလံအိုကျေးရွာသား မောင်ကျော်ဆွေထူးကလည်း လှိုက်လှဲစွာပြောသည်။

သူသည်လည်း မလင်းဇာနည်အောင်နည်းတူ အခြေခံပညာဆယ်တန်းအထိသာသင်ယူဖူးသူဖြစ်ပြီး သင်တန်းတွင် မောင်ကျော်ဆွေထူးက ဂဟေဆက်ပညာသင်ယူသည်။

'သူက လက်ရှိအပြင်မှာ အလူမီနီယံလုပ်ငန်းလုပ်နေတယ်။ အခု ဒီသံဂဟေဆက်ပညာလေးရတော့ ဆက်စပ်အလုပ်တွေ သူလုပ်နိုင်သွားပြီ'

ဟု သင်တန်းနည်းပြဆရာက ဆိုသည်။ ယင်းကပင်ဆက်၍-

'ဒီသင်တန်းမှာ လက်တွေ့ကျကျလုပ်ခွင့်ရကြတော့ ကလေးတွေအတတ်မြန်တယ်။ ဒီသင်တန်းသားအရေအတွက်နဲ့ သင်ထောက်ကူပစ္စည်း ဝရိန်ချောင်း၊ သံပြားတွေ ခုတိုင်းကလုံလောက်တယ်။ သင်တန်းသားများလာရင်တော့ နည်းနည်းပိုဖြည့်ဆည်းပေးဖို့ တင်ပြရမှာပဲ။ နောက်ပြီး သင်တန်းရက်ကိုလည်း ၁၀ ရက်အစား ၁၅ ရက်လောက်ဆို ပိုကောင်းပါတယ်'

ဟုသူ့အမြင်ကိုပြောသည်။

သင်တန်းပြီးလို့ ကိုယ့်အိမ်၊ ကိုယ့်ရွာပြန်ရောက်ပြီဆိုရင် ဒီ Welding ပညာက လက်တွေ့အသုံးချနိုင်ပါ့မလားဟု မိမိ၏ စူးစမ်းအမေးကိုလည်း-

'လက်တွေ့လုပ်နိုင်ဖို့က မခက်လှပါဘူး။ ကျွန်တော်တို့ ဒီ Welding ဆိုင်ရာပစ္စည်း Tools Box က ငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိန်းလောက်နဲ့ အပြင်မှာအလွယ်တကူဝယ်လို့ရပါ တယ်။ ဒီပညာတတ်ထားတယ်၊ ဒီပစ္စည်းတွေရှိတယ်ဆိုရင် အလုပ်ဖြစ်ပြီ။ တစ်ခုပါပဲ လျှပ်စစ်မီးရဖို့တော့လိုမယ်'

ဟုဖြေသည်။

မှန်ပေသည်။ ကျွန်တော်တို့ပြည်တွင်း၌ ယခုသင်တန်းသားများကဲ့သို့ တက်ကြွ၍ထက်မြက်သူ ရွက်ပုန်းသီးလူငယ်များစွာရှိနေသေးသည်။ သူတို့လေးတွေအတွက် လိုအပ်သောသွင်းအားစုများ ဖြည့်ဆည်း

**စာမျက်နှာ ၁၆ သို့ -**

## သတင်းဆောင်းပါး

**စာမျက်နှာ ၁၅ မှ -**

ပေးနိုင်မည်ဆိုလျှင် . . . . .။ ကျွန်တော်တို့လုပ်စရာတွေ၊ ဖြည့်ဆည်းပေးစရာတွေ အများကြီးကျန်နေပါဦးမည်။

'ဧည့်သည်တော်များရှင်၊ မကြာမီ



အခမ်းအနားစတင်တော့မှာဖြစ်ပါ၍ ခန်းမအတွင်းနေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်ရှင်'။

ကျွန်တော်ရောက်နေသည့်နေရာကား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ကမ္ဘစံပြကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ကျင်းပသော စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းအမှတ်စဉ် (၁) ဆင်းပွဲအခမ်းအနားဖြစ်သည်။ အခမ်းအနားမှူး၏ကြေညာသံကြောင့် ကျွန်တော်ခန်းမအတွင်း သတ်မှတ်ပေးသည့်နေရာ၌ ဝင်ထိုင်လိုက်သည်။ ကျွန်တော့်အရင် ခန်းမအတွင်း နောက်ခုံများ၌ နေရာယူထားသည်က သင်တန်းဆင်းလူငယ်များ။ သူတို့တစ်ဦးချင်းစီ၏ မျက်နှာများ၌ ပျော်ရွှင်တက်ကြွရိပ်များရှိနေသည်ကို ကျွန်တော်ရိပ်ဖမ်းမိသည်။

'ဒီသင်တန်းပြီးရင် မြစ်ခြေတိုက်နယ်အုပ်စုမှာ အမှတ်စဉ် (၂) ဆက်ဖွင့်ဖို့ ကျွန်တော်တို့စီစဉ်ထားတယ်။ မြစ်ခြေပြီးရင် မြို့မ၊ အဲဒီကျရင်လာခဲ့ပါဦးဆရာ' ဟုကျွန်တော့်ဘေးခုံမှ ဆရာဦးခွန်ဆန်က သတင်းပေးဖိတ်ကြားလာသည်။ တစ်မနက်လုံး ဆရာဦးခွန်ဆန်အပါအဝင် ဆရာများ၊ ရုံးချုပ်မှတာဝန်ရှိသူများ၊ သင်တန်းသားများ၊ သင်တန်းဆင်းအခမ်းအနားအတွက် ချွေးတလုံးလုံးဖြင့်လှုပ်ရှားတက်ကြွစွာပြင်ဆင်နေကြသည်ကို အစောပိုင်းကတည်းကပင် ကျွန်တော်သတိပြုမြင်တွေ့နေရသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ညွှန်ကြားရေးမှူးချုပ်၏ သင်တန်းဆင်းမိန့်ခွန်းကို အာရုံပြုနားထောင်ရင်း သင်တန်းသားများအတွက် အားတက်ဖွယ်သတင်းစကားကို ကြားသိလိုက်ရသည်။

'အခွင့်အလမ်းတစ်ရပ်အနေဖြင့် သင်တန်းဆင်းများအနက်မှ ထူးချွန်သူများကို ရွေးချယ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏အထောက်အပံ့နှင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှာဖွင့်လှစ်မယ့် ကာလတို (၃) လသင်တန်းကို အခမဲ့တက်ရောက်ခွင့် ပြုသွားမှာဖြစ်ပါတယ်'

စက်မှုဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ရွှေ့လျားသင်တန်းများ ကျေးလက်အရောက် လိုက်လံဖွင့်လှစ်သင်ကြားပေးနေရုံနှင့် အရှိန်ရပ်မသွား၊ အားရကျေနပ်သေးဟန်မတူ။ ထူးချွန်သူများကို ဆက်လက်သင်ယူနိုင်ခွင့် အခွင့်အလမ်းများဖန်တီးပေးထားခြင်းကလည်း ဝန်ကြီးဌာန၏စေတနာကို အထင်းသားသိမြင်စေတော့သည်။

သာလွန်အိတ်ဆောင် အင်္ဂလိပ်-မြန်မာအဘိဓာန်၌ Mobile ကို 'ရွေ့ပြောင်းနိုင်သော'၊ 'ယူဆောင်သွားနိုင်သော' ဟူ၍ အဓိပ္ပာယ်ဖွင့်ထားသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှု (Reform) များနှင့်အတူ အရွေ့တစ်ခုအဖြစ်လိုက်ပါရင်း ယင်းအရွေ့ကို အရှိန်မြင့်နေသည်ကတော့ သေချာနေသည်။ ယင်းအရွေ့၌လည်း လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးမှုအဖြစ် ကျေးလက်ဒေသလူငယ်များအပါအဝင် လူငယ်မျိုးဆက်သစ်များကို စက်မှုကျွမ်းကျင်သူများအဖြစ် ယူဆောင်သွားပေတော့မည်။

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်သံများ ဆူညံသွားသည်။ သြော် အခမ်းအနားပြီးဆုံးပြီကိုး။ ကမ္ဘစံပြကျေးရွာအုပ်စုအတွက်တော့ ဤအခမ်းအနားကား ပြီးဆုံးခဲ့လေပြီ။ သို့သော် ဝန်ကြီးဌာနအပါအဝင် သင်တန်းဆင်းများအတွက်တော့ မပြီးဆုံးသေးသောခရီးများ ရှိနေပါဦးမည်။ ကျွန်တော့်အတွက်ကော ဘာထူးသေးသနည်း။

ကျွန်တော်တို့အားလုံး အသက်ရှိနေသရွေ့ မပြီးဆုံးသောခရီးများ ဆက်လက်လျှောက်လှမ်း ရွေ့လျားနေရပေဦးမည်။ လားရာကောင်းသောအရွေ့ဖြစ်ဖို့နှင့် ဤအရွေ့၌ ယူသင့်ယူထိုက်၊ ပါသင့်ပါထိုက်သည်များကို တစ်ပါတည်းရွေးချယ်ယူဆောင်သွားနိုင်ဖို့ကတော့ . . . .။

**သတင်းလှလှိုင်**

## အစိမ်းရောင်မေးခွန်းများ (၄)

မေး - ဘယ်ကဏ္ဍတွေမှာ စွမ်းအင်ချွေတာသုံးစွဲရမလဲ။

ဖြေ - စွမ်းအင်ကို အသုံးပြုရတဲ့ကဏ္ဍတိုင်းမှာ ခြိုးခြံချွေတာသုံးစွဲရပါမယ်။ အဓိက ခြိုးခြံချွေတာရမယ့်ကဏ္ဍနှစ်ခုကတော့ လောင်စာဆီသုံးစွဲခြင်းနှင့် လျှပ်စစ်ဓါတ်အားသုံးစွဲခြင်းကဏ္ဍတွေပါ။

မေး - လောင်စာဆီကို ဘယ်လိုချွေတာသုံးစွဲမလဲ။

ဖြေ - လောင်စာဆီလောင်ကျွမ်းမှုကို ပိုမိုအားကောင်းစေခြင်းဖြင့် ခြိုးခြံချွေတာလို့ရပါတယ်။ အပူအလေအလွင့်များမှအပူကိုပြန်လည်အသုံးပြုခြင်း၊ အပူလေလွင့်ဆုံးရှုံးမှုကိုလျော့ချခြင်း၊ အပူဆုံးရှုံးမှုကို ကာကွယ်သောပစ္စည်း (Insulator)၏အပူထိန်းဂုဏ်သတ္တိကိုမြှင့်တင်ခြင်း၊ လောင်စာဆီကို ပိုမိုထိရောက်စွာအသုံးပြုစေခြင်း နည်းတွေနဲ့ လောင်စာဆီကိုခြိုးခြံချွေတာလို့ရပါတယ်။

မေး - လျှပ်စစ်ဓာတ်အားကိုရော ဘယ်လိုချွေတာမလဲ။

ဖြေ - လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ထိန်းချုပ်ခြင်း၊ လျှပ်စစ်အလင်းရောင်သုံးစွဲမှုကို လိုအပ်သလိုထိန်းချုပ်ခြင်းတွေနဲ့ လျှပ်စစ်ဓာတ်ကိုချွေတာလို့ရပါတယ်။ ရိုးရိုးလျှပ်စစ်မီးသီး၊ မီးလုံးတွေနေရာမှာ Energy Saving Lamp တွေ အစားထိုးသုံးစွဲတာဟာ သိသာထင်ရှားတဲ့နည်းလမ်းပါပဲ။ ဓာတ်အားဖြန့်ဖြူးနိုင်စွမ်းတိုးတက်လာစေဖို့ Power Factor ကောင်းအောင်ဆောင်ရွက်ခြင်း၊ ဖိအားမြင့်လေများ လေလွင့်ဆုံးရှုံးမှုမရှိအောင်ပြုလုပ်ခြင်း၊ လိုအပ်တဲ့နေရာတွေမှာ Isolation Valve များတပ်ဆင်ခြင်း၊ ပန်ကာများနှင့် ပန့် (Pump) များတွင် စွမ်းအင်ဆုံးရှုံးမှုလျော့ချနိုင်ရန် Variable Speed Driver များတပ်ဆင်ခြင်း၊ Pump Impeller များအမြဲကောင်းမွန်နေစေခြင်းတွေကလည်း လျှပ်စစ်ဓာတ်အားကို ခြိုးခြံချွေတာရာ ရောက်ပါတယ်။

**ကျော်စည်သူ**


## *The Golden Industrial Journal*

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ

**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ

**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်

**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် – ၀၄၆၅၉
လိပ်စာ – အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ

**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် – ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**စောင်ရေ**
၆၅၅၀

**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန

## မြန်မာ့ရှားပါးသယံဇာတ စပီရူလိုင်းနားစိမ်းပြာရေညှိ ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ဇူလိုင်လ ၁၃ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်ရှိ တွင်းတောင်အင်းသို့ရောက်ရှိပြီး တွင်းတောင်အင်းအခြေအနေ၊ ရေချိုဝင်ရောက်မှုကြောင့် PH ကျဆင်းနေမှု၊ တွင်းတောင်အင်းအတွင်း PH ကျဆင်းမှုကြောင့် ငါးများဝင်ရောက်ပေါက်ဖွားမှု၊ စိမ်းပြာရေညှိထွက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွင်းတောင်အင်းအစည်းအဝေးခန်းမ၌ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့်တွေ့ဆုံပြီး တွင်းတောင်အင်းအတွင်း ရေချိုဝင်ရောက်နိုင်မည့်နေရာများကို ကျောက်စီနံရံများပြုလုပ်ကာရံခြင်း၊ ကန်အတွင်း ပေါက်ပွားနေသည့် တီလားဗီးယားငါးများကို ငါးလုပ်ငန်းဦးစီးဌာနမှ အကြံပြုချက်အတိုင်း ဖမ်းဆီးရှင်းလင်းခြင်း၊ Spirulina များ ကန်အတွင်းမျိုးထည့်မွေးမြူခြင်း၊ PH Level မြင့်တက်စေပြီး သဘာဝ Spirulina များ မျိုးသုဉ်းပျောက်ကွယ်ခြင်း မရှိစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန်နှင့် ထိုကဲ့သို့ဆောင်ရွက်ခြင်းကြောင့် သုံးစွဲကုန်ကျရမည့် ကုန်ကျစရိတ်များကို လေ့လာတွက်ချက်တင်ပြကြပါရန် ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့်အဖွဲ့သည် ရေဘုတလင်မြစ်ရေတင်စီမံကိန်းအတွင်းရှိ ပေ ၆,၅၀၀ မှ ၇,၅၀၀ အထိ ကွန်ကရစ်ရေမြောင်းကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခြင်း၊ ကွန်ကရစ်ရေမြောင်း ပေ ၁,၀၀၀ ထပ်မံဆောင်ရွက်မည့် နေရာကို ကြည့်ရှုလေ့လာခြင်းတို့ပြုလုပ်ကာ ရေမြောင်းပြုလုပ်မည့်နေရာကို ဆွေးနွေးညှိနှိုင်းကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ် (၃) ဆေးဝါးစက်ရုံ (စစ်ကိုင်း) သို့ရောက်ရှိပြီး ဆပွားကန်များမှ Spirulina များထုတ်လုပ်နေမှု၊ အင်းအတွင်းရေချိုဝင်ရောက်မှု၊ အင်းအတွင်းရှိ တီလားဗီးယားငါးများကို ဖမ်းဆီးရှင်းလင်းမှု၊ PH Level မြင့်တက်စေရေး ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## CNC စက်များ၏အားသာချက်များအကြောင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အမှတ် (၂၅) အကြီးစားစက်ရုံ (မြိုင်) မှ အထွေထွေမန်နေဂျာဦးဆောင်သော စီမံကိန်းဌာနမှ တာဝန်ရှိသူများ၊ ဈေးကွက်ရှာဖွေရေးအဖွဲ့ဝင်များသည် ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၃ နာရီတွင် ပခုက္ကူစက်မှုဇုန်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံပြီး CNC စက်များ၏အားသာချက်များနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အထွေထွေမန်နေဂျာက မိမိစက်ရုံ၏သမိုင်းကြောင်း၊ တပ်ဆင်ထားသောစက်အင်အားများ၊ ထုတ်လုပ်သော CNC စက်များ၏ စွမ်းဆောင်နိုင်မှုများ၊ CNC စက်များအသုံးပြု၍ စက်ပစ္စည်းခုတ်စားခြင်း၏ အားသာချက်များ၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများ၊ ဒေသခံပြည်သူများ စက်မှုအတတ်ပညာပြန့်ပွားရေးအတွက် စက်မှုဝန်ကြီးဌာနမှ စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းများကို ပခုက္ကူခရိုင်အတွင်း ဖွင့်လှစ်ဆောင်ရွက်ပေးနေမှုများ၊ ထုတ်လုပ်ပြီး CNC စက်များရောင်းချမည့် အစီအစဉ်များ၊ စက်ရုံမှ လက်ခံဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများအကြောင်းကို Power Point၊ Video Slide များဖြင့် အသေးစိတ်ဆွေးနွေးရှင်းလင်းခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပခုက္ကူ စက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် ၂၀ ဦးစိတ်ဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ GM

## စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) အမှတ်စဉ် (၁) သင်တန်းဆင်း



နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအား တတိယအဆင့် (Third Wave) အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်နယ်/တိုင်းဒေသကြီးများသို့သွားရောက်ခဲ့သည့် Delivery Unit များ၏ဖော်ထုတ်တွေ့ရှိချက်များအရ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်းများတွင် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training Unit) များဖွဲ့စည်းထားရှိကာ ကျေးလက်ဒေသအရောက် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာနကြီးကြပ်မှုအောက်ရှိ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training) အမှတ်စဉ် (၁) သင်တန်းဆင်းအခမ်းအနားကို ဇူလိုင်လ ၁၈ ရက်နေ့ နေ့လယ် ၁၂ နာရီက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ကမ္မစံပြကျေးရွာ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်နည်းပြဆရာများ၊ သင်တန်းသား/သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ပေးအပ်သည်။

ထို့နောက် သင်တန်းဆင်းများ၏ သင်တန်းဆင်းအရည်အသွေး လက်တွေ့ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုအားပေးကာ သင်တန်းဆင်းများနှင့်အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး သင်တန်းဆင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းတွင် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှအတွေ့အကြုံရှိ ကျွမ်းကျင်နည်းပြဆရာများက သံဂဟေဆက်ပညာနှင့် စိုက်ပျိုးရေးသုံး အင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းပညာရပ်တို့ကို စာတွေ့ ၃၀%၊ လက်တွေ့ ၇၀%ဖြင့် နာရီပေါင်း ၈၀ (၁၀ ရက်) ကြာ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ ကမ္မစံပြတိုက်နယ် ကျေးရွာအုပ်စု ၁၄ အုပ်စုမှ လူငယ်စုစုပေါင်း ၄၅ ဦးတက်ရောက်အောင်မြင်ခဲ့ကြသည်။ အဆိုပါ သင်တန်းမှ ထူးချွန်သူများအနေဖြင့် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၌အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏အထောက်အပံ့ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ဖွင့်လှစ်မည့် ကာလတို ၃ လသင်တန်းသို့ အခမဲ့ဆက်လက် တက်ရောက်နိုင်ကြမည်ဖြစ်သည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ စက်မှုနှင့် သက်မွေးပညာရွေ့လျားသင်တန်းများအား ပခုက္ကူခရိုင်၊ မြစ်ခြေတိုက်နယ်နှင့် မြို့မတိုက်နယ်တို့တွင်လည်း ဆက်တိုက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ အလားတူ အခြားပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်ရှိသောဒေသများတွင် စက်မှုညွှန်ကြားရေးဦးစီးဌာန လက်အောက်ခံ စက်မှုသင်တန်းကျောင်း ၆ ခုမှ အလားတူစက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်းများအား ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

သတင်း

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဩစတေးလျနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဩစတေးလျနိုင်ငံ RHI ReFractories Asia Pacific မှ Regional Manager ဖြစ်သူ Mr. Franz Richter ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၂၂ ရက်နေ့ နံနက် ၁၀ နာရီတွင် အစည်းအဝေးခန်းမ၌လာရောက်တွေ့ဆုံပြီး RHI ReFractories Asia Pacific မှ မီးခံအုတ်စက်ရုံများနှင့်ပတ်သက်၍လည်းကောင်း၊ မီးခံအုတ်များနှင့်ဆက်စပ်ပစ္စည်းများဖြစ်သည့် Mixes, Motors နှင့် Functional Products များ၏ အရည်အသွေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တွင် RHI ReFractories Asia Pacific မှထုတ်လုပ်သည့် မီးခံအုတ်နှင့်ဆက်စပ်ပစ္စည်းများ အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ၊ Sojiz Corporation (Tokyo) မှ General Manager ဖြစ်သူ Mr. Yoshizo Hatta ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဝန်ကြီး၏ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တွင် ရင်းနှီးမြှုပ်နှံမှုပြုရေးဆိုင်ရာကိစ္စရပ်များ၊ ရာဘာထုတ်လုပ်မှုလုပ်ငန်းများအတွက် ရာဘာစိုက်ခင်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာတွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ နေ့လယ် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ Japan Onlyone Partnership (J.O.P) Co., Ltd. မှ CEO ဖြစ်သူ Mr. Tsuda Shuji ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ပင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စက်မှုအသက်မွေးပညာသင်တန်းကျောင်းအသစ်ဆောက်လုပ်ရန်အတွက် မြေနေရာဌားရမ်းဆောင်ရွက်ခွင့်နှင့်ပတ်သက်၍လည်းကောင်း၊ စက်မှုသင်တန်းကျောင်းများတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခွင့်အလမ်းများနှင့်ပတ်သက်၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။ တွေ့ဆုံဆွေးနွေးပွဲများ၌ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) ဝါဆိုသင်္ကန်းကပ်



အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) ရှိ ဝန်ထမ်းမိသားစု၏စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအား ဇူလိုင်လ ၁၀ ရက်နေ့တွင်ပြုလုပ်ခဲ့ရာ အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုပြီး အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများက ပင့်သံဃာ ၉ ပါးအား ဝါဆိုသင်္ကန်းကပ်လှူပြီးနောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် စက်ရုံရှိအရာထမ်း၊ အမှုထမ်း ၄၆၀ ဦးတို့အား ကြာဇံဟင်းခါးဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

## သွေးလွန်တုတ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖြန်း



အမှတ် (၁၂) အကြီးစားစက်ရုံ (ထုံးဘို) ၌ သွေးလွန်တုတ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပန်းတောင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဝန်ထမ်းများပူးပေါင်း၍ ဇူလိုင်လ ၆ ရက်နေ့တွင် ခြင်ဆေးဖြန်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာတို့မှဦးဆောင်၍ စက်ရုံဧရိယာအတွင်းရှိ မူလတန်းကြိုကျောင်း၊ ရင်ခွင်ပိုက်၊ စက်ရုံဆေးခန်း၊ အ. ထ. က ဂုံညှင်းတန်းကျောင်း၊ ဖိုးလေးကုန်းမူကြိုကျောင်း၊ ထုတ်လုပ်ရေး (၁) (၂) နှင့် (၃) အလုပ်ရုံတို့အား ခြင်ဆေးဖြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **KS**

## အင်ဒိုနီးရှားနိုင်ငံတွင် အစည်းအဝေးတက်ရောက်

အာဆီယံ-ဂျပန်စီးပွားရေးနှင့်စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကော်မတီ [AMEICC-AEM (Asean Economic Ministers)- METI (Ministry of Economy, Trade and Industry) Economic and Industrial Cooperation Committee] ကကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ဩဂုတ်လ ၄ ရက်နေ့မှ ၅ ရက်နေ့အထိကျင်းပပြုလုပ်သည့် အာဆီယံ-ဂျပန် မော်တော်ယာဉ်ထုတ်ကုန်ဆိုင်ရာ (၁၅) ကြိမ်မြောက် အစည်းအဝေးသို့ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီကျော်နှင့် အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) မှ လက်ထောက် အထွေထွေမန်နေဂျာ ဒေါ်ဝင်းလဲ့လဲ့တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ဗီယက်နမ်နိုင်ငံတွင် အစည်းအဝေးတက်

ဗီယက်နမ်နိုင်ငံတွင် ဇူလိုင်လ ၁၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် (၇) ကြိမ်မြောက်မဲခေါင်-ဂျပန်စက်မှုကဏ္ဍနှင့် ဌာနဆိုင်ရာဆွေးနွေးပွဲနှင့် AMEICC အောက်ရှိ အနောက်-အရှေ့ဖွံ့ဖြိုးရေးလမ်းကြောင်းလုပ်ငန်းအဖွဲ့၏ (၂/ ၂၀၁၄) ကြိမ်မြောက် အစည်းအဝေးသို့ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## စုပေါင်းသန့်ရှင်းရေးပြုလုပ်

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့က ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေရှိ (၁၆) ကုတင်ဆံ့ဆေးရုံဝင်းအတွင်း၌ စက်မှုနယ်မြေရှိ အမှတ် (၁၄၊၁၅၊၂၆) အကြီးစားစက်ရုံများ၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနတို့မှ အရာထမ်း၊ အမှုထမ်းစုစုပေါင်း အင်အား (၇၀၀) ခန့်စုပေါင်း၍ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ စိုက်ပျိုးထားသော ကျွန်း၊ သရက်နှင့် ပန်းအလှပင်များ မြေထောင်မြှောက်ပေးခြင်းလုပ်ငန်းများအား နံနက် ၉ နာရီမှ ၁၀နာရီခွဲအထိ စည်းလုံးပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။



# စက်မှုဝန်ကြီး ဦးမောင်မြင့်အား Oxford Business Group ၊ ထိုင်းနိုင်ငံ K.Bank နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co., Ltd တို့မှ ဂါရဝပြုလာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား Oxford Business Group ၏ Country Director ဖြစ်သူ Ms. Stephanie Harl သည် ဇူလိုင်လ ၁၅ ရက်နေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်အလက်များကို ထည့်သွင်းဖော်ပြရေးသားထားသည့် The Report : Myanmar 2014 စာအုပ်ကိုပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) တွင်အခမ်းအနားနှင့်ဖြန့်ချိခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီး အပါအဝင် ပြည်ထောင်စုဝန်ကြီး အများအပြားတက်ရောက်ချီးမြှင့်ခဲ့ကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေမည့် Report တွင် ထည့်သွင်းရေးသားမည့် စက်မှုကဏ္ဍဆိုင်ရာအချက်အလက်များရရှိရေးလိုအပ်ပါက ကူညီပေးစေလိုကြောင်း၊ မိမိတို့စာအုပ်ကိုဖတ်ခြင်းဖြင့် ပြည်ပလုပ်ငန်းရှင်များမှရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားလာကြကြောင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုကဏ္ဍဘက်မှအားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ Oxford Business Group အနေဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ရေးသားဖော်ပြပေးသဖြင့် နိုင်ငံတကာမှရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်လိုသူများအတွက် များစွာအကျိုးကျေးဇူးရှိပါ၍ ကျေးဇူးတင်ရှိပါကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေမည့် Report နှင့် ပတ်သက်၍ လိုအပ်သောကူညီမှုများပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံ၊ K Bank ၏ Senior Vice President ဖြစ်သူ Mr. Chat Luangarpa ဦးဆောင်သောအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လက်ရှိ SMIDB ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် SMIDB နှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ SMIDB ကို Commercial Bank အဖြစ် လည်ပတ်ရပ်တည်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ဆက်လက်၍ နေ့လယ် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shangdong Puli Construction Engineering Co., Ltd မှ Managing Director ဖြစ်သူ Mr. Liu Jianye ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လာရောက်တွေ့ဆုံပြီး Shangdong Puli Construction Engineering Co., Ltd. အနေဖြင့် စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) ၏အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှုအတွက် လိုအပ်သောကုန်ကြမ်းနှင့်ပစ္စည်းအစိတ်အပိုင်းများ အမြန်ဆုံးပေးပို့ရေး၊ ကျွမ်းကျင်မှုပိုမိုရရှိစေရန် နည်းပညာပိုင်းဆိုင်ရာသင်တန်းများ ပို့ချသင်ကြားပေးနိုင်ရေးစသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲများ၌ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာသီရိလင်္ကာနိုင်ငံ သံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. Handunnethi Rannulu Piyasiri ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၇ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် သံအမတ်ကြီးနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်ဖြစ်သူ Mr. Manjula Weerasekara လိုက်ပါလျက် မြန်မာနိုင်ငံတွင် အထည်အလိပ်စက်ရုံတည်ထောင်ပြီး Wet and Dry Processing Unit များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနပိုင်မြေ (သို့) စက်ရုံမြေနေရာငှားရမ်းနိုင်ရေး၊ နှစ်နိုင်ငံပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြုနိုင်မည့်လုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အနာဂတ်တွင်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီးအား ထိုင်းဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ထိုင်းနိုင်ငံ Knowledge Education Consultant Co., Ltd. မှ ဥက္ကဋ္ဌ Dr. Yattanapan Dhannakosol ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၆ ရက်နေ့ နေ့လယ် ၁ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**ကျောဖုံး မှ -**

စိတ်ပါဝင်စားစွာနားထောင်ပြီး တက်တက်ကြွကြွ ပြန်လည်ဆွေးနွေးကြစေလိုကြောင်း၊ ဆွေးနွေးပွဲမတက်ရောက်နိုင်သော အရာထမ်း/အမှုထမ်းများကိုလည်း ဆက်လက်ဖြန့်ဝေပေးရန်လိုအပ်ကြောင်း၊ သို့မှသာ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ၏ ပြောင်းလဲတိုးတက်မှုအကျိုးရလဒ် (Result) များကို အချိန်တိုအတွင်း ရရှိနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Egress Capacity Development Center မှ ဒေါက်တာကျော်ရင်လှိုင်က Myanmar Politic and Imaging New Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ဦးစောမြင့်မောင်က Bureaucracy in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ထိုနေ့ နံနက်ပိုင်းကပြုလုပ်သော ၂၀၁၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့တက်ရောက်ပြီး သတ်မှတ်နေရာ၌ ကျွန်းပင်ကိုစိုက်ပျိုးပေးကာ ရုံးအမှတ် (၃၀)၊ (၃၇) နှင့် (၄၁) တို့တွင် ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ တမာ၊ ကံ့ကော်နှင့် ပန်းအလှပင် စုစုပေါင်း ၅၅၀ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်

## တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား၊ ၂၀၁၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ ပါဝင်အားပေး



တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၀ ရက်နေ့ နံနက် ၉ နာရီခွဲတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) ရှိ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရသစ်တာဝန်ယူသည့် (၃) နှစ်ကျော် ကာလအတွင်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ပထမအဆင့် (First Wave) ၏ သိသာထင်ရှားသောအကျိုးဆက်အနေဖြင့် နိုင်ငံတကာအလည်တွင် နိုင်ငံတော်အစိုးရအပေါ် ရှုမြင်သော National Image ကို အမြန်ဆုံးမြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေး (Second Wave) အနေဖြင့် မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်၍ ပြည်သူများ၏လူမှုစီးပွားရေးဘဝလိုအပ်ချက်၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခြင်း၊ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ရင်နှီးမြှုပ်နှံမှုများကို အကျိုးရှိရှိပြုပြင်ပြောင်းလဲပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မြေအသုံးချမှုဝါဒနှင့်အစီအမံများထားရှိ၍ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ပေးခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ ကြိုးနီစနစ်များ ဖယ်ရှားခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသားစီမံကိန်းများဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ကဏ္ဍအလိုက်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်အထောက်အကူပြုခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ယခု တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် (၁) အဖြစ် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခြင်းနှင့် တာဝန်သိ တာဝန်ယူလုပ်ကိုင်တတ်မှုအားနည်းခြင်း၊ ဝန်ထမ်းများ၏ စိတ်ဓာတ်ခံယူမှု (Mindset)၊ လုပ်နည်းလုပ်ဟန်ပြုပြင်ပြောင်းလဲစေရန်၊ ရှေ့လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းအဖြေရှာရန်နှင့် ဝန်ထမ်းများ၏အရည်အသွေး (Capacity Building) တိုးတက်စေရန် အတွက်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအတွင်း e-Government လုပ်ငန်းကိုအရှိန်အဟုန်မြှင့် အကောင်အထည်ဖော်လုပ်ကိုင်နိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး (Decentralization) နှင့်နိုင်ငံတော်သမ္မတ လမ်းညွှန်ထားသည့်အတိုင်း ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် (Good Governance) နှင့်သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်အောင် ဝန်ကြီးဌာနအတွင်း အောက်ခြေအဆင့်အထိ အဆင့်အလိုက် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းအဖြေရှာဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနမှတာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းကဏ္ဍများအလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ ခေတ်နှင့်လိုက်လျောညီထွေ စွမ်းဆောင်ရည်ရှိရှိလုပ်ကိုင်နိုင်ရေး၊ အရာထမ်း/အမှုထမ်းများ၏ Capacity Building မြှင့်တင်ရေးသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သွားမှာဖြစ်ကြောင်း၊ လက်ရှိမိမိဝန်ကြီးဌာနတွင် အရာထမ်း/အမှုထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဌာနတွင်း အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်အသီးသီးကို ကျွမ်းကျင်အောင်၊ စွမ်းရည်မြှင့်တင်နိုင်အောင် (Life Long Learning) အမြဲမပြတ်လေ့လာဆည်းပူးနေကြရန်လည်း လိုအပ်ကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပေါင်းစပ်ညှိနှိုင်းအဖြေရှာမှုများအပြင် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း (Evaluation) ကို ဆက်လက် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတွင် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနတွင် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ Mobile Team များဖြင့် ကျေးရွာလူထုထံအရောက် ရက်တိုသင်တန်းများဖွင့်လှစ်ပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသော အရာထမ်း/အမှုထမ်းများအနေဖြင့် နိုင်ငံတော်၏တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့်ပတ်သက်၍

**စာမျက်နှာ ၁၉ သို့ -**



**ဒေါက်တာကျော်ရင်လှိုင်**
**Myanmar Politic and Imaging New Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားစဉ်**